1.9.62

# ၁၉၆၂ ခုနှစ်၊ အာဇာနည်ဗိမာန် အက်ဥပဒေ ရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁။][1]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ အာဇာနည်ဗိမာန် အက်ဥပဒေ ရုပ်သိမ်းသည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။(က) ၁၉၄၉ ခုနှစ်၊ အာဇာနည်ဗိမာန်အက်ဥပဒေကိုဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(၁) မြန်မာနိုင်ငံယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။

(၂) အာဇာနည်ဗိမာန်ထိန်းသိမ်းရေးအဖွဲ့ပိုင်ပစ္စည်းအားလုံးသည်၎င်း၊ ထိုအဖွဲ့၏ကြွေးမြီတာဝန်အားလုံးသည်၎င်း၊အစိုးရ၌တည်ရှိသက်ရောက်ရမည်။

[1] အဘိုး—၁၀ ပြား]

ပုံ ၁။မ၊ဗ၊စ၊—အမှတ် ၁၀၃၊ တရားရေးဌာန၊ ၄-၆-၆၂—၂,၃၂၂—၂။

# ၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ပြင်သည့်ဥပဒေ

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေ ပုဒ်မ ၄ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၄-က အဖြစ်ထည့်သွင်းရမည်။

" ၄-က။ ။(၁) ဤအက်ဥပဒေ အခြားနေရာများတွင်မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌက၊ နိုင်ငံတော်၏ အကျိုးအတွက်လိုအပ်သည်ဟုထင်မြင်ယူဆလျှင်၊ နိုင်ငံသားဆရာဝန်များသည်၊ အသက်အရွယ်မရွေး မည်သည့်အချိန်အခါမဆို မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရန် ဆင့်ခေါ်ခြင်းခံထိုက်စေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ဆင့်ခေါ်ခြင်းခံရသော နိုင်ငံသားဆရာဝန်များသည်၊ မိမိတို့စတင်ဝင်ရောက် အမှုထမ်းရွက်သည့်နေ့ရက်မှ ၂ နှစ်မျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့်ပြင် အစိုးရကအလိုရှိပါက နောက်ထပ် တနှစ်ဆက်လက်၍လည်း အမှုထမ်းရွက်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ဆင့်ခေါ်ခြင်းခံရသောနိုင်ငံသားဆရာဝန်များမှာ ဤအက်ဥပဒေအရ စစ်မှုထမ်းရဘိသကဲ့သို့ တာဝန်ရှိရမည့်ပြင်၊ အလုပ်အကိုင်ကို ကာကွယ်စောင့်ရှောက်ထားသည့် အခွင့်အရေးအားလုံးကိုလည်းရရှိရမည်။ "

အဖိုး—၁၀ ပြား ]
မ၁၂၆၂—အမှတ် ၁၉၁၂ တရားရေးဌာန၊ ၅-၆-၆၂—၂၃၂၂—၂။

# ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီဥပဒေအမှတ် ၃။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ရန်ကုန် တက္ကသိုလ် အက်ဥပဒေ (The University of Rangoon Act) ကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။

(ခ) ရန်ကုန် တက္ကသိုလ်ပိုင် ပစ္စည်း အားလုံးသည်၎င်း၊ ရန်ကုန်တက္ကသိုလ်၏ ကြွေးမြီတာဝန်အားလုံးသည်၎င်း အစိုးရ၌တည်ရှိသက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင်အာဏာတည်သည့် အချိန်မှအစပြု၍၊ နိုင်ငံတော် တော်လှန်ရေးအစိုးရသည်၊ ရန်ကုန်တက္ကသိုလ်အား၊ အဆိုပါ ရုပ်သိမ်းခြင်းခံရသော ရန်ကုန်တက္ကသိုလ်အက်ဥပဒေဖြင့်ပေးအပ်ထားသည့် အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

အဘိုး—၁၀ ပြား]
ပ၊မ၊ဗ၊စ၊—အမှတ် ၁၉၆၊ တရားရေးဌာန၊ ၂၁-၆-၆၂—၂,၃၂၂—၂၃။

# ၁၉၆၂ ခုနှစ်၊ မန္တလေးတက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ မန္တလေးတက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ်အက်ဥပဒေကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ—

(က) မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ရမည်။

(ခ) မန္တလေး တက္ကသိုလ်ပိုင် ပစ္စည်းအားလုံးသည်၎င်း၊ မန္တလေးတက္ကသိုလ်၏ကြွေးမြီတာဝန်အားလုံးသည်၎င်း အစိုးရ၌တည်ရှိသက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင်အာဏာတည်သည့် အချိန်မှအစပြု၍ နိုင်ငံတော်တော်လှန်ရေးအစိုးရသည်၊ မန္တလေးတက္ကသိုလ်အား၊ အဆိုပါ ရုပ်သိမ်းခြင်းခံရသော ၁၉၅၇ ခုနှစ်၊ မန္တလေးတက္ကသိုလ် အက်ဥပဒေဖြင့် ပေးအပ်ထားသည့်အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက် သုံးစွဲဆောင်ရွက်ရမည်။

အဟိုး—၁၀ ပြား]
ပ၊မ၊ဗ၊စ၊—အမှတ် ၁၉၇၊ တရားရေးဌာန၊ ၂၁-၆-၆၂—၂,၃၂၂--၂၊

# ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၆ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၆-က အဖြစ်ထည့်သွင်းရမည်။

''၁၆-က။ ။(၁) ဤအက်ဥပဒေအခြားနေရာများတွင်ပါရှိသည့်ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ—

ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြား လက်မှတ်ရရှိသူတိုင်း ကျန်းမာရေးဌာန၊ ညွန်ကြားရေးဝန်ရုံးရှိ ဆရာဝန်အမည်စာရင်းတွင် အမည် တင်သွင်းခြင်း။

(က) ဆေးပညာဘွဲ့ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြား လက်မှတ် ရရှိသူတိုင်းသည်၊ ဆရာဝန် အမည်စာရင်းတွင် အမည်တင် သွင်း ရန် ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန် ထံသို့ လျှောက်ထားရမည်။

(ခ) ၁၉၆၀ ပြည့် နှစ်၊ မတ်လ ၁ ရက်နေ့ထက်စော၍ အောင်လက်မှတ်ရပြီးသူများကို၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက် နောက်ကျ၍ အောင်လက်မှတ်ရသူများအနက်—

(ကက) ကျန်းမာရေးဌာနက အသိအမှတ်ပြုသည့် ဆေးရုံတခုခုတွင်အနည်းဆုံး တနှစ်မျှ လက်တွေ့သင်ကြားပြီးသူကို၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ခခ) ကျန်ရှိသောသူများကို၊ ဆေးရုံတခုခု၌တနှစ်မျှလက်တွေ့သင်ကြားရန်၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်က ညွှန်ကြားရမည်။ သက်ဆိုင်ရာ ဆေးရုံအုပ်ချုပ်သူထံမှ တနှစ်မျှ ကြေနပ်စွာ လက်တွေ့ သင်ကြားပြီးကြောင်း ထောက်ခံချက်ရမှသာလျှင်၊ ထိုကျန်ရှိသော သူများကို

အဘိုး— ၁၀ ပြား]

ဆရာဝန် အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(၂) မည်သူမျှကျန်းမာရေးဌာန၊ညွှန်ကြားရေးဝန်ရုံးက ထုတ်ပေးသော မှတ်ပုံတင် လက်မှတ်မရှိလျှင်၊ ဆေးကုသခြင်းလုပ်ငန်း မလုပ်ကိုင်ရ။

(၃) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊ နှစ်နှစ်မှ ငါးနှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

(၄) နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ဤပုဒ်မပါပြဋ္ဌာန်းချက်များ အထမြောက်စေရန် နည်းဥပဒေများပြုနိုင်သည်။''

ပါမဖါစါ—အမှတ်၊ ၁၉၉၊ တရားရေးဌာန၊ ၂၉-၆-၆၂—၂၃၂၂ + ၅၀—၂၈

# ၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၆။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၃၁၂ (၁၉၅၀) ခုနှစ်၊ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေတွင်၊ ပုဒ်မ ၅ နှင့် ၁၁ တို့ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၅ နှင့် ၁၁ တို့ကို ပယ်ဖျက်ခြင်းကြောင့်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့များ၏၊ အဆိုပါအက်ဥပဒေအရ ဆောင်ရွက်မှုများရပ်စဲသွားစေကာမူ၊ နိုင်ငံတော် တော်လှန်ရေးအစိုးရက အခြားနည်းညွှန်ကြားခြင်းမပြုသေးသမျှ၊ ထိုအဖွဲ့များပိုင်သည့် ပစ္စည်းအားလုံးသည်၊ ၎င်းတို့၌တည်ရှိမြဲတည်ရှိရမည့်ပြင်၊ ထိုအဖွဲ့များ၏ ကြွေးမြီတာဝန် အားလုံးသည်လည်း၊ ၎င်းတို့အပေါ်သက်ရောက်မြဲသက်ရောက်ရမည်။

၄။ ။(၁) နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကဖြစ်စေ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ကဖြစ်စေ အဆိုပါအက်ဥပဒေအရ ဆောင်ရွက်ခဲ့သောလုပ်ငန်းဆောင်တာအဝဝနှင့်၎င်း၊ ထိုအဖွဲ့ကထားရှိသော စာရင်းအင်းအားလုံးနှင့်၎င်း၊ ထိုအဖွဲ့ပိုင်ပစ္စည်းအားလုံးနှင့်၎င်း၊ ထိုအဖွဲ့၏ကြွေးမြီတာဝန်အားလုံးနှင့်၎င်း စပ်လျဉ်း၍ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုပြုရန်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မီတီတခုကိုခန့်ထားလိုက်သည်။

(က) ဦးလွန်းဘော်၊ ဥက္ကဋ္ဌ၊ ရာထူးဝန်အဖွဲ့—ကော်မီတီဥက္ကဋ္ဌ။

(ခ) ဦးဘခင်၊ ကုန်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်နှင့် နိုင်ငံတော် တော်လှန်ရေးအစိုးရ စာရင်းနှင့်စာရင်းကိုင်သင်တန်းကျောင်းအုပ်ကြီး။

(ဂ) ဦးလှမောင်၊ ဒုတိယညွှန်ကြားရေးဝန်၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်။

(ဃ) ဦးပါလွင်၊ ဒေသန္တရရုံးပုံငွေစာရင်းစစ်ဝန်။

(၂) ကော်မီတီသည်၊ ၁၉၅၀ ပြည့်နှစ်၊ စုံစမ်းရေးကော်မီတီများ အက်ဥပဒေအရ ခန့်ထားသောကော်မီတီဖြစ်သည်ဟု မှတ်ယူရမည်။

၅။ ။စုံစမ်းစစ်ဆေးမှု ဆုံးခန်းတိုင်ရောက်သည့်အခါ၊ ကော်မီတီက၊ မိမိတွေ့ရှိသော အချက်များနှင့် ထောက်ခံချက်များကို စာဖြင့်ရေးသား၍၊ နိုင်ငံတော် တော်လှန်ရေးအစိုးရထံသို့ အစီရင်ခံရမည်။

အဘိုး—၁၀ ပြား]

ပ၁မ၆၁၀—အုပ် ၂၀၀၊ တရားရေးဌာန၊ ၂၆-၆-၆၂—၂,၃၂၂—၂။

# ၁၉၆၂ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၇။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၇၂ ကိုပယ်ဖျက်ရမည်။

အဘိုး—၁၀ ပြား။

ပ၊မ၊ဗ၊စ၊—အမှတ် ၂၀၁၊ တရားရေးဌာန၊ ၂၆-၆-၆၂—၂,၃၂၂—၂။

# ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေကို ဒုတိယအကြိမ် ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ဂ။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၂၇ အစား၊ အောက်ပါကို ပုဒ်မ ၂၇ အဖြစ်ထည့်သွင်းရမည်။

"၂၇။ ။(၁) မည်သူမဆို၊ မှတ်ပုံဝင် ဆရာဝန် မဟုတ်ဘဲလျက် မှတ်ပုံဝင် ဆရာဝန်ယောင်ဆောင်လျှင်၊ ထိုသို့အယောင်ဆောင်ခြင်းကြောင့်လူတဦးတယောက်အလိမ်ခံရသည်ဖြစ်စေ၊မခံရသည်ဖြစ်စေ၊ ငါးနှစ်မှ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

ပြစ်ဒဏ်များ။

(၂) မည်သူမဆို၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၃) ပါပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်၊ ငါးနှစ်မှဆယ်နှစ်ထိအလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။"

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၀ ကိုပယ်ဖျက်ရမည်။

အဘိုး—၁၀ ပြား]
ပ၊မ၊ဗ၊စ၊—အမှတ် ၂၀၃၊ တရားရေးဌာန၊ ၂၆-၆-၆၂—၂,၃၂၂-—၂။

## THE BURMA MEDICAL DEGREES ACT AMENDING LAW, 1962.

[THE REVOLUTIONARY COUNCIL LAW NO. 9 OF 1962.]

The Chairman of the Revolutionary Council makes the following Law :—

1. (*1*) This law may be called the Burma Medical Degrees Act Amending Law, 1962.

(*2*) It shall come into force at once.

2. *For* section 5 of the Burma Medical Degrees Act, hereinafter referred to as the said Act, the following *shall be substituted* as section 5, namely :—

Contravention of section 4.

"5. Whoever contravenes the provisions of section 4 shall be punished with rigorous imprisonment which may extend from five to ten years, and shall also be liable to fine and, if the person so contravening is an association, every member of such association, who knowingly and wilfully authorises or permits the contravention shall be punished with rigorous imprisonment which may extend from five to ten years, and shall also be liable to fine."

3. *For* section 6 of the said Act, the following *shall be substituted* as section 6, namely :—

Penalty for falsely assuming or using medical titles.

"6. Whoever voluntarily and falsely assumes or uses any title or description or any addition to his name implying that he is qualified to practise Western medical science shall be punished with rigorous imprisonment which may extend from five to ten years, and shall also be liable to fine."

4. Section 7 of the said Act *shall be deleted.*

**Price—19 pyas]**

G.U.B.C.P.O —No. 204. M. of J.A.26 -6-62—2,322—II.

# ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၀။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ် ထည့်သွင်းရမည်။

> " ၄။ ။အဖွဲ့တွင် နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကခန့်ထားသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်လူကြီးများပါဝင်ရမည်။ "

အဘိုး—၁၀ ပြား]

ပ၊မ၊ပ၊စ၊—အမှတ် ၂၀၉၊ တရားရေးဌာန၊ ၂၀-၇-၆၂—၂,၃၂၂ + ၂၀၀—၂။

# ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၁။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဉက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင်ပါရှိသည့်—

(က) " တရားလွှတ်တော်ချုပ် " ဆိုသည့် စကားရပ်အစား၊ " နိုင်ငံတော် တရားရုံးချုပ် "၊

(ခ) " နိုင်ငံတော်တရားဝန်ကြီးချုပ် " ဆိုသည့် စကားရပ်အစား၊ " နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ် "၊

(ဂ) " တရားလွှတ်တော်ချုပ် တရားဝန်ကြီး " နှင့် " တရားလွှတ်တော် တရားဝန်ကြီး " ဆိုသည့် စကားရပ် အသီးသီးအစား၊ " နိုင်ငံတော် တရားရုံးချုပ်တရားသူကြီး "

ဆိုသည့်စကားရပ်တို့ကို ထည့်သွင်းရမည်။

၃။ ။ယခင်စစ်ဘက်အယူခံတရားရုံးတွင် မပြီးပြတ်ဘဲ ကျန်ရှိနေမသေးသော အယူခံမှုများကို၊ ဤဥပဒေပုဒ်မ ၂ ဖြင့် ပြင်ထားသော ၁၉၅၉ ခုနှစ်၊ ဟပ်မတော် အက်ဥပဒေပုဒ်မ ၂၁၁ အရ၊ ဖွဲ့စည်းသည့် စစ်ဘက်အယူခံတရားရုံးက၊ မိမိစတင် ကြားနာစစ်ဆေးဘိသကဲ့သို့ ဆက်လက်ကြားနာစစ်ဆေးရမည်။

အုံဘိုး—၁၁ ပြား]
ပ၊ငုံ၊မ၊စ—အမှတ် ၂၁၀၊ တရားရေးဌာန၊ ၂၀-၇-၆၂—၂,၃၂၂ + ၂—၂။

# ၁၉၆၂ ခုနှစ်၊ ကူးတို့အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၂။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ကူးတို့ အက်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ကူးတို့အက်ဥပဒေပုဒ်မ ၁၅ တွင် ''သော်၎င်း၊ ပြည်သူ့ကူးတို့နယ်နိမိတ်များအတွင်း၊ သို့တည်းမဟုတ် ထိုနယ်နိမိတ်များမှ တမိုင်အတွင်းကျရောက်သော အမှတ်တခုနှင့် မကျရောက်သော အမှတ်တခုစပ်ကြားတွင်သော်၎င်း၊'' ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

အဘိုး—၁၀ပြား]
ပါမ၊ဗ၊စ၊—အမှတ် ၂၁၄၊ တရားရေးဌာန၊ ၂၁-၈-၆၂—၂,၃၂၂—၂၊

# THE FERRIES ACT AMENDING LAW, 1962.

[THE REVOLUTIONARY COUNCIL LAW No. 12 OF 1962.]

The Chairman of the Revolutionary Council makes the following Law:—

1. (*1*) This Law may be called the Ferries Act Amending Law, 1962.

(*2*) It shall come into force at once.

2. In section 15 of the Ferries Act, the words "or between points either of which is within, or within one mile from, the limits of a public ferry" *shall be deleted*.

**Price,—10 pyas]**

G.U.B.C.P.O.—No. 215, M. of J.A., 21-8-62—2,322—II.

## THE RANGOON CITY CIVIL COURT ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 13 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Rangoon City Civil Court Act Amending Law, 1962.

(*2*) It shall come into force at once.

2. In section 13 of the Rangoon City Civil Court Act, ***for*** the expression "rupees ten thousand" the expression "fifty thousand kyats" *shall be substituted.*

3. On the coming into force of this Law all suits of a civil nature pending before the Chief Court of Burma the amount or value of whose subject matter does not exceed fifty thousand kyats shall be deemed to have been transferred to the Rangoon City Civil Court under section 24 of the Code of Civil Procedure for trial or disposal.

အဘိုး—၁၀ ပြား]
ပ၊မ၊ဗ၊စ၊—အမှတ် ၂၂၂၊ တရားရေးဌာန၊ ၁၃-၇-၆၂—၂၃၂၂ + ၂။

# ၁၉၆၂ ခုနှစ်၊ တရားရုံးများအက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဉက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ တရားရုံးများအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၁၉၅၀ ပြည့်နှစ်၊ တရားရုံးများအက်ဥပဒေပုဒ်မ ၄ ကိုပယ်ဖျက်ရမည်။

(၂) ယင်းသို့ ပယ်ဖျက်သည့်အခါ၊ နိုင်ငံတော်တရားရုံးချုပ်တွင် မပြီးပြတ်သေးဘဲကျန်ရှိနေသော ရာဇဝတ်အယူခံမှုအားလုံးသည်၊ သက်ဆိုင်ရာစက်ရှင်တရားရုံးသို့ လွှဲပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အဘိုး—၁၁ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၂၅၃၊ တရားရေးဌာန၊ ၃၃-၈-၆၂—၂၃၂၂+၂။

# ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၁၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ အထူး ရာဇဝတ်ရုံးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်း အရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) '' အထူးရာဇဝတ်ရုံး '' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းသည့်အထူးရာဇဝတ်ရုံးကိုဆိုလိုသည်။

(ခ) '' ဇယားဝင်ပြစ်မှု '' ဆိုသည်မှာ၊ ဤဥပဒေပါ ဇယားတွင် သီးခြားဖေါ်ပြထားသည့်ပြစ်မှု တခုခုကိုဆိုလိုသည်။

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သည်၊မိမိသင့်တော်မည်ထင်သည့် အရေအတွက်အထိ အထူးရာဇဝတ်ရုံးများကို၊ အမိန့်ကြော်ငြာစာဖြင့်၊ အခါအားလျော်စွာ ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အသစ်ပြန်လည် ဖွဲ့စည်းနိုင်သည်။ မည်သည့်အထူးရာဇဝတ်ရုံးကို၊ မည်သည့်အရပ်ဒေသအတွက် ဖွဲ့စည်းထားကြောင်း အမိန့်ကြော်ငြာစာဖြင့် သီးခြားဖေါ်ပြနိုင်သည်။

(၂) အထူးရာဇဝတ်ရုံးတွင်၊ နာယကတဦးနှင့်အခြား အဖွဲ့ဝင်နှစ်ဦးပါဝင်ရမည်။

၄။ ။(၁) အထူးရာဇဝတ်ရုံးသည်၊ တည်ဆဲ တရားဥပဒေအရပြစ်ဒဏ်စီရင်နိုင်သည့် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာစီရင်နိုင်သည်။

(၂) အထူးအားဖြင့် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးရာဇဝတ်ရုံးမှာ၊ ဤဥပဒေပါ ဇယားဝင်ပြစ်မှုများကိုစစ်ဆေးကြားနာစီရင်ရန်အာဏာရှိရမည်။

(၃) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊တဦးတယောက်သောသူသည်၊ မိမိကျူးလွန်သည့် ဇယားဝင်ပြစ်မှု တခုခုအတွက်အထူးရာဇဝတ်ရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ အောက်ပါအချိုးအစားအတိုင်း ပြစ်ဒဏ်ထိုက်သင့်စေရမည်။

(က) သေဒဏ်။

(ခ) နှစ်အကန့်အသတ်မရှိသောတသက်တကျွန်းဒဏ်။

(ဂ) သုံးနှစ်အောက် မလျော့သော အလုပ်ကြမ်းနှင့် ထောင်ဒဏ်၊ သို့တည်းမဟုတ် သုံးနှစ်အောက် မလျော့သော အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ်။

(၄) အထူးရာဇဝတ်ခုံးက ဇယားဝင်ပြစ်မှုတခုခုကို စစ်ဆေးကြားနာစီရင်ရာတွင်၊ တရားခံအပေါ် ထိုပြစ်မှုဖြင့် စွဲချက်မတင်မီဖြစ်စေ၊ စွဲချက်တင်ပြီးနောက်ဖြစ်စေ တရားခံသည်၊ ဇယားဝင်ပြစ်မှုမဟုတ်သည့် အခြားပြစ်မှုတခုကို ကျူးလွန်သည်ဟုသက်သေခံ၌ ပေါ်ပေါက်ခဲ့လျှင်၊ ထိုတရားခံကို၊ ထိုအခြားပြစ်မှုအတွက် သက်ဆိုင်ရာ တရားဥပဒေနှင့်အညီ ပြစ်မှုထင်ရှားစီရင်နိုင်သည်။

(၅) ပြစ်မှုတခုခုသည်၊ ဇယားဝင်ပြစ်မှုဟုတ် မဟုတ်ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ အထူးရာဇဝတ်ခုံး၏ ဆုံးဖြတ်ချက်သည်၊အပြီးအပြတ် အတည်ဖြစ်စေရမည်။

၅။ ။မည်သူမဆို၊ဇယားဝင်ပြစ်မှုတခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင်၊ သို့တည်းမဟုတ် ကျူးလွန်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင်၊ အဆိုပါပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကိုခံစေရမည်။

၆။ ။(၁) အထူးရာဇဝတ်ခုံးသည်၊ ပြစ်မှုတခုခုကို ရဲအရာရှိက တင်သွင်းသောထိုပြစ်မှုဖြစ်မြောက်စေသည့် အကြောင်းခြင်းရာ တိုင်ချောက်ချက်ကို၊ သို့တည်းမဟုတ် အစီရင်ခံစာကို ရရှိသောအခါ၊ အရေးယူနိုင်သည်။

(၂) အထူးရာဇဝတ်ခုံးမှာ၊ တရားခံကို စစ်ဆေးကြားနာစီရင်ရန်လွှဲအပ်တင်ပို့ခြင်းမရှိဘဲ၊ ဤဥပဒေအရ ပြစ်မှုများကို အရေးယူနိုင်ခွင့်ရှိသည်။ ထို့ပြင်အထူးရာဇဝတ်ခုံးသည်၊ ဤဥပဒေအရ၊ ပြစ်မှုများကို စစ်ဆေးကြားနာစီရင်ရာ၌၊ ရာဇဝတ်တရားသူကြီးများက၊ ဝရမ်းမှုကို စစ်ဆေးကြားနာစီရင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေတွင် သတ်မှတ်သည့်စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာရမည်။

**ခြွင်းချက်။** ။သို့ရာတွင်—

(က) အထူးရာဇဝတ်ခုံးက၊ တော်တည့်မှန်ကန်စွာ တရားစီရင်ရန်အလို့ငှါ၊ အမှုစစ်ဆေးကြားနာစီရင်ခြင်းကို ရွှေ့ဆိုင်းရန်လိုမည်မဟုတ်ဟုထင်မြင်လျှင်၊ အထူးရာဇဝတ်ခုံးမှာ၊ မည်သည့်ကိစ္စအတွက်မျှအမှုစစ်ဆေးကြားနာခြင်းကို ရွှေ့ဆိုင်းရန် တာဝန်မရှိစေရ။

(ခ) သက်သေတဦး၏ ထွက်ဆိုချက်သည်၊ အရေးပါအရာရောက်လိမ့်မည်မဟုတ်ဟုအထူးရာဇဝတ်ခုံးက ကြေညာလျှင်၊ ထိုသက်သေကိုမဆင့်ခေါ်လိုငြင်းဆိုနိုင်သည်။

(၃) အထူးရာဇဝတ်ခုံး၏အဖွဲ့ဝင်များအချင်းချင်းသဘောကွဲလွဲသည့်အခါ၊ အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်အတိုင်း ဆုံးဖြတ်ရမည်။

၇။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ အခြားနည်းမညွှန်ကြားလျှင်၊ အထူးရာဇဝတ်ခုံးသည်၊ မိမိသတ်မှတ်သည့် နေရာနှင့်အချိန်တွင်ခုံးထိုင်နိုင်သည်။

(၂) အထူးရာဇဝတ်ခုံး၏အဖွဲ့ဝင်တဦးဦးမှာ၊အမှုတခုခုကို ဆက်လက်ကြားနာစစ်ဆေးခြင်းမပြုနိုင်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ ထိုအဖွဲ့ဝင်အစား၊ အခြားပုဂ္ဂိုလ်တဦးကို၊ အထူး

ရာဇဝတ်ရုံး အဖွဲ့ဝင်အဖြစ်ခန့်ထားနိုင်သည်။ ထိုသို့ခန့်ထားလျှင်၊ ထိုပုဂ္ဂိုလ်ကို၊ အမှုစတင် စစ်ဆေးသည့်အချိန်မှစ၍ ခန့်ထားဘိသကဲ့သို့၊ အမှုကိုအထူးရာဇဝတ်ရုံးက ဆက်လက်စစ်ဆေးကြားနာစီရင်နိုင်သည်။

(၃) ဤဥပဒေတွင်အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး၊ အထူးရာဇဝတ်ရုံးသည်၊ မူလစီရင်ပိုင်ခွင့်အာဏာရှိသည့် စက်ရှင်တရားရုံး ဖြစ်ဘိသကဲ့သို့မှတ်ယူရမည်။

ဂ။ ။အထူးရာဇဝတ်ရုံးက တရားစီရင်ရာတွင်၊ မှန်ကန်၍တရားမျှတမှုရှိစေရန်၊ အထူးဥပဒေအရာရှိ တဦးပါဝင်စေနိုင်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရသည်၊ သင့်တော်သူတဦးဦးအား၊ အထူးဥပဒေအရာရှိအဖြစ်ခန့်ထားနိုင်သည်။ ထိုအထူးဥပဒေအရာရှိ၏အာဏာနှင့်တာဝန်ဝတ္တရားများမှာနည်းဥပဒေများဖြင့်ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။

၉။ ။(၁) တရားခံတဦးဦးသည်၊ သို့တည်းမဟုတ် တရားခံများသည်၊ မကျန်းမာခြင်းကြောင့်သော်၎င်း၊ အခြားအကြောင်းတခုခုကြောင့်သော်၎င်း၊ အထူးရာဇဝတ်ရုံးသို့မလာရောက်နိုင်လျှင်၊ တရားခံအတွက်လိုက်ပါ ဆောင်ရွက်သည့်ရှေ့နေရှိလျှင်၊ အထူးရာဇဝတ်ရုံးက၊ ထိုတရားခံကိုယ်တိုင် ရုံးရှေ့မတက်ရောက်ဘဲ နေခွင့်ပြုနိုင်သည့်ပြင်၊ ထိုတရားခံမျက်ကွယ်တွင်လည်း အမှုကိုစစ်ဆေးကြားနာစီရင်နိုင်သည်။

(၂) အထူးရာဇဝတ်ရုံးသည်၊ တရားလိုဘက်မှတင်ပြသော သက်သေများ အနက်အချို့ကိုစစ်ဆေးပြီးသည့်အခါ၊ လိုအပ်လျှင်တရားခံအားစစ်ဆေးပြီးသည့်အခါ၊ ပြစ်မှုကိုတရားခံက ကျူးလွန်ကြောင်းထင်မှတ်ရန် အကြောင်းရှိမည်ဟု ထင်မြင်လျှင်၊ တရားခံအပေါ်၌ စာဖြင့်ရေးသား၍ စွဲချက်တင်ရမည်။

(၃) ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၄၉၈ ပါပြဋ္ဌာန်းချက်များသည်၊ အထူးရာဇဝတ်ရုံးရှေ့တွင်ရောက်ရှိနေသည့်အမှုများနှင့်မသက်ဆိုင်စေရ။

(၄) ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၅၂၆ နှင့် ၅၂၈ ပါပြဋ္ဌာန်းချက်များသည်၊ အထူးရာဇဝတ်ရုံးက စစ်ဆေးကြားနာစီရင်သည့်အမှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ ။(၁) အထူးရာဇဝတ်ရုံးသည်၊ ပုဒ်မ ၄၊ သို့တည်းမဟုတ် ပုဒ်မ ၅ အရ၊ ပြစ်မှုတခုခုအတွက် မိမိပြစ်ဒဏ် ချမှတ်လိုက်သည့်အမှုတိုင်းနှင့်စပ်လျဉ်း၍အမှုတွဲကို၊ ဤကိစ္စအလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားမည့်အတည်ပြုအာဏာပိုင်ထံပေးပို့၍ အတည်ပြုချက်ရယူရမည်။ အထူး ရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်သည်၊ ပုဒ်မခွဲ (၃) ပါ ပြဋ္ဌာန်းချက်အတိုင်း အတည်မပြုမခြင်း မခိုင်လုံစေရ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အထူးရာဇဝတ်ရုံး၏ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို စိစစ်အတည်ပြုရန် ပုဂ္ဂိုလ်သုံးဦးပါဝင်သော "အတည်ပြုအာဏာပိုင်" ကို၊ မိမိသင့်တော်မည်ထင်သည့် အရပ်ဒေသအတွက် အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အသစ်ပြန်လည်ဖွဲ့စည်းနိုင်သည်။

(၃) အတည်ပြုအာဏာပိုင်သည်၊ ပြစ်မှုတခုခုအတွက်၊အထူးရာဇဝတ်ရုံးက ပုဒ်မ ၄၊ သို့တည်းမဟုတ် ပုဒ်မ ၅ အရ၊ ချမှတ်သည့်ပြစ်ဒဏ်တခုခုကို၊ အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် လျှော့နိုင်သည်၊ သို့တည်းမဟုတ် လွတ်ငြိမ်းသက်သာခွင့်ပြုနိုင်

သည်။ ထို့ပြင် အတည်ပြုအာဏာပိုင်သည်၊ အထူးရာဇဝတ်ရုံး၏ အပြစ်ရှိသည်ဆို သည့်ဆုံးဖြတ်ချက်အစား၊ ဆုံးဖြတ်ချက် အသစ်တခုကို ချမှတ်နိုင်၍၊ ထိုဆုံးဖြတ်ချက် အသစ်တွင် သီးခြားဖေါ်ပြသည့် ပြစ်မှုအတွက်သော်၎င်း၊ ထိုဆုံးဖြတ်ချက်အသစ်တွင် ပေါ်လွင်သည့် ပြစ်မှုအတွက်သော်၎င်း ပြစ်ဒဏ်ချမှတ်နိုင်သည်၊ သို့တည်းမဟုတ် ထို အမှု၏အဖြစ်အပျက်ကြောင်းခြင်းရာများနှင့် သင့်လျော်မည့် အခြားညွှန်ကြားချက်တရပ် ကိုလည်း ပြုလုပ်နိုင်သည်။

ရာဇဝတ်ကျင့်ထုံးကိုဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ၊ ဤပုဒ်မအရ အတည် ပြုပြီးသော အထူးရာဇဝတ်ရုံး၏အမိန့်ကို၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် အတိုင်းထုတ်ပြန်ကျေညာရမည်။

(၄) ပုဒ်မခွဲ (၃) အရ ချမှတ်သည့်ပြစ်ဒဏ်သည်၊ ပြစ်ဒဏ်ချမှတ်ချက်အသစ် တခုဖြင့်အစားထိုးခြင်းခံရသော ပြစ်ဒဏ်ထက်မပိုစေရ၊ သို့တည်းမဟုတ် ပြစ်ဒဏ်များ အချိုးအစားတွင်၊ ထိုအစားထိုးခြင်းခံရသော ပြစ်ဒဏ်ထက်မမြင့်စေရ။

(၅) မည်သည့်အမှုသည်မှာမျှ အတည်ပြုအာဏာပိုင်ရှေ့တွင် ကိုယ်တိုင်ဖြစ် စေ၊ ရှေ့နေဖြင့်ဖြစ်စေ လျှောက်လဲနိုင်ခွင့်မရှိစေရ။ သို့ရာတွင် အတည်ပြုအာဏာပိုင် သည်၊ မိမိသင့်တော်သည်ဟုထင်မြင်လျှင်၊ အမှုသည်ကိုသော်၎င်း၊ ရှေ့နေကိုသော် ၎င်း ကြားနာနိုင်သည်။

၁၁။ ။(၁) အထူးရာဇဝတ်ရုံးက စစ်ဆေးကြားနာစီရင်သည့် အမှု တခုခုတွင်သေဒဏ်ချမှတ်၍ အတည်ပြုအာဏာပိုင်ကအတည်ပြုလျှင်၊ ထိုသေဒဏ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်တရားရုံးချုပ်၏အတည်ပြုချက်ကိုရယူရမည်။

(၂) အထူးရာဇဝတ်ရုံးကစီရင်သည့်အမှုများတွင်၊အတည်ပြုအာဏာပိုင်က အတည်ပြုပြီးသော ၇ နှစ်နှင့် ၇ နှစ်ထက် ပိုသောထောင်ဒဏ်၊ သို့တည်းမဟုတ် သေဒဏ်ချမှတ်သည့်အမှုများကိုသာ နိုင်ငံတော် တရားရုံးချုပ်သို့ အယူခံဝင်နိုင်သည်။ အခြားအမှုများတွင်အယူခံဝင်နိုင်ခွင့်မရှိစေရ။

၇ နှစ်နှင့် ၇ နှစ်ထက်ပိုသော ထောင်ဒဏ်ချမှတ်သည့်အမှုများတွင်၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရထုတ်ပြန်ကျေညာပြီးသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း၊ သို့တည်းမဟုတ် သေဒဏ်ချမှတ်သည့်အမှုများတွင်၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရ ထုတ်ပြန်ကျေညာပြီးသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်နိုင်သည်။

(၃) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ သည်၊ အထူးရာဇဝတ်ရုံးကချမှတ်သော စီရင်ချက်များမှပေါ်ပေါက်သော နိုင်ငံတော် တရားရုံးချုပ်၏အမိန့်များနှင့်မသက်ဆိုင်စေရ။

(၄) ရာဇဝတ်ကျင့်ထုံးကိုဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အထူး ရာဇဝတ်ရုံးကစီရင်သည့်အမှုများနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးမှာမျှပြင်ဆင်မှုဆိုင်ရာ အာဏာကိုသုံးစွဲနိုင်ခွင့် မရှိစေရ။

၁၂။ ။(၁) တည်ဆဲအခြား တရားဥပဒေတခုခုတွင် မည် သို့ပင် ပါ ရှိစေကာမူ ပုန်ကန်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွါးရာတွင် လက်နက် ခဲယမ်းမီး ကျောက်၊ သို့တည်းမဟုတ် စစ်ပစ္စည်းများနှင့် တပါတည်းဖြစ်စေ၊ ဘပါတည်းမဟုတ်ဘဲ ဖြစ်စေ ဘမ်းဆီးရမိသူ တဦးအားတရားစွဲဆိုသည့်အမှုတွင် ထိုသူက နိုင်ငံတော်သစ္စာ

ဖေါက်ဖျက်ပုန်ကန်မှုကျူးလွန်ရန်ကြံရွယ်ချက်ဖြင့် မဘာရေးအသင်း၌ ပါဝင်သူ မဟုတ်ကြောင်းသက်သေထင်ရှားမပြသရွေ့ ထိုသူမှာ နိုင်ငံတော်သစ္စာဖေါက်ဖျက် ပုန်ကန်မှုကျူးလွန်ရန်ကြံရွယ်ချက်ဖြင့် မတရားအသင်း၌ပါဝင်သူဖြစ်သည်ဟုယူဆရမည်။

(၂) သက်သေခံ အက်ဥပဒေတွင်သော်၎င်း၊ အခြားတည်ဆဲတရား ဥပဒေ တခုခုတွင်သော်၎င်း မည်သို့ပင်ပါရှိစေကာမူ တရားဥပဒေဘခုခုအရစွဲဆိုသောအမှုတွင် တရားခံတဦးသည်၊ ရဲအချုပ်တွင်ရှိစေကာမူ၊ ထိုတရားခံထံမှရရှိသောသတင်းပေးချက်ကို အကြောင်းပြု၍ လက်နက် ခဲယမ်းမီးကျောက်ပစ္စည်းများ၊ သို့တည်းမဟုတ် စာတမ်း အမှတ်အသားများကိုရှာဖွေတွေ့ရှိခဲ့လျှင်၊ ထိုသတင်းပေးချက်မှာဖြောင့်ချက်သဘောသက်ရောက်သည်ဖြစ်စေ၊ မသက်ရောက်သည်ဖြစ်စေ ၎င်းကိုသက်သေထင်ရှားပြနိုင်သည်။

၁၃။ ။(၁) အထူးရာဇဝတ်ရုံးရုပ်စဲလျှင်၊ ၎င်း၏အမှုတွဲများ၊ စာရွက် စာတမ်းများနှင့် အခြားရုံးပစ္စည်းများကို သက်ဆိုင်ရာစက်ရှင်တရားရုံး၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသတ်မှတ်သည့် အာဏာပိုင်သို့လွှဲပြောင်း ပေးအပ်ရမည်။

(၂) ရာဇဝတ်ကျင့်ထုံး ကိုဓဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ—

(က) နိုင်ငံတော်တရားရုံးချုပ်က ဖြစ်စေ၊ အတည်ပြု အာဏာပိုင်က ဖြစ်စေ အတည်ပြုသည့် အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဘုတ် ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍ အထူးရာဇဝတ်ရုံးရုပ်စဲခဲ့ပါမူ၊ ထိုသို့ရုပ်စဲခြင်းမပြုပါက၊ ၎င်းကသုံးစွဲဆောင်ရွက်ရမည့်အာဏာနှင့် တာဝန်ဝတ္တရားများကို ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သတ်မှတ်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အာဏာပိုင်ကသုံးစွဲဆောင်ရွက်ရမည်။

(ခ) အထူးရာဇဝတ်ရုံး၏စီရင်ချက်များကို အယူခံဝင်သည့်အမှုများနှင့် စပ်လျဉ်း၍ အထူးရာဇဝတ်ရုံးရုပ်စဲခဲ့ပါမူ၊ ထိုသို့ရုပ်စဲခြင်း မပြုပါက၊ ၎င်းကသုံးစွဲဆောင်ရွက်ရမည့် အာဏာနှင့်တာဝန်ဝတ္တရားများကို သက်ဆိုင်ရာစက်ရှင်တရားသူကြီးက သုံးစွဲဆောင်ရွက်ရမည်။

၁၄။ ။ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး၊ ရာဇဝတ်ကျင့်ထုံး ကိုဓဥပဒေပါပြဋ္ဌာန်းချက်များနှင့် အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်ပါ ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အထူးရာဇဝတ်ရုံး၌ရှိ အမှုများနှင့်၎င်း၊ ထိုအမှုများနှင့်စပ်ဆိုင်သည့်၊ သို့တည်းမဟုတ် ထိုအမှုများမှပေါ်ပေါက်လာသည့် အခြားကိစ္စများနှင့်၎င်း ၎င်းအထူးရာဇဝတ်ရုံးသည်၊ မူလစီရင်ပိုင်ခွင့်အာဏာရှိသည့်စက်ရှင်တရားရုံးဖြစ်ဘိသကဲ့သို့ သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။

၁၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အထူးရာဇဝတ်ရုံး၌စစ်ဆေးကြားနာလျက်ရှိဘည့် မည်သည့်အမှုကိုမဆို အခြားအထူးရာဇဝတ်ရုံးသို့ဖြစ်စေ၊ အခြားတရားရုံးသို့ဖြစ်စေ လွှဲပြောင်းပေးနိုင်သည်။

၁၆။ ။ဤဥပဒေစတင်အာဏာတည်သည့် နေ့ရက်၌ မြန်မာနိုင်ငံအတွင်း တရားရုံးတခုခုတွင်မပြီးပြတ်သေးသောမည်သည့်ဇယားဝင်ပြစ်မှုမျိုးကိုမဆိုဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသည့် အထူးရာဇဝတ်ရုံးသို့ လွှဲပြောင်းပေးရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ညွှန်ကြားနိုင်သည်။ ထိုကဲ့သို့လွှဲပြောင်းခြင်းခံရသည့် အထူးရာဇဝတ်ရုံးသည်၊ ထိုအမှုများကို မိမိ၏ရုံးတွင် စွဲဆိုထားဘိသကဲ့သို့ ဆက်လက်စစ်ဆေးကြားနာစီရင်နိုင်သည်၊ သို့တည်းမဟုတ် အသစ်ပြန်လည်စစ်ဆေးကြားနာစီရင်နိုင်သည်။

၁၇။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါ ဇယားကို အခါအားလျော်စွာပြင်နိုင်သည်။

၁၈။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိအား ဤဥပဒေဖြင့်ပေးအပ်ထားသော နည်းဥပဒေပြုနိုင်သည့်အာဏာမှတပါး အခြားအာဏာနှင့်တာဝန်ဝတ္တရားများအားလုံးကို ဖြစ်စေ၊ တခုခုကိုဖြစ်စေ၊ အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်တဦးဦးကသုံးစွဲဆောင်ရွက်ရမည်ဟု အမိန့်ဖြင့်ညွှန်ကြားနိုင်သည်။

၁၉။ ။ဤဥပဒေအရ ချမှတ်သည့်အမိန့်၊ သို့တည်းမဟုတ်စွဲဆိုသည့်မှုခင်း ကိစ္စကိုဖြစ်စေ၊အထူးရာဇဝတ်ရုံးဖွဲ့စည်းပုံ၊သို့တည်းမဟုတ် ၎င်း၏စီရင်ပိုင်ခွင့်အာဏာကို ဖြစ်စေ မည်သည့်တရားရုံးကမျှ မခိုင်လုံဟူ၍ငြင်းဆိုခြင်းမပြုရ၊ သို့တည်းမဟုတ် ယင်းသို့ မခိုင်လုံဟုငြင်းဆိုခြင်းကိုလည်းခွင့်မပြုရ။

၂၀။ ။(၁) ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်း မဟုတ်ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စအတွက်၊ မည်သူ့ကိုမျှတရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

(၂) ဤဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး ဤဥပဒေအရဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စကြောင့်ဖြစ်သော၊ သို့တည်းမဟုတ် ထိုကိစ္စကြောင့်ဖြစ်ရန်အကြောင်းရှိသော ပျက်စီးနစ်နာမှုအတွက်အစိုးရအား၊ တရားမမှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

၂၁။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

### ဇယား။

[ပုဒ်မ ၄ ကိုကြည့်ပါ။]

(၁) ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီး အက်ဥပဒေ ပုဒ်မ ၃ (၁) နှင့်ပုဒ်မ ၄ (၂)။

(၂) ရာဇသတ်ကြီး ပုဒ်မ ၁၂၂ (၁)၊ ပုဒ်မ ၁၂၃ (၁)၊ ပုဒ်မ ၁၂၄-က၊ ပုဒ်မ ၁၈၈၊ ပုဒ်မ ၃၀၂၊ ပုဒ်မ ၃၆၄၊ ပုဒ်မ ၃၆၅၊ ပုဒ်မ ၃၆၆၊ ပုဒ်မ ၃၆၆-က၊ ပုဒ်မ ၃၇၂၊ ပုဒ်မ ၃၇၃၊ ပုဒ်မ ၃၇၆၊ ပုဒ်မ ၃၉၂၊ ပုဒ်မ ၃၉၄၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၆ နှင့် ပုဒ်မ ၄၃၆။

(၃) ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေအရဖြစ်သောပြစ်မှုများ။

(၄) လက်နက်အက်ဥပဒေ (The Arms Act) အရဖြစ်သောပြစ်မှုများ။

(၅) ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ်ပြဋ္ဌာန်းချက်) (ယာယီ) အက်ဥပဒေအရဖြစ်သောပြစ်မှုများ။

(၆) ၁၉၅၁ ခုနှစ်၊ လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေ [The Arms (Temporary Amendment) Act, 1951] အရ ဖြစ်သောပြစ်မှုများ။

(၇) ဘိန်းအက်ဥပဒေ (The Opium Act) အရဖြစ်သောပြစ်မှုများ။

(၈) မတရားအသင်းအက်ဥပဒေ (The Unlawful Associations Act) အရ ဖြစ်သောပြစ်မှုများ။

(၉) ၁၉၄၇ ခုနှစ်၊ ပြည်သူသုံးလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေ (The Public Utilities Protection Act, 1947) အရ ဖြစ်သောပြစ်မှုများ။

(၁၀) ၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်စည်ပစ္စည်းများနှင့်ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ (The Essential Supplies and Services Act, 1947) အရ ဖြစ်သောပြစ်မှုများ။

(၁၁) ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပစ္စည်းကာကွယ်ရေး အက်ဥပဒေ (The Public Property Protection Act, 1947) အရ ဖြစ်သော ပြစ်မှုများ။

ပ|မ|ဗ|စ|—အမှတ် ၂၂၄၊ တရားရေး၊ ၁၃-၀-၆၂—၂၃၂၂ + —၂။

# ၁၉၆၂ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဥပဒေ။

[ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၆။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်နှင့်အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။ဤဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) '' ကော်ပိုရေးရှင်း ''ဆိုသည်မှာ၊ ဤဥပဒေအရတည်ထောင်သော စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းကို ဆိုလိုသည်။

(ခ) '' အဖွဲ့ ''ဆိုသည်မှာ၊ ဤဥပဒေအရဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ကို ဆိုလိုသည်။

(ဂ) '' အုပ်ချုပ်ရေးအဖွဲ့ ''ဆိုသည်မှာ၊ ဤဥပဒေအရဖွဲ့စည်းတည်ထောင်ထားသော အုပ်ချုပ်ရေးအဖွဲ့ကိုဆိုလိုသည်။

(ဃ) '' စက်မှုလက်မှုလုပ်ငန်း '' ဆိုသည်မှာ၊ တွင်းထွက်ပစ္စည်းတူးဖေါ်ရေးလုပ်ငန်းမှတပါး၊အခြားစက်မှုလက်မှုလုပ်ငန်းများကိုဆိုလိုသည်။

## အခန်း ၂။

### ကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက်အထမြောက် အောင်မြင်စေရန်အလို့ငှါ '' စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း ''ဟုခေါ်သည့် ကော်ပိုရေးရှင်းတခုကို တည်ထောင်ရမည်။

(၂) အဆိုပါကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် တကွ၊မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ ဤဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ကော်ပိုရေးရှင်း၌ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကိုရယူခွင့်၊ လက်ရှိထားခွင့်၊ ပိုင်ဆိုင်ခွင့်ရှိရမည်။ ထို့ပြင် အဆိုပါ အမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းပိုင် ပစ္စည်းနှင့်ကြွေးမြီဇာဝန်အားလုံးကို၊ ကော်ပိုရေးရှင်းက ဆက်ခံရမည့်ပြင်၊ အဆိုပါ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းက ချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း ကော်ပိုရေးရှင်းကပင် ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

၄။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို ကြီးကြပ်၊ ထိန်းသိမ်း၊ ညွှန်ကြား၊ ဆောင်ရွက်ရန်ဒါရိုက်တာအဖွဲ့တခုဖွဲ့စည်းရမည်။ အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏အာဏာများနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏အာဏာများနှင့် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာတွင်၊ ကုန်သွယ်မှုလုပ်ငန်းစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည့်ပြင်၊ စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့်အများပြည်သူအကျိုးကို ဂရုပြုရမည်။

၅။ ။(၁) အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ဝင်၊ စက်မှုလက်မှုဌာန .... ဥက္ကဋ္ဌ။
(ခ) အတွင်းဝန်၊ စက်မှုလက်မှုဌာန .... အဖွဲ့ဝင်။
(ဂ) အတွင်းဝန်၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန .... ၎င်း
(ဃ) အတွင်းဝန်၊ ကာကွယ်ရေးဌာန .... ၎င်း
(င) အတွင်းဝန်၊ ထောက်ပံ့ရေးနှင့် သမဝါယမဌာန ၎င်း
(စ) အတွင်းဝန်၊ ကုန်သွယ်မှုတိုးတက်ရေးဌာန .... ၎င်း
(ဆ) စက်မှုလက်မှုညွှန်ကြားရေးဝန် .... ၎င်း
(ဇ)(ဈ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ဝင်စက်မှုလက်မှုဌာနကခန့်ထားသည့်ပုဂ္ဂိုလ်နှစ်ဦး ၎င်း
(ည) ကော်ပိုရေးရှင်း၏အမှုဆောင်ဒါရိုက်တာ .... အတွင်းရေးမှူး။

(၂) ကော်ပိုရေးရှင်း၏အမှုဆောင်ဒါရိုက်တာကို အစိုးရကခန့်ထားရမည်။

၆။ ။ကော်ပိုရေးရှင်းက ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်၊ လုပ်ကိုင်မှု၊ ရောင်းမှု၊ သို့တည်းမဟုတ် ဝယ်မှုတခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တနည်းနည်းဖြင့်အကျိုးသက်ဆိုင်သည့်ဒါရိုက်တာသည်၊ မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို၊ အဖွဲ့အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။ ထိုသို့ထုတ်ဖော်ပြောဆိုချက်ကို အဖွဲ့အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထို့ပြင်ထိုဒါရိုက်တာသည်၊ ထိုပဋိညာဉ်နှင့်၊ သို့တည်းမဟုတ် ထိုလုပ်ကိုင်မှုနှင့်၊ သို့တည်းမဟုတ် ထိုရောင်းမှုနှင့်၊ သို့တည်းမဟုတ် ထိုဝယ်မှုနှင့်စပ်လျဉ်း၍၊ အဖွဲ့ကဆွေးနွေးရာတွင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင်မပါဝင်ရ။

၇။ ။အဖွဲ့သည်၊ အမှုဆောင်ဒါရိုက်တာ ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအမည်များကို သတ်မှတ်ရမည့်ပြင်၊ အဖွဲ့၏တာဝန်ဝတ်တရားနှင့် အာဏာအချို့ကိုလည်း အမှုဆောင်ဒါရိုက်တာသို့လွှဲအပ်နိုင်သည်။

၈။ ။အမှုဆောင်ဒါရိုက်တာအား အစိုးရက သတ်မှတ်သည့် လစာနှင့်စရိတ်ကြေးငွေများပေးရမည်။

၉။ ။အဖွဲ့သည်၊ အဖွဲ့ဝင်များထဲမှအချို့ကို သော်၎င်း၊ အခြားအစိုးရအရာရှိများကိုသော်၎င်း၊ ကော်ပိုရေးရှင်း၏ကြီးကြပ်မှုအောက်ရှိစက်မှုလက်မှု လုပ်ငန်းများတွင် အုပ်ချုပ်ရေးမှူးများအဖြစ်ခန့်ထားနိုင်သည်။

၁၀။ ။အဖွဲ့သည်၊ အုပ်ချုပ်ရေးမှူးများဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တာဝန်ဝတ်တရား အမျိုးအမည်များကို သတ်မှတ်ရမည့်ပြင်၊ အုပ်ချုပ်ရေးမှူးများအား လစာများပေးရန်လိုအပ်ပါက မည်ရွေမည်မျှပေးရမည်ကိုလည်း သတ်မှတ်ရမည်။

၁၁။ ။အဖွဲ့၏ ဆောင်ရွက်မှုများသည်၊ ဒါရိုက်တာ ရာထူးနေရာလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ ဒါရိုက်တာ တဦးဦးခန့်ထားရာ၌ ချို့ယွင်းချက်ရှိသည့်အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

## အခန်း ၃။

### ကော်ပိုရေးရှင်း၏အာဏာနှင့်တာဝန်ဝတ်တရားများ။

၁၂။ ။(၁) စက်မှုလက်မှု လုပ်ငန်းတည်ထောင်မှုနှင့် တိုးချဲ့လုပ်ကိုင်မှုတို့ကို ဆောင်ရွက်ခြင်းသည်၊ ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားဖြစ်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသော တာဝန်ဝတ်တရားများနှင့် ဆက်သွယ်၍ပေါ်ပေါက်လာသော ကိစ္စများကို၎င်း၊ ထိုတာဝန်ဝတ်တရားများဆောင်ရွက်ရာ၌လိုအပ်မည်၊ အကျိုးရှိမည်၊ သို့တည်းမဟုတ်သင့်လျော်မည်ဟုထင်မြင်သောကိစ္စများကို၎င်း၊ ဆောင်ရွက်ရမည်။ အထူးအားဖြင့်၍ပုဒ်မ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အောက်ပါကိစ္စများကိုလည်းဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက သဘောတူညီပြီးဖြစ်သော၊ မည်သည့်အခြေခံ စီမံကိန်းများနှင့်မျှ မဆန့်ကျင်သည့် စက်မှုလက်မှု တိုးတက်ရန်စီမံကိန်းများရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကိုသိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန် ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်း၊ သုတေသနလုပ်ငန်းများစီစဉ်လုပ်ကိုင်ခြင်း။

(၃) ကော်ပိုရေးရှင်းသည်၊ မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ကိုကြိုတင်ရယူ၍၊ ပုဂ္ဂလိကပိုင်အရင်းရှင်လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်နိုင်သည်။

(၄) ဤအက်ဥပဒေပါကိစ္စများအတွက် ကော်ပိုရေးရှင်းက မည်သည့်မြေကိုမဆို အလိုရှိခဲ့လျှင်၊ ထိုမြေကိုသိမ်းယူရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌထံ လျှောက်တောင်းရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက သဘောတူကြိုက်ညီလျှင်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄ တွင်ဖေါ်ပြသည့်အတိုင်း၊

ထိုမြေကို၊ ပြည်သူ့ကိစ္စအတွက် အလိုရှိသည်ဟူ၍ မှတ်ယူရန်ပြဋ္ဌာန်းနိုင်သည်။ ထိုသို့ ပြဋ္ဌာန်းပြီးလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုမြေကိုသိမ်းယူရန် လိုအပ်သလို ဆောင်ရွက်နိုင်သည်။ ထို့ပြင် မြေသိမ်းအက်ဥပဒေအရ၊ ထိုမြေကိုသိမ်းယူသည့်အတွက် ပေးရန်ဆုံးဖြတ်သည့်လျော်ကြေးမှစ၍ သိမ်းယူရာ၌ ကုန်ကျသောစရိတ် ကြေးငွေအဝဝ ကို ကော်ပိုရေးရှင်း ကပေးစေရမည်။ ယင်းသို့ပေးပြီးမှသာ၊ထိုမြေကိုကော်ပိုရေးရှင်းက ပိုင်ရမည်။

၁၃။ ။ပုဒ်မ ၁၂ ပါတာဝန်ဝတ်တရားများ၏ ယေဘုယျသဘောကိုမထိခိုက် စေဘဲ၊ ကော်ပိုရေးရှင်း၌၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရန်လည်းအာဏာရှိရမည်။

(က) ဤဥပဒေအရပြဋ္ဌာန်းထားသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်း၏ ရံပုံငွေမှငွေများသုံးစွဲခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ ခံဝန်ချုပ်များ (Bonds)၊ ကြွေးမြီအာမခံစာချုပ်များ (Debentures) နှင့် အစုစတော့(ခ်) များ (Stocks) ထုတ်ပေးခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကသတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှဖြစ်စေ၊ မြန်မာနိုင်ငံ အတွင်းမှဖြစ်စေ၊ငွေချေးယူသုံးစွဲခြင်း။

(ဃ) ဒါရိုက်တာနှစ်ဦး၊သို့တည်းမဟုတ်နှစ်ဦးထက်ပိုသော ဒါရိုက်တာများ ပါဝင်သည့်ကော်မီတီများကို၊ အဖွဲ့က သာမန်ကိစ္စများအတွက်သော်၎င်း၊ အထူးကိစ္စအတွက်သော်၎င်း၊ ခန့်ထား၍၊ ထိုကော်မီတီများအား အဆိုပါကိစ္စများနှင့် စပ်လျဉ်းသည့်လိုအပ်သော ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများနှင့် အာဏာများလွှဲအပ်ခြင်း။

(င) ကိုယ်စားလှယ်များခန့်ထား၍၊ ထိုကိုယ်စားလှယ်များအား ဤဥပဒေ၏ ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အဖွဲ့ကလိုအပ်သည်ဟု ထင်မြင်သောတာဝန်ဝတ်တရားများနှင့်အာဏာများလွှဲအပ်ခြင်း။

(စ) စက်မှုလက်မှုနှင့် စပ်လျဉ်း၍ မည်သည့်ကိစ္စ၌မဆို အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်ရွေးချယ်ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ် အားသင့်တော်သော အခနှင့်စရိတ်ကြေးငွေများပေးခြင်း။

(ဆ) ကော်ပိုရေးရှင်း၏လုပ်ငန်းဆောင်တာများကိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုကိုလိုက်နာရမည့် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခြင်း။

(ဇ) အောက်ပါကိစ္စ အားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ စည်းကမ်းဥပဒေများပြုခြင်း။

(၁) အဖွဲ့၏အစည်းအဝေးများ တိတ်ခေါ်ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် နည်းလမ်းများနှင့်အဖွဲ့ အစည်းအဝေးများတွင် လိုက်နာရမည့် ကျင့်ထုံးသတ်မှတ်ခြင်း။

(၂) ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏လစာ၊ စရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများသတ်မှတ်ခြင်း။ ထိုရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများကိုသတ်မှတ်ခြင်း။

(၃) ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများ သက်သာချောင်ချိရေး အတွက်သင့်တော်မည့် အိုနာစာရံပုံငွေနှင့် အခြားအထောက်အပံ့များစီမံပြုလုပ်ပေးခြင်း။

(၄) ကော်ပိုရေးရှင်း၏ကိုယ်စား စာချုပ်စာတမ်းများလက်မှတ်ရေးထိုးခြင်း။

၁၄။ ။(၁) ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများ ဆောင်ရွက်ရာတွင် အဖွဲ့ကလိုက်နာရမည့်မှုနှင့် သက်ဆိုင်သည့်အချက်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အဖွဲ့နှင့်တိုင်ပင်၍ ညွှန်ကြားသည့်အတိုင်းဖြစ်ရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ မည်သည့်အခါမဆို၊ ကော်ပိုရေးရှင်း၏အမှုတွဲများကိုငင်း၊ အစီရင်ခံစာများကိုငင်း၊ မှန်းခြေ ငွေစာရင်းများကိုငင်း၊ မိမိထံတင်ပြရန်တောင်းဆိုနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အခါ၊ ကော်ပိုရေးရှင်းကလိုက်နာဆောင်ရွက်ရမည်။

၁၅။ ။အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်အသီးသီး ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွက် ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများကိုဆောင်ရွက်ခြင်းနှင့်ငင်း၊ ကော်ပိုရေးရှင်းကလိုက်နာသည့်မှုနှင့်ငင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ငင်း၊ စပ်လျဉ်း၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌထံအစီရင်ခံစာတင်သွင်းရမည်။

## အခန်း ၄။

### ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ ရံပုံငွေတခုထားရှိရမည်။ ကော်ပိုရေးရှင်းရရှိသောငွေအားလုံးကို ထိုရံပုံငွေသို့ထည့်သွင်း၍၊ ကော်ပိုရေးရှင်းက ပေးရန်ရှိသောငွေအားလုံးကိုထိုရံပုံငွေထဲမှပေးရမည်။

၁၇။ ။ကော်ပိုရေးရှင်းကမိမိ၏အာဏာနှင့်တာဝန်ဝတ်တရားများသုံးစွဲဆောင်ရွက်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ ကော်ပိုရေးရှင်းအား ထောက်ပံ့ငွေအဖြစ်ဖြစ်စေ၊ ပုံတိုက်ရံပုံငွေအဖြစ် ဖြစ်စေ၊ ချေးငွေအဖြစ်ကြိုတင်ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ သင့်လျော်သည်ဟုယူဆသော စည်းကမ်းချက်များဖြင့်၊ သာမန်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ ငွေထုတ်ပေးနိုင်သည်။ ထို့ပြင်ကော်ပိုရေးရှင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အကျိုးတူမြှုပ်နှံရင်းနှီးငွေ (Equity Investment) အဖြစ်ပေးအပ်သည့်ငွေ၊ သို့တည်းမဟုတ် လွှဲပြောင်းသတ်မှတ်ပေးသည့်ငွေကို လက်ခံနိုင်ခွင့်ရှိသည်။

၁၈။ ။ကော်ပိုရေးရှင်းသည်၊ ချက်ခြင်းအသုံးမလိုသည့်မိမိပိုင်ငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ကသဘောတူသည့်ဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

၁၉။ ။(၁) ကော်ပိုရေးရှင်းသည်၊ ဘဏ္ဍာတော်နှစ် အသီးသီး မကုန်မီ ရက်ပေါင်း ၃၀ ကြိုတင်၍၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက်၊ မိမိ၏ ရ-သုံး မှန်းခြေငွေစာရင်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ထံသဘောတူညီချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကိုပြင် သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာ ထိုနည်းအတူ တင်သွင်းနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ၏ သဘောတူ ညီချက်ဖြင့်စည်းကမ်းချက်များနှင့်အညီပြန်လည် ခွဲဝေသုံးစွဲခြင်းမှတပါး၊ ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းထက်ပို၍မည်သည့်အသုံးစရိတ်ကိုမျှ၊ ကော်ပို ရေးရှင်းကကျခံခြင်းမပြုရ။

၂၀။ ။(၁) ကော်ပိုရေးရှင်းသည်၊မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက် ဆိုင်သည့်ငွေစာရင်းများကိုငှင်း၊ ထိုငွေစာရင်းများနှင့်သက်ဆိုင်သည့် အခြားမှတ်တမ်း များကိုငှင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ၏ သဘောတူညီ ချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့် ပုံစံ အတိုင်းထားရှိရမည်။ ထို့ပြင်ဘဏ္ဍာတော်နှစ်အသီးသီးနှင့်စပ်လျဉ်းသည့်ကော်ပိုရေးရှင်း ၏နှစ်ချုပ်ငွေစာရင်းကို၊ ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ က ဆင့်ဆိုသည့်ကာလအပိုင်းအခြားများအတွက် ကော်ပိုရေးရှင်း၏ ငွေစာရင်း ရှင်းတမ်းအပြင်၊အခြားရှင်းတမ်းနှင့်အစီရင်ခံစာများကိုလည်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌထံပေးပို့ရမည်။

(၃) ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ် စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော် လှန်ရေးကောင်စီသို့တင်ပြရမည်။ သို့ရာတွင်ကော်ပိုရေးရှင်းသည်၊ နိုင်ငံတော်စာရင်းစစ် ချုပ်၏သဘောတူညီချက်ကိုကြိုတင်ရယူပြီးနောက်ခန့်ထားသောမှတ်ပုံဝင်စာရင်းစစ်များ အား၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ၏သဘောတူညီချက် ဖြင့်၊ ကော်ပိုရေးရှင်း၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်းကြား ဖြတ်စစ်ဆေးစေနိုင်သည်။

(၄) ကော်ပိုရေးရှင်း၏ ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တပြိုင်နက်၊ ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌထံသို့ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူ တစောင်နှင့်တကွ၊ တင်ပြရမည်။ ထို့ပြင်ထိုရှင်းတမ်းနှင့်အစီရင်ခံစာအသီးသီး၏ မိတ္တူ တစောင်စီကို၊ ကော်ပိုရေးရှင်း၏ဗဟိုရုံးတွင် လူအများကြည့်ရှု စစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့် ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့် ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင် ရမည်။ သို့ရာတွင်နိုင်ငံ တော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤဥပဒေ

အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသို့၊ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။

၂၁။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုးယုတ်လျော့ခြင်းအတွက် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စာရင်းစစ်ချုပ်နှင့်ညှိနှိုင်းတိုင်ပင်၍ ပြဋ္ဌာန်းသည့် နှုန်းထားနှင့် စည်းကမ်းချက်များအတိုင်း သတ်မှတ်ရမည်။

၂၂။ ။ကော်ပိုရေးရှင်း၏ အသားတင် အမြတ်ငွေများထဲမှ အပိုရာထားငွေနှင့် အခြားရံပုံငွေများသို့၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌက အဖွဲ့ နှင့် ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်သတ်မှတ်သည့် နှုန်းအတိုင်း ငွေများလွှဲပြောင်းခွဲဝေပေး ရမည်။

## အခန်း ၅။

### ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန်ပျက်ကွက်ခဲ့သော အမှုအခင်းများတွင် ကော်ပိုရေးရှင်း၏ အခွင့်အရေးများနှင့် အာဏာများ။

၂၃။ ။(၁) မည်သည့်စက်မှုလက်မှု လုပ်ငန်းမဆို၊ စာချုပ်စာတမ်းများအရ၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရမည့် ကြွေးမြီများကို ပေးဆပ်ရန် ပျက်ကွက်လျှင်သော်၎င်း၊ ကော်ပိုရေးရှင်းနှင့် ချုပ်ဆိုထားသောစာချုပ်စာတမ်းပါ စည်းကမ်းချက်များကိုလိုက်နာ ရန် ပျက်ကွက်လျှင်သော်၎င်း၊ အခြားတည်ဆဲတရား ဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ကော်ပိုရေးရှင်း၌၊ အဆိုပါလုပ်ငန်းကို၊ သို့တည်းမဟုတ် ၎င်း၏ အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူနိုင်ခွင့်ရှိရမည့်ပြင်၊ ကော်ပိုရေးရှင်းသို့ အာမခံအဖြစ်ဖြင့် ပေးသွင်းထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော၊ သို့တည်းမဟုတ် လွှဲအပ်ထားသော ပစ္စည်းများကို ရောင်းချ၍ ကြွေးမြီများကို ရယူနိုင်ခွင့်လည်းရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ကော်ပိုရေးရှင်းကပစ္စည်းများကို၊ အခြားသူတဦးဦးအား ရောင်းချလျှင်၊ အဆိုပါပစ္စည်းများကို ဝယ်ယူရရှိသူသည်၊ မူလပိုင်ဆိုင်သူထံမှ တိုက်ရိုက် ဝယ်ယူသည့်အခါ ရရှိထိုက်သောအခွင့်အရေးများ အတိုင်းရရှိစေရမည်။

(၃) အာမခံအဖြစ်ဖြင့် ပေးသွင်းထားသော ပစ္စည်းအားလုံးမှ ဖြစ်စေ၊ တစိတ် တဒေသမှဖြစ်စေ၊ထုတ်လုပ်၍ပေါ်ထွက်လာသောကုန်ပစ္စည်းများပေါ်၌၊ကော်ပိုရေးရှင်း သည်၊ မူလအာမခံအဖြစ်ဖြင့် ရရှိသောပစ္စည်းများပေါ်တွင် ရရှိသည့် အခွင့်အရေးများ အတိုင်းရရှိစေရမည်။

(၄) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက စက်မှုလက်မှုလုပ်ငန်း တခုခုကို၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူလျှင်ဖြစ်စေ၊ ပစ္စည်းများကို ရောင်းချ လျှင်ဖြစ်စေ၊ အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍၊ နည်းလမ်းတကျ ကုန်ကျသောစရိတ်ကြေး ငွေများကို လုပ်ငန်းပိုင်ရှင်ထံမှ ပြန်လည်ရယူနိုင်ခွင့် ကော်ပိုရေးရှင်း၌ရှိရမည်။ ထိုသို့ သိမ်းယူခြင်းဖြင့်၊ သို့တည်းမဟုတ် အုပ်ချုပ် စီမံခန့်ခွဲခြင်းဖြင့်၊ သို့တည်းမဟုတ် ပစ္စည်း များကို ရောင်းချခြင်းဖြင့် ရရှိထားသောငွေများကို၊ ပဋိညာဉ်စာချုပ်တွင် အခြားနည်း အတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ယုံကြည်အပ်နှံထားသော ငွေအဖြစ်ဖြင့်၊

ကော်ပိုရေးရှင်းက လက်ဝယ်ထားရှိနိုင်၍၊ ထိုငွေမှ၊ ထိုသို့သိမ်းယူခြင်း၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျသော စရိတ်ငွေများကို ပဌမ အဆင့်အနေဖြင့်၎င်း၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသောကြွေးမြီများကို ဒုတိယ အဆင့်အနေဖြင့်၎င်း၊ ခုနှိမ်ခြင်းဖြင့် ကော်ပိုရေးရှင်းကရယူနိုင်သည်။ ထိုသို့ရယူပြီး နောက် ကျန်ရှိနေသောငွေများကို၊ ရသင့်ရထိုက်သူအား ကော်ပိုရေးရှင်းက ထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရ ကော်ပိုရေးရှင်းက စက်မှုလက်မှု လုပ်ငန်းတခုခုကို သိမ်းယူလိုက်သည့်အခါ၊ အဆိုပါလုပ်ငန်းက တရားစွဲဆိုသည့်၊ သို့တည်းမဟုတ် အဆိုပါလုပ်ငန်းကို တရားစွဲဆိုသည့်၊ တရားမမှုများအတွက် ကော်ပိုရေးရှင်းသည်၊ အဆိုပါ လုပ်ငန်း၏ ပိုင်ရှင်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်အမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

၂၄။ ။အောက်ပါအကြောင်း တခုခုဖြစ်ပေါ်လျှင်၊ ပဋိညာဉ်စာချုပ်တွင်မည်သို့ ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းသည်၊ မိမိက ငွေထုတ်ချေးထားသော မည်သည့် စက်မှုလက်မှု လုပ်ငန်းထံမှမဆို၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီကို အပြည့်ပြန်လည်ပေးဆပ်စေရန် စာဖြင့်ရေးသား၍ တောင်းဆိုနိုင်သည်။

(က) ငွေထုတ်ချေးရန် လျှောက်ထားခဲ့စဉ်က၊ အရေးကြီးသော အချက်နှင့် စပ်လျဉ်း၍ မှားယွင်းသော၊ သို့တည်းမဟုတ် မမှန်ကန်သော အကြောင်းအရာကို ဖေါ်ပြသည်ဟု အဖွဲ့က ထင်မြင်ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) ချေးယူသောငွေနှင့်စပ်လျဉ်း၍ စက်မှုလက်မှုလုပ်ငန်းက၊ စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) စက်မှုလက်မှုလုပ်ငန်းသည်၊ တင်ရှိနေသောကြွေးမြီကိုပေးဆပ်နိုင်လိမ့် မည်မဟုတ်ဟုသော်၎င်း၊ ၎င်း၏လုပ်ငန်းများရပ်ဆိုင်းရန် အကြောင်း များပေါ်ပေါက် နေသည်ဟုသော်၎င်း၊ အဖွဲ့ကထင်မြင်ယူဆရန်လုံ လောက်သောအကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဃ) စက်မှုလက်မှုလုပ်ငန်း၏ ချေးယူငွေအတွက် ကော်ပိုရေးရှင်းအားလွှဲ အပ်ထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော ပစ္စည်းများ အတွက်ကော်ပိုရေးရှင်း ကြေနပ်လောက်အောင်၊ လုပ်ငန်းပိုင်ရှင် ကဆုံးပါးပျက်စီးမှုမရှိအောင် အာမခံထားရှိခြင်းမပြုလျှင်၊ သို့တည်း မဟုတ် ဆက်လက်အာမခံထားရှိခြင်းမပြုလျှင်၊ ထို့ပြင်ထိုသို့လွှဲအပ် ထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော ပစ္စည်းသည်၊ အထူးပင် တန်ဘိုးယုတ်လျော့လာ၍၊ အာမခံထပ်လောင်းဖြည့်တင်း ရန် လိုအပ်သောကြောင့် တောင်းဆိုပါသော်လည်း အာမခံထပ် လောင်းဖြည့်တင်းခြင်းမပြုလျှင်၊ သို့တည်းမဟုတ်

(င) အာမခံပစ္စည်းအဖြစ် ပေးသွင်းထားသော စက်နှင့်စက်ကိရိယာပစ္စည်း အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ကော်ပိုရေးရှင်း၏ သဘောတူညီချက်မရရှိဘဲ၊ ရွှေ့ပြောင်းသယ်ယူပြီး ပြန်လည်အစား ထိုးထားခြင်းမရှိလျှင်၊ သို့တည်းမဟုတ်

(စ) မည်သည့်အကြောင်းကြောင့်မဆို၊ ကော်ပိုရေးရှင်း၏ အကျိုးစီးပွါးကို ကာကွယ်ရန်လိုအပ်လာလျှင်။

## အခန်း ၆။

### အုပ်ချုပ်ရေးအဖွဲ့များ။

၂၅။ ။(၁) ကော်ပိုရေးရှင်းသည်၊ အဖွဲ့ကရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်များပါဝင်သည့် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(၂) အဆိုပါအုပ်ချုပ်ရေးအဖွဲ့များသည်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုကိုလိုက်နာလျက်၊ အဖွဲ့ကလွှဲအပ်သောအာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

## အခန်း ၇။

### အထွေထွေ။

၂၆။ ။ကော်ပိုရေးရှင်း၏ရာထမ်းမှုထမ်းအသီးသီးသည်၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူကိုပြုနေစဉ်၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၂၇။ ။ဤဥပဒေအရသဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ်ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စတခုခုအတွက်၊ မည်သူ့ကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မစွဲဆိုရ။

၂၈။ ။ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အမိန့်ကြော်ငြာစာဖြင့်၊ နည်းဥပဒေများပြုနိုင်သည်။

၂၉။ ။(၁) ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းအက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၄) ကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

(၂) ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းအက်ဥပဒေကိုရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသော စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းသည်၎င်း၊ ဒါရိုက်တာ အဖွဲ့သည်၎င်း၊ ပုဒ်မ ၃ အရ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းတည်ထောင်ပြီးနောက်၊ ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့၏ ပဌမအကြိမ် အစည်းအဝေးကျင်းပသည့် နေ့ရက်တိုင်အောင်၊ မိမိတို့၏ အာဏာနှင့် တာဝန်ဝတ်တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၂၄၁၊ ကနားရေးဌာန၊ ၅-၁၀-၆၂—၂၇၂၂ + ၄—၂။

# ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့အက်ဥပဒေကို ဒုတိယ အကြိမ်ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၃၇ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၄ တွင် "ဒုတိယ ဥက္ကဋ္ဌ" ဆိုသည့် စကားရပ်အစား၊ "ဒုတိယ ဥက္ကဋ္ဌများ" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၉၊အပိုဒ်(င)တွင် "အဖွဲ့ ဥက္ကဋ္ဌ"ဆိုသည့် စကားရပ်အစား၊ "အဖွဲ့ ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌများ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၇၊ အပိုဒ်(င)တွင် "ဥက္ကဋ္ဌ အား" ဆိုသည့်စကားရပ်အစား၊ "ဥက္ကဋ္ဌ အားလည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌ များအားလည်းကောင်း" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ တွင်—

(က) ရှိရင်းပုဒ်မ ၁၉ ကို၊ ပုဒ်မ ၁၉ ၏ပုဒ်မခွဲ(၁)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ခ) ထိုသို့ ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(၁)၏ အပိုဒ်(ဂ) တွင် "ဥက္ကဋ္ဌ" ဆိုသည့်စကားရပ်အစား၊ "ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) ထိုသို့ ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၁) နောက်၌ အောက်ပါကို၊ ပုဒ်မခွဲ(၂)အဖြစ် ထည့်သွင်းရမည်။

"(၂) ဤအက်ဥပဒေပါကိစ္စများ ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ဥက္ကဋ္ဌ သည်၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရဖြစ်စေ မိမိသုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့်တာဝန်ဝတ္တရား အားလုံးကိုသော်လည်းကောင်း၊အချို့ကိုသော်လည်းကောင်း သင့်တော်သည်ထင်မြင်သည့်ဒုတိယ ဥက္ကဋ္ဌတဦးဦးအား၊ သို့တည်းမဟုတ် အဖွဲ့ဝင်တဦးဦးအား၊ သို့တည်းမဟုတ် အဖွဲ့၏အရာရှိတဦးဦးအား၊ အဖွဲ့၏ကြိုတင် သဘောတူညီချက်ဖြင့် အခါအားလျော်စွာ လွှဲအပ်နိုင်သည်။"

အဘိုး—၁၀ ပြား]

ပ၊မ၊ပ၊စ၊ အမှတ် ၂၃၅၊ တရားရေးဌာန၊ ၁၇-၉-၆၂—၂,၃၂၂ + ၂၀၀ + ၂—၂။

## THE RANGOON PORT ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 18 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Rangoon Port Act Amending Law, 1962.

(*2*) It shall come into force at once.

2. In section 43 of the Rangoon Port Act hereinafter referred to as the said Act—

(*a*) *for* the words " Rangoon Port Management Board Fund " the words " Burma Ports Fund " *shall be substituted* ; and

(*b*) *for* clause (*a*) the following *shall be substituted* as clause (*a*) ; namely :—

" (*a*) all moneys received by the Board under this Act and the Ports Act ;".

3. *For* sub-section (*1*) of section 45 of the said Act, the following *shall be substituted* as sub-section (*1*) ; namely :—

" (*1*) The Fund shall be applied by the Board for the purposes of carrying out the provisions of this Act and the Ports Act."

Application of Fund.

4. *After* section 103 of the said Act, the following *shall be inserted* as section 104 ; namely :—

" 104. The Board may carry out such duties as the Chairman of the Union of Burma Revolutionary Council, may from time to time, determine."

Additional duties of the Board.

**Price—10 pyas]**

G U.B.C.P.O.—No. 237, M. of J.A., 17-9-62 –2,322 + 2—II.

# THE PORTS ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 19 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Ports Act Amending Law, 1962.

(*2*) It shall come into force at once.

2. In section 36 of the Ports Act hereinafter referred to as the said Act—

(*a*) sub-section (*2*) *shall be deleted* ;

(*b*) in sub-sections (*4*) and (*5*), *for* the expression "port fund account of the port" the expression "Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act" *shall be substituted* respectively ; and

(*c*) sub-section (*6*) *shall be deleted.*

3. Section 37 of the said Act *shall be deleted.*

4. In section 50 of the said Act, sub-section (*3*) *shall be deleted.*

5. All moneys standing to the credit of the port fund account kept under the Ports Act and any moneys temporarily invested under the said Act shall be transferred to the Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act.

**Price—10 pyas]**

G.U.B.C.P.O.—No 236, M. of J.A.,1 7-9-62—2322+2—II.

## THE OUTPORTS ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 20 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Outports Act Amending Law, 1962.

(*2*) It shall come into force at once.

2. In section 2 of the Outports Act hereinafter referred to as the said Act, ***for*** clause (*c*) the following *shall be substituted* as clause (*c*); namely:—

> " (*c*) 'Port Officer' means any person appointed by the Board of Management for the Port of Rangoon to be a Port Officer for the purposes of this Act."

3. *For* section 6 of the said Act, the following *shall be substituted* as section 6; namely:—

> " 6. All dues levied under this Act shall be credited to the Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act."

4. In section 7, sub-section (*5*) of the said Act, *for* the expression " Port Fund Account " the expression " Burma Ports Fund maintained by the Board of Management for the Port of Rangoon under section 43 of the Rangoon Port Act " *shall be substituted*.

**Price –10 pyas]**

G.U.B.C.P.O.—No. 238, M. of J.A., 17-9-62—2322+2—II.

# ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၂၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို၊ ပုဒ်မ ၄ အဖြစ် ထည့်သွင်းရမည်။

"၄။ ။(၁) အဖွဲ့တွင် အောက်ပါ အဖွဲ့ဝင်ဆယ်ဦးပါဝင်ရမည်။

အဖွဲ့ဝင်များ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးဌာန တာဝန်ခံ—ဥက္ကဋ္ဌ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ က အဖွဲ့ဝင်အဖြစ် ခန့်ထားသည့် တပ်မတော်အရာရှိတဦး—ဒုတိယ ဥက္ကဋ္ဌ။

(ဂ) ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး ဌာန အတွင်းဝန်—ဒုတိယ ဥက္ကဋ္ဌ။

(ဃ) နိုင်ငံတော်မြေယာနှင့် ကျေးလက်စည်ပင်ရေးဆိုင်ရာ ဘဏ္ဍာရေးမင်းကြီး၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်—အဖွဲ့ဝင်။

(င) ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။

(စ) ရန်ကုန်မြို့တော်မြူနီစီပါယ်ကော်ပိုရေးရှင်း၏အုပ်ချုပ်ရေးမှူး—အဖွဲ့ဝင်။

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ က အဖွဲ့ဝင်အဖြစ် ခန့်ထားသည့် အခြားပုဂ္ဂိုလ်လေးဦး—အဖွဲ့ဝင်များ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အခါအားလျော်စွာ၊ အဖွဲ့ဝင်ဦးရေကိုတိုးချဲ့၍ ခန့်နိုင်သည်။"

အဘိုး—၁၀ ပြား။]

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၇ တွင်၊ " ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့် " ဆိုသည့်စကားရပ်အစား၊ " ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ဆ)၊ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ ခန့်ထားခြင်းခံရသောအဖွဲ့ဝင်များအနက်၊ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၈ တွင်၊ " ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့် " ဆိုသည့်စကားရပ်အစား၊ " ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဆ) အရ ခန့်ထားခြင်းခံရသော အဖွဲ့ဝင်များအနက်၊ အစိုးရအရာရှိမဟုတ်သူ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၉ တွင်၊ " ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့် " ဆိုသည့်စကားရပ်အစား၊ " ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဆ)၊ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ ခန့်ထားခြင်းခံရသောအဖွဲ့ဝင်များအနက်၊ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၁ တွင်၊ ပုဒ်မခွဲ (၃) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

" (၃) ဥက္ကဋ္ဌ သည်၊ အဖွဲ့၏အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်လျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) တွင် ဖေါ်ပြထားသည့် ဒုတိယ ဥက္ကဋ္ဌ က၊ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ နှင့် ထိုဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက်လျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင် ဖေါ်ပြထားသည့် ဒုတိယ ဥက္ကဋ္ဌ က သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးနှင့် ဥက္ကဋ္ဌ ပါမတက်ရောက်လျှင်၊ အစည်းအဝေးသို့ တက်ရောက်သော အဖွဲ့ဝင်များသည်၊ မိမိတို့အထဲမှတဦးကို၊ သဘာပတိအဖြစ် ဆောင်ရွက်ရန်ရွေးကောက်တင်မြှောက်ရမည်။ "

၇။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၂ တွင်၊ ပုဒ်မခွဲ (၂) ၌ " အဖွဲ့၏ ထောက်ခံချက်အရ " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၂၄၀၊ တရားရေးဌာန၊ ၅-၁၀-၆၂—၂၃၂၂ + ၄—၂။

# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှု ကောင်စီအက်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။(၁) ကောင်စီတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ယဉ်ကျေးမှုဌာနတာဝန်ခံအပြင်၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ က ခန့်ထားသော ပုဂ္ဂိုလ် များလည်းပါဝင်ရမည်။

(၂) ယဉ်ကျေးမှုဌာန တာဝန်ခံသည်၊ ကောင်စီ၏ဥက္ကဋ္ဌဖြစ်ရမည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ ကောင်စီဝင်လူကြီးများထဲမှ တဦးဦးကို ကောင်စီ၏ ဒုတိယဥက္ကဋ္ဌ အဖြစ်ဖြင့်ခန့်ထားနိုင်သည်။

(၄) ကောင်စီသည်၊ သာမန်၊ သို့တည်းမဟုတ် အထူးကိစ္စအတွက် လိုအပ်သော ပုဂ္ဂိုလ်များကို၊ ပူးတွဲဆောင်ရွက်ရန် ခန့်ထား နိုင်သည်။

(၅) ကောင်စီ၏ အာဏာများနှင့် တာဝန်ဝတ္တရားများကိုဆောင်ရွက် နိုင်ရန်အလို့ငှါ၊ အလုပ်အမှုဆောင်အဖွဲ့တခုရှိရမည်။ ထိုအလုပ် အမှုဆောင်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(က) ဥက္ကဋ္ဌ။

(ခ) ဒုတိယဥက္ကဋ္ဌ။

(ဂ) ကောင်စီ၏အတွင်းရေးမှူး။

(ဃ) ဥက္ကဋ္ဌကရွေးချယ်ခန့်ထားသည့်ကောင်စီလူကြီး။"

၃။ ။အဆိုပါဥပဒေပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၄) ၌ "ဥက္ကဋ္ဌနှင့်အုပ်ချုပ်ရေးမှူးတို့အား" ဆိုသည့် စကားရပ်အစား၊ "အလုပ်အမှုဆောင်အဖွဲ့၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူးအား" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၄) နောက်၌၊ အောက်ပါကို ပုဒ်မခွဲ (၅) အဖြစ် ထည့်သွင်းရမည်။

"(၅) ကောင်စီသည်၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် ကိစ္စများအတွက် ငွေချေးယူနိုင်သည့်ပြင်၊ မိမိရံပုံငွေထဲမှ ငွေများကိုလည်းထုတ်ချေးနိုင်သည်။"

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၃ တွင်၊ ပုဒ်မခွဲ (၁) ၌၊ "နိုင်ငံတော်အစိုးရထံမှရရှိသောငွေအားလုံးကိုရင်း၊" ဆိုသည့်စကားရပ်နောက်တွင် "ဤအက်ဥပဒေအရ ချေးယူသောငွေအားလုံးကိုရင်း၊" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄၊ အပိုဒ် (ခ) နောက်တွင်၊ အောက်ပါကို အပိုဒ် (ဂ) အဖြစ် ထည့်သွင်းရမည်။

"(ဂ) ဤအက်ဥပဒေ၊ သို့တည်းမဟုတ် အခြား တရားဥပဒေအရ ယဉ်ကျေးမှုဆိုင်ရာကိစ္စများအတွက် ငွေထုတ်ချေးရန်။"

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၉ တွင်၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) ၌၊ "ဥက္ကဋ္ဌနှင့်အုပ်ချုပ်ရေးမှူးအသီးသီးအား" ဆိုသည့် စကားရပ်အစား၊ "အလုပ်အမှုဆောင်အဖွဲ့၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူးအား" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

# ၁၉၆၂ ခုနှစ်၊ အနုပညာရှင်များအမတော်ကြေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၃။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ အနုပညာရှင်များအမတော်ကြေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "အမတော်ကြေး" ဆိုသည်မှာ၊ ဤဥပဒေ အရ၊ အနုပညာရှင် အား၊ ထုတ်ချေးသည့် အမတော်ကြေးကို ဆိုလိုသည်။

(ခ) "ကောင်စီ" ဆိုသည်မှာ၊ ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီ အက်ဥပဒေ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုကောင်စီကို ဆိုလိုသည်။

(ဂ) "အနုပညာရှင်" ဆိုသည်မှာ၊ ဇာတ်၊ ပြဇာတ်၊ ကဇာတ်၊ ရုပ်သေး၊ဆပ်က (Circus)၊ အငြိမ့်၊ ဆိုင်းဝိုင်း၊ တီးဝိုင်း၊ ပန်းချီ၊ သို့တည်းမဟုတ် ပန်းပုဖြင့်အသက်မွေးဝမ်းကျောင်းရှာမှီးလျက်ရှိသောအနုပညာရှင်ကို ဆိုလိုသည်။ ထိုစကားရပ်တွင်ကောင်စီက အနုပညာရှင်ဟု အမိန့်ကြော်ငြာစာဖြင့် ကြေညာသည့် သူများ ပါဝင်သည်။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ အနုပညာရှင်များ၏ လုပ်ငန်းများ ပိုမိုကောင်းမွန်စေရန်၎င်း၊ ထိုလုပ်ငန်းများကို ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ချမှတ်ထားသည့် ဝါဒလမ်းစဉ်များနှင့်အညီ ထိရောက်စွာဆောင်ရွက်နိုင်ရန်၎င်း၊ ထိုလုပ်ငန်းများနှင့် စပ်ဆိုင်သောပစ္စည်းများဝယ်ယူနိုင်ရန်၎င်း အနုပညာရှင်များအား၊ ထုတ်ချေးရမည့် အမတော်ကြေးများနှင့် စပ်လျဉ်း၍၊ စည်းမျဉ်းသတ်မှတ်သည့် နည်းဥပဒေများကို၊ အမိန့်ကြော်ငြာစာဖြင့်ပြုနိုင်သည်။

(၂) အနုပညာရှင်များအား၊ အမတော်ကြေးများကို၊ ကောင်စီရံပုံငွေထဲမှ ထုတ်ချေးနိုင်သည်။

(၃) ဤဥပဒေအရ၊ အနုပညာရှင်များအား၊ အမတော်ကြေးထုတ်ချေးနိုင်သည့် အာဏာပိုင်သည်၊ ကောင်စီဖြစ်ရမည်။

**အဘိုး— ၁၀ပြား]**

၄။ ။အဆိုပါ နည်းဥပဒေများနှင့်အညီ ထုတ်ချေးသည့် အမတော်ကြေး ဟူသရွေ့ကိုဎင်း၊ ထိုအမတော်ကြေးအပေါ်တွင် တောင်းခံနိုင်သည့် အတိုးအားလုံးကို ၎င်း၊ ထိုအမတော်ကြေး ထုတ်ချေးရာတွင်ဖြစ်စေ၊ အရတောင်းခံရာတွင်ဖြစ်စေ ကုန်ကျသည့် စရိတ်များကို၎င်း ထိုအမတော်ကြေးထုတ်ချေးထားသူထံမှဖြစ်စေ၊ ထိုအမတော်ကြေးပေးဆပ်ရန် ခံဝန်သူတဦးဦးထံမှဖြစ်စေ မြေခွန်တော်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံနိုင်သည်။

၅။ ။အဆိုပါ အမတော်ကြေး ပေးဆပ်ခြင်းနှင့် စပ်လျဉ်း၍၊ ချုပ်ဆိုသောမည်သည့် စာချုပ်စာတမ်းကိုမဆို၊ မှတ်ပုံတင်အက်ဥပဒေ အရ၊ မှတ်ပုံတင်ရခြင်းမှ ကင်းလွတ်စေရမည်။

ပ၊မ၊ဗ၊စ၊ အမှတ် ၂၄၃၊ တရားရေးဌာန၊ ၅-၁၀-၆၂—၂၃၂၂+၄—၂။

# ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်တွင်ဖေါ်ပြပါ တာဝန်ခံများသည်၊ ၎င်းတို့နှင့် ယှဉ်ပြထားသော အခွန်တော်များမှ ဆက်လက်ယှဉ်တွဲဖေါ်ပြသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ရည်ညွှန်းထားသည့်ဇယားတွင် ဖေါ်ပြထားသည့်အတိုင်း အသီးသီးထုတ်၍၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာတော်ငွေ အမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ဘဏ္ဍာရေးတာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများ။ | ၄၄,၅၀,၆၀,၁၀၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ရှမ်း ပြည် နယ် ၏ ဘဏ္ဍာတော် ငွေများ။ | ဝဝ,ဝ၅,၂၁၀ | နောက်ဆက်တွဲ ဇယား(ခ)။ |
| ၃ | က ချင် ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည် နယ် ၏ ဘဏ္ဍာတော် ငွေများ။ | ၁၀,၀၆,၆၆၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |
| ၄ | ကရင်ပြည်နယ်ဦးစီး အဖွဲ့ ဥက္ကဋ္ဌ။ | ကရင်ပြည် နယ် ၏ ဘဏ္ဍာတော် ငွေများ။ | ၁,ဝ၁,၉ဝဝ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | က ယား ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။ | ၃,၂၉,၀၂၀ | နောက်ဆက်တွဲ ဇယား(င)။ |

အဘိုး ၁၀ ပြား]

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၁ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၂ ) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းထက်ပိုမို၍သော်၎င်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်များအတွက်၊ ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာဘော်နှစ်အတွက် မူလခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းများထက် ပိုမို၍သော်၎င်း၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲဇယား (က)

## ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ် သုံးစွဲရန်စာရင်း

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ် |
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော် ... ... | ၃၆,၀၀၀ |
| မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု ... ... ... | ၅၄,၀၃၀ |
| မြေခွန်တော် ... ... ... ... | ၃၇,၃၂,၀၀၀ |
| ယစ်မျိုး ... ... ... ... | ၁,၅၅,၀၀၀ |
| တံဆိပ်ကော်ခေါင်းများနှင့်မှတ်ပုံတင်မှု ... ... | ၂၄,၅၃၀ |
| သစ်တော ... ... ... ... | ၇,၀၂,၅၀၀ |
| အခြားအခွန်တော်များနှင့်အကောက်တော်များ ... ... | ၄၇,၇၀၀ |
| ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ ... ... | ၂,၇၀,၃၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... ... ... | ၂၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၂၁ |
| တရားရေး ... ... ... ... | ၄,၉၃,၆၆၀ |
| ရဲအဖွဲ့ ... ... ... ... | ၁,၀၉,၈၅,၁၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၁၀ |
| နိုင်ငံခြားရေး ... ... ... ... | ၁၇,၉၈,၀၆၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... ... | ၄,၅၀,၀၀၀ |
| ပညာရေး ... ... ... ... | ၃၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၆၅,၁၄,၈၇၀ |
| အထွေထွေဌာနများ ... ... ... | ၅၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၇,၀၀,၀၀၁ |
| အထွေထွေ ... ... ... ... | ၂,၀၃,၁၃,၀၉၀ |
| ကာကွယ်ရေး ... ... ... ... | ၁,၇၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီတင်ရှိသည့်ကြွေးမြီတာဝန်များ ... | ၄,၀၀၀ |
| ချင်းဝိသေသတိုင်းအုပ်ချုပ်ရေး ... ... ... | ၅,၃၄,၈၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၁၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း ... | ၁၀ |

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ် |
| ပညာရေးအတွက် မ,တည်ငွေရင်း ... ... ... | ၁၁,၃၄,၅၉၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ... | ၉,၅၉,၁၇၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... ... | ၁၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... ... | ၂,၃၅,၅၃၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၈၆,၃၀,၀၁၀ |
| နိုင်ငံတော်အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများတွင် အစိုးရ၏အကျိုးတူရင်းနှီးမြှုပ်နှံငွေ ... ... | ၃၂,၄၄,၆၉,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင်ထုတ်ပေးငွေများ ... ... ... | ၆,၂၁,၅၃,၀၀၀ |
| ပေါင်း ... | ၄၄,၅၀,၆၈,၁၀၀ |

နောက်ဆက်တွဲဇယား (ခ)

## ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ် သုံးစွဲရန် စာရင်း

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ် |
| မြေခွန်တော် ... ... ... | ၃၈,၂၀၀ |
| အတိုး ... ... ... | ၂၆,၃၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၅၄,၅၀၀ |
| တရားရေး ... ... ... | ၁၀ |
| အကျဉ်းထောင်များ ... ... ... | ၁၂,၅၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၅,၀၀၀ |
| ပညာရေး ... ... ... | ၁၄,၇၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၁,၅၀,၀၀၀ |
| စိုက်ပျိုးရေး ... ... ... | ၁၀,၀၀၀ |
| အထွေထွေဌာနများ ... ... ... | ၂၁,၆၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၃,၁၀,၀၀၀ |
| ပင်စင်လစာငွေများ ... ... ... | ၁,၇၉,၀၀၀ |
| အထွေထွေများ ... ... ... | ၁,၃၅,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီ တင်ရှိသည့်ကြွေးမြီတာဝန်များ ... | ၂၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း ... ... | ၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၅၁,၀၃,၁၀၀ |
| အစိုးရမှချေးငွေများ ... ... ... | ၂၁,၈၀,၁၀၀ |
| အခြားအတိုးရသည့်ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင်ထုတ်ပေးငွေများ ... ... ... | ၅,၇၅,၀၀၀ |
| ပေါင်း ... | ၈၈,၀၅,၂၁၀ |

နောက်ဆက်တွဲဇယား (ဂ)

## ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ်သုံးစွဲရန် စာရင်း

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ ။ |
|---|---|
| | ကျပ် |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ ... ... | ၁၁,၂၄၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၄,၈၀,၀၀၀ |
| အထွေထွေ ... ... .. ... | ၄၀,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း .. ... | ၅၄,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... ... | ၄,၁၉,၇၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၈၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ ... ... ... | ၁,၆၄၀ |
| ပေါင်း ... | ၁၀,၀၆,၆၆၀ |

နောက်ဆက်တွဲဇယား (ဃ)

## ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ် သုံးစွဲရန် စာရင်း

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ် |
| မြေခွန်တော် ... ... ... ... | ၂,၅၄၀ |
| တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု ... ... | ၃၀၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ ... ... ... | ၁,၀၀၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၇,၅၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၁၀ |
| စက်မှု လက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း ... ... | ၁,၇၅၁ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ ... ... ... | ၁,၆၈,၈၈၀ |
| ပေါင်း ... | ၁,၈၁,၉၈၀ |

နောက်ဆက်တွဲဇယား (င)

# ကယားပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ နောက်ထပ်သုံးစွဲရန် စာရင်း

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ် |
| မြေခွန်တော် ... ... ... ... | ၃,၇၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၃၆,၉၅၀ |
| ရဲအဖွဲ့ ... ... ... ... | ၃၃,၈၀၀ |
| ပညာရေး ... ... .. ... | ၈,၀၀၀ |
| ဆေးဘက်ဆိုင်ရာ ... ... ... | ၄၈,၀၄၀ |
| တိရစ္ဆာန်ဆေးကုသရေး ... ... ... | ၇,၈၃၀ |
| အထွေထွေဌာနများ ... ... ... | ၄,၃၀၀ |
| အထွေထွေ ... ... ... ... | ၃,၄၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၁,၈၂,၅၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ .. ... ... | ၅၀၀ |
| ပေါင်း ... | ၃,၂၉,၀၂၀ |

ပ၊မ၊ဗ၊စ၊—အမှတ် ၂၄၆၊ တရားရေးဌာန၊ ၁၂-၁၀-၆၂—၂၃၂၂+၄—၂။

# ၁၉၆၂ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြန်လည်ထူထောင်ရေ အဖွဲ့ အက်ဥပဒေကိုပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေတွင်၊ပုဒ်မ ၂၇ အစား၊အောက်ပါကို၊ပုဒ်မ ၂၇ အဖြစ်ထည့်သွင်းရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက၊ အဖွဲ့၏ အာဏာများကိုရုပ်သိမ်းနိုင်ခြင်း။

"၂၇။ ။(၁) ဤအက်ဥပဒေအရပြီးမြောက်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားသောကိစ္စများကို၊အဖွဲ့က စည်းကမ်း တကျ ပြီးမြောက်အောင် မဆောင် ရွက်သည့်ပြင်၊ ဆောင်ရွက်မည့် လက္ခဏာလည်းမရှိဟူ၍၎င်း၊ အာဏာများကိုအပ်နှင်းထားသည်ထက်ပို၍သုံးစွဲခြင်း၊ သို့တည်းမဟုတ် အဖွဲ့သုံးစွဲခြင်းပြုသည်ဟူ၍၎င်း ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက၊မည်သည့်အခါတွင်မဆိုထင်မြင်သဘောရရှိလျှင်၊ ထို အာဏာများကို၊အမိန့်ကြော်ငြာစာထုတ်ပြန်၍ရုပ်သိမ်းနိုင်သည်။

(၂) ထိုသို့အဖွဲ့၏ အာဏာများကို ရုပ်သိမ်းသောအခါ၊ အောက်ပါ အတိုင်းအကျိုးသက်ရောက်ရမည်။

(က) အဖွဲ့ဝင်အားလုံးသည်၊ ပုဒ်မခွဲ (၁) အရ၊အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် နေ့ရက်မှစ၍ရာထူးမှနုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အဖွဲ့၏အာဏာနှင့် တာဝန်ဝတ္တရားအားလုံးကို၊ ထိုသို့ရုပ် သိမ်းထားသည့်ကာလအပိုင်းအခြားအတွင်း၊ သုံးစွဲဆောင် ရွက်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌခန့်ထားသည့် ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်တို့က သုံးစွဲဆောင်ရွက်ရမည်။

(ဂ) ထိုသို့ရုပ်သိမ်းထားသည့် ကာလအပိုင်းအခြားအတွင်း အဖွဲ့ပိုင် ပစ္စည်းအားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန် ရေးကောင်စီ ဥက္ကဋ္ဌ ၌တည်ရှိရမည်။"

မ၊မ၊ဗ၊ဂ၊—အမှတ် ၂၊ တရားရေးဌာန၊ ၁၆-၁၀-၆၂—၂,၃၂၂+၂—၂။
အဘိုး—၁၀ ပြား]

# ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၆။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁။

### နိဒါန်း။

အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''ပုံနှိပ်ထုတ်ဝေစာ'' ဆိုသည့်စကားရပ်တွင် လက်ရေးစာ၊ သို့တည်းမဟုတ်ပုံနှိပ်စာအားလုံးပါဝင်သည့်ပြင်၊လက်ရေးစာနှင့်သော်၎င်း၊ ပုံနှိပ်စာနှင့်သော်၎င်း၊ အမျိုးအစားတူသည်ဖြစ်စေ၊မတူသည်ဖြစ်စေ၊ ထင်ရှားမြင်သာသောပုံသဏ္ဌာန်ပါရှိသည့်၊ သို့တည်းမဟုတ် ပုံအားဖြင့်သော်၎င်း၊သဏ္ဌာန်အားဖြင့်သော်၎င်း၊ အခြားနည်းအားဖြင့်သော်၎င်း၊ စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကို ဖြစ်စေ၊ ရိပ်မိစေနိုင်သည့်အရာဟူသရွေ့နှင့် ၎င်း၏မိတ္တူ၊ သို့တည်းမဟုတ် ၎င်းကိုလုံးဝဖြစ်စေ၊လုံးဝနီးနီးဖြစ်စေ၊ ထုတ်ဝေသည့်အရာဟူသရွေ့လည်း ပါဝင်သည်။

(ခ) ''စာစောင်၊ဂျာနယ်၊မဂ္ဂဇင်း''ဆိုသည်မှာ၊အချိန်မှန်မှန်ထုတ်သည့်၊ သို့တည်းမဟုတ် အချိန်မှန်မှန်ဖြစ်စေ၊ အချိန်မှန်မှန်မဟုတ်ဘဲဖြစ်စေ၊ အပိုင်းလိုက်သော်၎င်း၊ အမှတ်စဉ်လိုက်သော်၎င်း၊ ထုတ်သည့်ပုံနှိပ်ထုတ်ဝေစာတခုခုကိုဆိုလိုသည်။

(ဂ) ''စာအုပ်'' ဆိုသည့်စကားရပ်တွင်၊ မည်သည့်ဘာသာဖြင့်မဆို ထုတ်သည့်စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်းနှင့်စာရွက်ဟူသရွေ့ပါဝင်သည့်ပြင်၊ တသီးတခြားအချပ်လိုက်ပုံနှိပ်ထားသည့်၊ သို့တည်းမဟုတ် ကျောက်ပုံနှိပ်ထားသည့်၊ သို့တည်းမဟုတ် အခြားနည်း စက်ဖြင့်ပြုလုပ်သည့် တူရိယာတီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံ၊ ပုံစံဟူသရွေ့လည်းပါဝင်သည်။

(ဃ) '' သတင်းစာ '' ဆိုသည်မှာ၊ ပြည်သူတို့နှင့်သက်ဆိုင်သော သတင်းများဖြစ်စေ၊ ပြည်သူတို့နှင့်သက်ဆိုင်သော သတင်းဝေဘန်ချက်များဖြစ်စေ၊ ပါရှိသောအချိန်မှန်မှန်ထုတ်သည့် ပုံနှိပ်ထုတ်ဝေစာတခုခုကို ဆိုလိုသည်။

(င) '' စာပုံနှိပ်တိုက် '' ဆိုသည့်စကားရပ်တွင်၊ စာပုံနှိပ်စက်၊ ၎င်းနှင့် သက်ဆိုင်သောစက်၊ စက်ယန္တရားစု၊ စက်ကိရိယာတန်ဆာ၊ စက်အစိတ်အပိုင်းနှင့်စာတမ်းအမှတ်အသား အမြောက်အမြားရိုက်နှိပ်ရန်အသုံးပြုသောပစ္စည်းအားလုံးပါဝင်သည်။

(စ) '' စာပုံနှိပ်စက် '' ဆိုသည့်စကားရပ်တွင်၊ ပုံနှိပ်ရန်အလို့ငှါ၊ အသုံးပြုသောအင်ဂျင်စက်၊ စက်ကိရိယာ၊ ကျောက်ပုံနှိပ်ရန် ကျောက်ပြားများ၊ ကိရိယာတန်ဆာ၊ အသုံးအဆောင်နှင့်အခြားစက်ယန္တရားစု ပါဝင်သည်။

(ဆ) '' ပုံနှိပ်သူ ''ဆိုသည့်စကားရပ်တွင်၊ အပိုဒ် (င) နှင့် (စ) တွင်ဖေါ်ပြထားသော စာပုံနှိပ်တိုက်နှင့်စာပုံနှိပ်စက်ပိုင်ဆိုင်သည့်သူ ပါဝင်ရမည့်ပြင်၊ ပိုင်ရှင်အများရှိသည့်ကိစ္စ၌ အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစု (Family Business)၊ သို့တည်းမဟုတ် အခြားအသင်းအဖွဲ့များဖြစ်ပါမူ၊ စီမံအုပ်ချုပ်သောအစုရှင်၊ စီမံအုပ်ချုပ်သောဥက္ကဋ္ဌ၊ မန်နေဂျင်း ဒါရိုက်တာ၊ အတွင်းရေးမှူး၊ သို့တည်းမဟုတ် တာဝန်ခံပုဂ္ဂိုလ်တဦးဦးလည်းပါဝင်သည်။

(ဇ) '' ထုတ်ဝေသူ '' ဆိုသည့်စကားရပ်တွင်၊ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့်အခြားပုံနှိပ်ထုတ်ဝေစာများ ထုတ်ဝေသူပါဝင်ရမည့်ပြင်၊ ပိုင်ရှင်အများရှိသည့်ကိစ္စ၌ အစုစပ် (Partnership)၊ ကုမ္ပဏီ (Company)၊ မိသားစု (Family Business)၊ သို့တည်းမဟုတ် အခြားအသင်းအဖွဲ့များဖြစ်ပါမူ၊ စီမံအုပ်ချုပ်သောအစုရှင်၊ စီမံအုပ်ချုပ်သောဥက္ကဋ္ဌ၊ မန်နေဂျင်း ဒါရိုက်တာ၊ အတွင်းရေးမှူး၊ သို့တည်းမဟုတ် တာဝန်ခံပုဂ္ဂိုလ်တဦးဦးလည်းပါဝင်သည်။

(ဈ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်သတ်မှတ်သည်ကိုဆိုလိုသည်။

## အပိုင်း ၂။

### စာပုံနှိပ်စက်များနှင့် သတင်းစာများ။

စာပုံနှိပ်စက်လက်ရှိထားသူက ဝန်ခံချက် ပြုလုပ်ရခြင်း။

၃။ ။(၁) ဤဥပဒေတွင် အခြားနေရာ၌ မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမျှ၊ စာအုပ်များ၊ သို့တည်းမဟုတ် စာရွက်စာတမ်းများ ပုံနှိပ်ရန် စာပုံနှိပ်စက် တခုခုကို၊ ၎င်းစာပုံနှိပ်စက် တည်ရှိရာနယ်အတွင်းစီရင်ပိုင်ခွင့် အာဏာရ ပဉ္စမတန်း ရာဇဝတ်တရားသူကြီးထံတွင် သတ်မှတ်သည့် ဝန်ခံချက်ကို မပြုလုပ်၊ လက်မှတ်မရေးထိုးလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းလက်ရှိမထားရ။

သတင်းစာပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူ ဆောင်ရွက်ရမည့်ကိစ္စများ။

(၂') သတင်းစာဟူသရွေ့ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ပုဒ်မ ၆ အရ၊ မိမိ၏ လုပ်ငန်းကို မှတ်ပုံမတင်မီ၊ ထိုသတင်းစာပုံနှိပ်ရာ၊ သို့တည်းမဟုတ် ထုတ်ဝေရာ နယ်အတွင်းဖြစ်စေ၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူ နေထိုင်ရာနယ်အတွင်းဖြစ်စေ၊ စီရင်ပိုင်ခွင့် အာဏာရ ပဉ္စမတန်း ရာဇဝတ် တရားသူကြီးထံသို့၊ ကိုယ်တိုင်လာရောက်၍၊ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ၊ ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် ကိုယ်စားလှယ်စေလွှတ်၍၊ သတ်မှတ်သည့်ဝန်ခံချက်ကိုပြုလုပ်ကာ လက်မှတ်ရေးထိုးရမည်။

(၃) ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ပုံနှိပ်ရာ၊ သို့တည်းမဟုတ် ထုတ်ဝေရာအရပ်ပြောင်းရွှေ့သည့်အခါ သတ်မှတ်သည့်ဝန်ခံချက်ကို အသစ်ပြုလုပ်ကာ လက်မှတ်ရေးထိုးရမည်။

(၄) အထက်တွင်ဆိုခဲ့သည့်အတိုင်း ပြုလုပ်၍လက်မှတ်ရေးထိုးသည့် ဝန်ခံချက်အသီးသီး၏မူရင်းနှင့်စပ်လျဉ်း၍ထိုပဉ္စမတန်းရာဇဝတ်တရားသူကြီး မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုသတ်မှတ်ရမည်။

ဝန်ခံချက်ကို လက်မှတ်ရေးထိုးပြီးနောက် ပုံနှိပ်သူ၊ သို့တည်းမဟုတ်ထုတ်ဝေသူအဖြစ်မှ ရပ်စဲသူ၏ ဝန်ခံချက်။

၄။ ။(၁) ဤဥပဒေတွင်အခြားနေရာ၌ မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို အထက်အဆိုပါ ဝန်ခံချက်တခုခုကို လက်မှတ်ရေးထိုးပြီးနောက်၊ အဆိုပါဝန်ခံချက်တွင်ဖော်ပြထားသည့် သတင်းစာနှင့်စပ်လျဉ်း၍ပုံနှိပ်သူ၊ သို့တည်းမဟုတ်ထုတ်ဝေသူအဖြစ်မှ ရပ်စဲသွားလျှင်၊ သက်ဆိုင်ရာပဉ္စမတန်း ရာဇဝတ်တရားသူကြီးထံလာရောက်၍၊ သတ်မှတ်သည့်ဝန်ခံချက်သုံးစောင်ပြုလုပ်ကာလက်မှတ်ရေးထိုးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရပြုသည့် ဝန်ခံချက်မူရင်း အသီးသီးနှင့် စပ်လျဉ်း၍ ထိုပဉ္စမတန်း ရာဇဝတ်တရားသူကြီး မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို သတ်မှတ်ရမည်။

## အပိုင်း ၃။

### ဗဟိုမှတ်ပုံတင်အဖွဲ့နှင့်မှတ်ပုံတင်အရာရှိများ။

ဗဟိုမှတ်ပုံတင်အဖွဲ့ဖွဲ့စည်းခြင်း။

၅။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါကိစ္စများနှင့် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ ပြန်ကြားရေးဌာန လက်အောက်တွင် ဗဟိုမှတ်ပုံတင်အဖွဲ့တခုကို၊ သတ်မှတ်သည့်အတိုင်း ဖွဲ့စည်းရမည်။

မှတ်ပုံတင် အရာရှိများခန့်ထားခြင်း။

(၂) ပြန်ကြားရေးဌာန တာဝန်ခံသည်၊ ဤဥပဒေအရတာဝန်ဝတ်တရားများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ၊ ရန်ကုန်နှင့် အခြားခရိုင်အသီးသီးအတွက် မှတ်ပုံတင်အရာရှိနှင့် အခြားရာထမ်းမှုထမ်းများကို လိုအပ်သလို ခန့်ထားနိုင်သည်။

မှတ်ပုံတင် အရာရှိများ၏ အာဏာနှင့် တာဝန်ဝတ်တရားများ။

(၃) ဤဥပဒေပါပြဋ္ဌာန်းချက်များ နှင့်မဆန့်ကျင်စေဘဲ၊ မှတ်ပုံတင်အရာရှိများသည်၊ ဗဟိုမှတ်ပုံတင်အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ သတ်မှတ်သည့်အာဏာနှင့်တာဝန်ဝတ်တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

# အပိုင်း ၄။

## ပုံနှိပ်သူနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ခြင်း။

**ပုံနှိပ်သူနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ရခြင်း။**

၆။ ။(၁) ဤဥပဒေတွင်အခြားနည်း ပြဋ္ဌာန်းထားသည်မှတပါး ပုံနှိပ်သူတိုင်းသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူတိုင်းသည်၊ ပုဒ်မ ၃ အရ၊ ဝန်ခံချက်ကို ပြုလုပ်လက်မှတ်ထိုးပြီးနောက်၊ မိမိ၏ လုပ်ငန်းကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်သည့် လျှောက်လွှာပုံစံဖြင့် သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(၂) ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ထိုလက်မှတ်ပါ စည်းကမ်းချက်များ၊ သို့တည်းမဟုတ် လိုအပ်ချက်များအရမှတပါး၊ မည်သူမျှ ပုံနှိပ်သည့်လုပ်ငန်းကိုသော်၎င်း၊ ထုတ်ဝေသည့်လုပ်ငန်းကိုသော်၎င်း၊ မဆောင်ရွက်စေရ။

**လျှောက်လွှာနှင့် အတူ ပေးပို့ ရမည့် အကြောင်းအရာများ။**

၇။ ။ဤဥပဒေအရ မှတ်ပုံတင်ရန် လျှောက်လွှာနှင့်အတူ၊ သတ်မှတ်သည့် စာတမ်း အမှတ်အသားများနှင့် အကြောင်းအရာများကို ပေးပို့ရမည်။

**ယာယီမှတ်ပုံတင် သက်သေခံ လက်မှတ် ထုတ်ပေးခြင်း။**

၈။ ။(၁) သက်ဆိုင်ရာ မှတ်ပုံတင် အရာရှိသည်၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူထံမှ မှတ်ပုံတင်ရန်လျှောက်လွှာ ရရှိသည့်အခါ မိမိသင့်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်၊ သတ်မှတ်သည့်အတိုင်း ယာယီမှတ်ပုံတင် သက်သေခံ လက်မှတ်ထုတ်ပေးနိုင်သည်။

**လျှောက်လွှာနှင့် တကွ ဆိုင်ရာအမှုတွဲကိုဗဟိုမှတ်ပုံတင်အဖွဲ့သို့ပေးပို့ခြင်း။**

(၂) သက်ဆိုင်ရာမှတ်ပုံတင် အရာရှိသည်၊ ပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့် လုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် လျှောက်လွှာတွင်ဖေါ်ပြထားသည့် အကြောင်းအရာများ မှန် မမှန်စုံစမ်းစစ်ဆေးမှုကို သတ်မှတ်သည့်အတိုင်း ပြုလုပ်စေပြီးနောက်၊ ကြေနပ်လျှင်၊ မှတ်ပုံတင်သက်သေခံ လက်မှတ်ထုတ်ပေးရန်၊ သို့တည်းမဟုတ် မကျေနပ်လျှင်၊ မှတ်ပုံတင်သက်သေခံ လက်မှတ်ထုတ်မပေးရန် အစီရင်ခံချက်နှင့်တကွ အမှုတွဲကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ပေးပို့ရမည်။

(၃) ဗဟိုမှတ်ပုံတင်အဖွဲ့သည်၊ ပုဒ်မခွဲ (၂)အရ ပေးပို့သည့် အမှုတွဲကိုရရှိသည့်အခါ၊ စဉ်းစားဆင်ခြင်၍ မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးရန်အမိန့်ကိုသော်၎င်း၊ ထုတ်မပေးရန်အမိန့်ကိုသော်၎င်း၊ ချမှတ်ရမည်။

**မှတ်ပုံတင် သက်သေခံ လက်မှတ်အတည်ဖြစ်ရမည့် ကာလအပိုင်းအခြား။**

၉။ ။(၁) ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်သည်၊ သတ်မှတ်သည့် ကာလအပိုင်းအခြားအထိ အတည်ဖြစ်စေရမည်။

(၂) ဤဥပဒေ အာဏာမတည်မီက ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင် သက်သေခံ လက်မှတ်များသည်၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အတည်ဖြစ်ခြင်းမှရပ်စဲရမည်။

ဥပဒေအာဏာမတည်မီက ထုတ်ပေးထားသည့်မှတ်ပုံတင်သက်သေခံလက်မှတ် အတည်ဖြစ်ရမည့် ကာလ အပိုင်းအခြား၊

(၃) ပုဒ်မခွဲ (၁) နှင့် (၂) တွင် ရည်ညွှန်းသည့် မှတ်ပုံတင် သက်သေခံ လက်မှတ်ကို၊ သတ်မှတ်သည့်အတိုင်း အသစ်လဲလှယ်ရန် လျှောက်ထားနိုင်သည်။

၁၀။ ။မည်သည့်ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူမဆို၊ လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောနှင့်ဖြစ်စေ၊ မှတ်ပုံတင်သက်သေခံလက်မှတ် ရယူကြောင်းကို သော်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရဝါဒနှင့်သဘောထားကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအကျိုးကိုဖြစ်စေ၊ ထိခိုက်စေရန်အကြံနှင့်မှတ်ပုံတင် ကြောင်းကိုသော်၎င်း၊ စုံစမ်းစစ်ဆေး၍တွေ့ရှိလျှင်၊ ထိုမှတ်ပုံတင်သက်သေခံလက်မှတ်ကို၊ ဗဟိုမှတ်ပုံတင်အဖွဲ့က ရုပ်သိမ်းနိုင်သည်။

မှတ်ပုံတင် သက်သေခံ လက်မှတ်ရုပ်သိမ်းခြင်း။

**ခြွင်းချက်။** ။သို့ရာတွင် ဗဟိုမှတ်ပုံတင်အဖွဲ့က ဤပုဒ်မအရ အရေးယူဆောင်ရွက်သောအခါ၊ သက်ဆိုင်ရာပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူမှာ လာရောက်ထုချေပိုင်ခွင့်ရှိစေရမည်။

## အပိုင်း ၅။

### စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများပေးအပ်ခြင်း။

၁၁။ ။(၁) မည်သည့် စာအုပ်ကိုမဆို၊ ဤဥပဒေကစတင် အာဏာတည်ပြီးနောက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပုံနှိပ်သည့်အခါတိုင်း၊ သို့တည်းမဟုတ် ကျောက်ပုံနှိပ်သည့်အခါတိုင်း ပုံနှိပ်သူသည်၊ ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့ရုံးသို့ သတ်မှတ်သည့်အတိုင်း အဘိုးအခလွတ်ပေးအပ်ရမည်။

ဥပဒေ စတင် အာဏာတည်ပြီးနောက် ပုံနှိပ်သည့် စာအုပ်များကို အဘိုး အခလွတ်ပေးအပ်ရခြင်း။

(၂) ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့သည်၊ မိမိအားပုဒ်မခွဲ (၁) အရ၊ ပေးအပ်ထားသောစာအုပ်များကို သတ်မှတ်သည့်အတိုင်း စီမံခန့်ခွဲရမည်။

၁၂။ ။ပြည်ထောင်စု မြန်မာနိုင်ငံတွင်စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း အသီးသီးပုံနှိပ်သူသည်၊စာစောင်၊ဂျာနယ်၊ မဂ္ဂဇင်းကို ထုတ်ဝေသည့်အခါတိုင်း ထုတ်ဝေလျှင်ထုတ်ဝေခြင်း ထိုသို့ ထုတ်ဝေသည့် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့ရုံးသို့ သတ်မှတ်ထားသည့်အတိုင်း အဘိုးအခလွတ်ပေးအပ်ရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပုံနှိပ်သည့် စာစောင်၊ ဂျာနယ်၊မဂ္ဂဇင်း အဘိုး အခ လွတ်ပေးအပ်ရခြင်း။

## အပိုင်း ၆။

### စာအုပ်များကိုမှတ်ပုံတင်ခြင်း။

*စာအုပ် မှတ်တမ်းများကိုမှတ်ပုံတင်ခြင်း။*

၁၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပုံနှိပ်သော စာအုပ်များနှင့်စပ်လျဉ်း၍ ''စာအုပ်စာရင်း'' ခေါ် စာအုပ်ကို ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့ရုံး၌ ထားရှိရမည်။ ထိုစာအုပ်စာရင်းတွင်ပုဒ်မ ၁၁ အရ၊ ပေးအပ်သော စာအုပ် အသီးသီးနှင့် သက်ဆိုင်သည့် မှတ်တမ်းကို မှတ်ပုံတင်ရမည်။ အဆိုပါမှတ်တမ်းတွင် တတ်နိုင်သရွေ့ သတ်မှတ်ထားသည့် အကြောင်းအရာများပါရှိစေရမည်။

*မှတ်ပုံတင်ထားသည့် မှတ်တမ်းကို ထုတ်ပြန်ခြင်း။*

(၂) အဆိုပါစာအုပ်စာရင်းတွင် သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း မှတ်ပုံတင်ထားသော မှတ်တမ်းများကို ယင်းသို့ သတ်မှတ်သည့်ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ပြန်တမ်းတွင်ထုတ်ပြန်ရမည်။

## အပိုင်း ၇။

### ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ထုတ်ဝေသောသတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့်အခြားပုံနှိပ်ထုတ်ဝေစာများ။

*ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍၊ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် အခြား ပုံနှိပ်ထုတ်ဝေစာကို သိမ်းယူဖျက်ဆီးနိုင်ခွင့် အာဏာ။*

၁၄။ ။(၁) ရဲအရာရှိ၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အာဏာအပ်နှင်းထားသောအခြားသူတဦးဦးသည်၊ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ထုတ်ဝေသောသတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် အခြားပုံနှိပ်ထုတ်ဝေစာဟူသမျှကို တွေ့ရှိရာနေရာတိုင်း၌ သိမ်းယူနိုင်သည်။

(၂) ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပဋ္ဌမတန်းရာဇဝတ်တရားသူကြီး တဦးဦးသည်၊ ရဲအုပ်ရာထူး အဆင့်အတန်းအောက်မနိမ့်သော ရဲအရာရှိတဦးဦးအား၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့်အခြားပုံနှိပ်ထုတ်ဝေစာများ ထားသိုဘွယ်ရာရှိသည့်၊ သို့တည်းမဟုတ် ထားသိုဘွယ်ရာရှိသည်ဟု အကြောင်းအားလျော်စွာ သကာ်မကင်းသည့်နေရာသို့ ဝင်ရောက်ရှာဖွေရန် ဝါရမ်းစာဖြင့် အာဏာအပ်နှင်းနိုင်သည်။ အဆိုပါ ရဲအရာရှိသည်၊ ထိုနေရာတွင်တွေ့ရှိသော စာတမ်းအမှတ်အသားများကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့်အခြားပုံနှိပ်ထုတ်ဝေစာများဟု ဒိမိယူဆလျှင် သိမ်းယူနိုင်သည်။

(၃) ပုဒ်မခွဲ (၁) အရ၊ သိမ်းယူသော စာတမ်းအမှတ်အသား အားလုံးကို၊ ခရိုင်ရာဇဝတ် တရားသူကြီးထံသို့ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးထံသို့ဖြစ်စေ၊ ပဋ္ဌမတန်းရာဇဝတ်တရားသူကြီး ထံသို့ဖြစ်စေ၊ဆောလျင်နိုင်သမျှ ဆောလျင်စွာ တင်ပြ

ရမည်။ ထို့ပြင် ပုဒ်မခွဲ (၂) အရ သိမ်းယူသောစာတမ်း အမှတ်အသားအားလုံးကို၊ ဝါရမ်းစာထုတ်ဆင့်သော ခရိုင်ရာဇဝတ် တရားသူကြီးရုံး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ် တရားသူကြီး၊ သို့တည်းမဟုတ် ပဋ္ဌမတန်းရာဇဝတ်တရားသူကြီးရုံးသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာတင်ပြရမည်။

(၄) အဆိုပါစာတမ်းအမှတ်အသားတခုခုသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာဖြစ်သည်ဟု အဆိုပါ ခရိုင်ရာဇဝတ် တရားသူကြီး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပဋ္ဌမတန်းရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အဆိုပါ ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီးရုံးကဖြစ်စေ၊ ယူဆလျှင်၊ ထိုစာတမ်းအမှတ်အသားများကို ဖျက်ဆီးစေနိုင်သည်။ အဆိုပါ စာတမ်းအမှတ်အသားတခုခုသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြား ပုံနှိပ်ထုတ်ဝေစာမဟုတ်ဟု ထိုခရိုင်ရာဇဝတ် တရားသူကြီး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပဋ္ဌမတန်း ရာဇဝတ် တရားသူကြီးကဖြစ်စေ၊ ထိုခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၊ သို့တည်းမဟုတ် ပဋ္ဌမတန်း ရာဇဝတ် တရားသူကြီးရုံးကဖြစ်စေ၊ ယူဆလျှင်၊ ထိုစာတမ်းအမှတ်အသားများကို၊ ရာဇဝတ်ကျင့်ထုံး ကိုဥပဒေ ပုဒ်မ ၅၂၃၊ ၅၂၄ နှင့် ၅၂၅ တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းစီမံခန့်ခွဲရမည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာ ထုတ် လုပ်သည့် စာပုံနှိပ်စက်ကို ဖမ်းဆီး၍၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူနိုင်သည့်အာဏာ။

၁၅။ ။(၁) ခရိုင်ရာဇဝတ် တရားသူကြီးသည်၊ သို့တည်းမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးသည်၊ သို့တည်းမဟုတ် ပဋ္ဌမတန်းရာဇဝတ်တရားသူကြီးသည်၊ မိမိစီရင်ပိုင်ခွင့်အာဏာရဒေသနယ်နိမိတ်အတွင်း၊ စာပုံနှိပ်စက်တခုခုမှ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ် ထုတ်ဝေစာ ထုတ်လုပ်နေသည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင်၊ ၎င်းအုပ်ရာထူးအဆင့်အတန်း အောက်မနိမ့်သော ရဲအရာရှိ တဦးဦးအား၊ စာပုံနှိပ်စက်ရှိနိုင်သည့်၊ သို့တည်းမဟုတ် ရှိနိုင်သည်ဟု အကြောင်းအားလျော်စွာ သက်ာမကင်းသည့် နေရာသို့ ဝင်ရောက်ရှာဖွေရန်ဝါရမ်းစာဖြင့်အာဏာအပ်နှင်းနိုင်သည်။ အဆိုပါနေရာတွင် တွေ့ရှိသော စာပုံနှိပ်စက်သည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာ ထုတ်လုပ်သောစာပုံနှိပ်စက်ဖြစ်သည်ဟူ၍၎င်း၊ ထိုစာပုံနှိပ်စက်ကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ သတင်းစာ၊စာစောင်၊ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာ ထုတ်လုပ်ရေးအတွက် အသုံးပြုသည်ဟူ၍၎င်း၊ အဆိုပါရဲအရာရှိကယူဆလျှင်၊ ထိုရဲအရာရှိသည်၊ ထိုစာပုံနှိပ်စက်ကို သိမ်းဆည်းနိုင်သည့်ပြင်၊ ထိုနေရာတွင် တွေ့ရှိသော စာတမ်းအမှတ်အသားများကိုလည်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊

စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေစာများ ဖြစ်သည်ဟု မိမိယူဆလျှင် သိမ်းဆည်းနိုင်သည်။

(၂) ထိုရဲအရာရှိသည်၊ ထိုသို့ရှာဖွေကြောင်းကို ဝါရမ်းစာ ထုတ်ဆင့်သည့်ရုံး သို့ အစီရင်ခံရမည့်ပြင်၊ သိမ်းဆည်းထားသည့် ပစ္စည်းအားလုံးကိုလည်း၊ ထိုရုံးသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာတင်ပြရမည်။

**ခြွင်းချက်။** ။သို့ရာတွင် သိမ်းဆည်းထားသည့်စာပုံနှိပ်စက်တခုခုကို၊ အလွယ် တကူမရွှေ့ပြောင်းနိုင်လျှင်၊ ထိုရဲအရာရှိသည်၊ မိမိသင့်သည်ထင်မြင်သော ယိုစာပုံနှိပ် စက် အစိတ်အပိုင်းများကိုသာရုံးသို့တင်ပြနိုင်သည်။

(၃) အဆိုပါရုံးသည်၊ မိမိလိုအပ်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး နောက်၊ ဤပုဒ်မအရ သိမ်းဆည်းထားသော စာပုံနှိပ်စက်မှာ၊ ဤဥပဒေပါပြဋ္ဌာန်းချက် များနှင့် ဆန့်ကျင်၍သတင်းစာ၊ စာစောင်၊ ဂျာနယ်၊မဂ္ဂဇင်း၊ စာအုပ်၊ သို့တည်းမဟုတ် အခြားပုံနှိပ်ထုတ်ဝေ စာထုတ်လုပ်ရေးအတွက် အသုံးပြုသည့် စာပုံနှိပ်စက်ဖြစ်သည်ဟု ယူဆလျှင်၊ ထိုစာပုံနှိပ်စက်ကို၊ အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းယူစေရန် အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။အဆိုပါစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်၊ထိုရုံးသည်၊ ထိုသို့မယူဆလျှင်၊ ထိုစာပုံနှိပ်စက်ကို၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၅၂၃၊ ၅၂၄ နှင့် ၅၂၅ တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်းစီမံခန့်ခွဲရမည်။

(၄) ထိုရုံးသည်၊ ဤပုဒ်မအရ မိမိရှေ့တင်ပြသောစာတမ်း အမှတ်အသားများကို ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၄) တွင်ပြဋ္ဌာန်းထားသည့်အတိုင်းစီမံခန့်ခွဲရမည်။

## အပိုင်း ၈။

### ပြစ်ဒဏ်များ။

၁၆။ ။မည်သူမဆို၊ ပုဒ်မ ၃၊ ၁၁ နှင့် ၁၂ ပါပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

ပုဒ်မ ၃၊၁၁၊၁၂ နှင့် စပ်လျဉ်းသည့်ပြစ်ဒဏ်။

၁၇။ ။မည်သူမဆို၊ပုဒ်မ ၆ အရ မှတ်ပုံမတင်ဘဲ၊ပုံနှိပ်သည့်လုပ်ငန်းကိုသော်၎င်း၊ ထုတ်ဝေသည့်လုပ်ငန်းကိုသော်၎င်း၊ ပြုလုပ်လျှင်၊သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊စီရင်ခြင်းခံရမည်။

ပုဒ်မ ၆ အရမှတ်ပုံ မတင်ဘဲ ပုံနှိပ်ထုတ်ဝေသည့်အတွက်ပြစ်ဒဏ်။

၁၈။ ။မည်သူမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ အရဖြစ်စေ။ ဝန်ခံချက် ပြုလုပ်ရာ၌သော်၎င်း၊ လျှောက်ထားချက်တခုခုပြုလုပ်ရာ၌သော်၎င်း၊ မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟုမိမိသိရှိ၊ သို့တည်းမဟုတ် ယုံကြည်သည်လည်း ဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟုမိမိယုံကြည်ခြင်းလည်းမရှိသောအကြောင်းအရာကိုဖော်ပြလျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

မဟုတ်မမှန်ဖော်ပြသည့်အတွက်ပြစ်ဒဏ်။

*မှတ်ပုံတင် သက်သေခံလက်မှတ် ရုပ်သိမ်းပြီးနောက် လုပ်ငန်းဆက်လက် လုပ်ကိုင်သည့်အတွက် ပြစ်ဒဏ်။*

၁၉။ ။မည်သူမဆို၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူအဖြစ်ဖြင့် မိမိအား ထုတ်ပေးထားသည့် မှတ်ပုံတင် သက်သေခံလက်မှတ်ကို ရုပ်သိမ်းပြီးနောက်၊ သို့တည်းမဟုတ် အတည်ဖြစ်ခြင်းမှ ရပ်စဲပြီးနောက်၊ ပုံနှိပ်သည့် လုပ်ငန်းကိုသော်၎င်း၊ ထုတ်ဝေသည့် လုပ်ငန်းကိုသော်၎င်း၊ ဆက်လက် လုပ်ကိုင်ဆောင်ရွက် လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင် ခြင်းခံရမည်။

*နည်းဥပဒေ၊ သို့တည်း မဟုတ်အမိန့်ကို မလိုက်နာ သည့်အတွက်ပြစ်ဒဏ်။*

၂၀။ ။မည်သူမဆို၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေ တခုခုကိုသော်၎င်း၊ ဤဥပဒေအရအာဏာပိုင်တဦးဦးက ထုတ်ဆင့်သည့်အမိန့်ကို သော်၎င်း၊ လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့် ကျင်လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ် စေ၊ စီရင်ခြင်းခံရမည်။

## အပိုင်း ၄။

### အထွေထွေ။

*ဗဟိုမှတ်ပုံတင် အဖွဲ့က ချမှတ်သည့် အမိန့်ကို ပြန်ကြားရေးဌာန တာဝန်ခံထံ အယူခံဝင်နိုင်ခြင်း။*

၂၁။ ။ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေအရ ဖြစ်စေ၊ ဗဟိုမှတ်ပုံတင်အဖွဲ့က ချမှတ်သောအမိန့်တခုခုကို မကျေနပ် လျှင်၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ်ထုတ်ဝေသူသည်၊ သတ်မှတ် သည့်နည်းလမ်းအတိုင်း၊ သတ်မှတ်သည့်ကာလအပိုင်းအခြား အတွင်း ပြန်ကြားရေးဌာန တာဝန်ခံထံသို့ အယူခံဝင်နိုင် သည်။ အဆိုပါဌာနတာဝန်ခံ၏ ဆုံးဖြတ်ချက်သည်၊ အပြီး အပြတ် အတည်ဖြစ်ရမည်။

*ကင်းလွတ်ခွင့်ပြုရန် အာဏာ၊*

၂၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့် ကြော်ငြာစာဖြင့်မည်သည့်ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေ သူကိုမဆို၊ သို့တည်းမဟုတ် မည်သည့်ပုံနှိပ်ထုတ်ဝေစာကိုမဆို ဤဥပဒေပါပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် တခုခုနှင့် သက်ဆိုင်ခြင်းမှ စည်းကမ်းချက်များ ထားရှိ၍ဖြစ်စေ၊ စည်းကမ်းချက်များ မထားရှိဘဲ ဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) ဤဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေပါ ဇယားတွင် ဖော်ပြပါရှိ သော ပုံနှိပ်ထုတ်ဝေစာများနှင့် မသက်ဆိုင်စေရ။

*တရားစွဲဆိုခြင်းကိုပိတ်ပင် ခြင်း။*

၂၃။ ။ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေ၊ သို့တည်း မဟုတ် ချမှတ်သည့်အမိန့်တခုခုနှင့်အညီဖြစ်စေ၊ သဘောရိုး ဖြင့်ဆောင်ရွက်သည့်ကိစ္စတခုခုအတွက် မည်သူ့ကိုမျှတရားမ မှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

**ပြည်သူ့ဝန်ထမ်းများဟု မှတ်ယူခြင်း။**

၂၄။ ။ဗဟိုမှတ်ပုံတင်အဖွဲ့ဝင်၊ ဗဟိုမှတ်ပုံတင်အဖွဲ့ လက်အောက် ရှိမှတ်ပုံတင် အရာရှိနှင့်အခြားအရာထမ်း အမှုထမ်းအားလုံးသည်၊ ဤဥပဒေနှင့်အညီ ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် ချမှတ်သည့် အမိန့်တခုခုနှင့်အညီ ဖြစ်စေ ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်သော သဘော သက်ရောက်သည့် ပြုမှု တခုခုကိုပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

**ဇယားကိုပြင်ခြင်း။**

၂၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေပါဇယားကို ပြင်နိုင်သည်။

**နည်းဥပဒေပြုအာဏာ။**

၂၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေပါကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

(၂) အထူးအားဖြင့်၊ အထက်ပါအာဏာများ၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါ နည်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက်ပြဋ္ဌာန်းနိုင်သည်။

(က) ဗဟိုမှတ်ပုံတင်အဖွဲ့ဝင်တို့၏ရာထူးသက်တမ်း၊ အာဏာနှင့် တာဝန်ဝတ်တရားများ၊ ထို့ပြင် ၎င်းတို့အား ပေးရမည့်အခကြေးငွေများ။

(ခ) ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည့်နည်းလမ်းများ။

(ဂ) မှတ်ပုံတင် သက်သေခံလက်မှတ်၊ သို့တည်းမဟုတ် အသစ်လဲလှယ်သည့် မှတ်ပုံတင် သက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍၊ ပေးဆောင်ရမည့် အခကြေးငွေ။

(ဃ) မှတ်ပုံတင် သက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ သို့တည်းမဟုတ် လိုအပ်ချက်များ။

(င) မည်သည့် ကိစ္စမျိုးတွင် ဝန်ခံချက် ရုံးမိတ္တူမှာ ယုတ္တိထင်ရှားသည့် သက်သေခံဖြစ်ခြင်း။

(စ) ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူကထားရှိရမည့်စာရင်းစာအုပ်များ၊ သက်ဆိုင်ရာ အာဏာပိုင်ထံသို့ ပေးပို့ရမည့်အစီရင်ခံစာများ၊ စာရင်းအင်းများနှင့်အကြောင်းအရာများ။

(ဆ) သတင်းစာ၊စာစောင်၊ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့်အခြားပုံနှိပ်ထုတ်ဝေစာများပေါ်တွင် ပုံနှိပ်ထားရမည့်အကြောင်းအရာများ။

(ဇ) ဤဥပဒေအရ နည်းဥပဒေများဖြင့် သတ်မှတ်ရန် လိုသည့် အခြားကိစ္စများ။

**ရုပ်သိမ်းခြင်း။**

၂၇။ ။ပုံနှိပ်တိုက် (မှတ်ပုံတင်ရေး) အက်ဥပဒေ [The Press (Registration) Act] နှင့် ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ များကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ခြွင်းချက်။ ။သို့ရာတွင် ထိုသို့ရုပ်သိမ်းခြင်းသည်—

(က) ယခင်က အဆိုပါအက်ဥပဒေတခုခု အာဏာတည်ခြင်းကိုသော်၎င်း၊

(ခ) အဆိုပါအက်ဥပဒေတခုခုကို ကျူးလွန်သည့်ပြစ်မှုနှင့်စပ်လျဉ်း၍၊ ငွေဒဏ်စီရင်ခြင်း၊သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ထိုသို့ ငွေဒဏ်စီရင်ခံရခြင်း၊ သို့တည်းမဟုတ်ပြစ်ဒဏ်စီရင်ခံရခြင်းကိုသော်၎င်း၊

(ဂ) အဆိုပါငွေဒဏ်စီရင်ခံရခြင်း၊ သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်ခံရခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု၊တရားစွဲဆိုမှု၊သို့တည်းမဟုတ် အခွင့်အရေးကာကွယ်ရယူနိုင်မှုကိုသော်၎င်း

ဒထိခိုက်စေရ။ ထို့ပြင်ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုဘိုသကဲ့သို့ အဆိုပါ စုံစမ်းစစ်ဆေးမှု၊ တရားစွဲဆိုမှု၊ သို့တည်းမဟုတ် အခွင့်အရေး ကာကွယ်ရယူနိုင်မှုကို ပြုလုပ်နိုင်သည့်၊ သို့တည်းမဟုတ် ဆက်လက်ဆောင်ရွက်နိုင်သည့်ပြင်၊ သို့တည်းမဟုတ် အတည်ပြုနိုင်သည့်ပြင်၊ အဆိုပါငွေဒဏ်ကိုလည်း စီရင်နိုင်သည်။ ထို့ပြင်တဆက်တည်းဖြစ်သော အထက်ခြွင်းချက်နှင့်မဆန့်ကျင်စေဘဲ၊အဆိုပါ အက်ဥပဒေတခုခုအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၊ပြုလုပ်သည့်ဝန်ခံချက်၊ ခန့်ထားသည့်ရာထူး၊လွှဲအပ်သည့်အာဏာ၊ ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်၊သို့တည်းမဟုတ် ပြုသည့်နည်းဥပဒေ၊သို့တည်းမဟုတ် သတ်မှတ်သည့်ပုံစံတခုခုမှာ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သမျှ၊ ထို့ပြင် ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်၊ ပြုလုပ်သည့်ဝန်ခံချက်၊ ခန့်ထားသည့်ရာထူး၊ လွှဲအပ်သည့်အာဏာ၊ ထုတ်ဆင့်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်၊ သို့တည်းမဟုတ် ပြုသည့်နည်းဥပဒေ၊သို့တည်းမဟုတ် သတ်မှတ်သည့်ပုံစံဖြင့်ဖျက်သိမ်းခြင်းမပြုလျှင်၊ ထိုသို့ ဖျက်သိမ်းခြင်းမပြုမီအတွင်းဆက်လက်အတည်ဖြစ်စေရမည့်ပြင်၊ ဤဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များအရ၊ ထုတ်ပေးသည့်မှတ်ပုံတင်လက်မှတ်၊ ပြုလုပ်သည့်ဝန်ခံချက်၊ခန့်ထားသည့်ရာထူး၊ လွှဲအပ်သည့်အာဏာ၊ ထုတ်ဆင့်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်၊ သို့တည်းမဟုတ် ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် သတ်မှတ်သည့်ပုံစံ ဖြစ်သည်ဟူ၍လည်းမှတ်ယူရမည်။

## ဇယား။

[ပုဒ်မ ၂၂ (၂) ကိုကြည့်။]

(က) အစိုးရနှင့်အစိုးရဌာနများကဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(ခ) တက္ကသိုလ်များ၊စာသင်ကျောင်းများ၊ဘုတ်အဖွဲ့များ၊ကော်ပိုရေးရှင်းများ၊ ဘဏ်များ၊မြူနီစီပါယ်အဖွဲ့များ၊ဒေသန္တရအဖွဲ့များ၏ အာဏာပိုင်များက လုပ်ရိုးလုပ်စဉ်ဝတ်တရားအတိုင်း ဆောင်ရွက်ရာတွင် ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(ဂ) တရားဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသော အသင်းများ၊ အသင်းခွဲများ၊ အသင်းစုများက ဝတ်ဟရားအတိုင်းဆောင်ရွက်ရာတွင်ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(ဃ) ကုန်တိုက်များ၊ ပွဲစားများ၊ ကုန်သည်များ၊ သမဝါယမအသင်းများက ရောင်းဝယ်ရေးလုပ်ငန်းအတွက် ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(င) ဘာသာရေး၊ သာရေးနာရေး၊ လူမှုဆက်ဆံရေးအတွက်ငင်း၊ ရွေးကောက်ပွဲများအတွက်ငင်း၊ ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

ပ၊မ၊မ၊စ၊—အမှတ် ၃၊ တရားရေးဌာန၊ ၁၇-၁၀-၆၂—၂,၃၂၂ + ၂။

# ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၀။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေ၌ ပုဒ်မ ၂ တွင်—

(က) အပိုဒ် (၂)၊ အပိုဒ်ခွဲ (ဆ) ၌ '' ပရပိုက်စာပေ '' ဆိုသည့် စကားရပ်နောက်တွင် '' လက်ရေးစာပေ ''၊ '' ပုံနှိပ်စာပေ ''၊ ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) အပိုဒ် (၃) အစား၊ အောက်ပါကို အပိုဒ် (၃) အဖြစ် ထည့်သွင်းရမည်။

'' (၃) ' ပြည် ထောင် စု မြန် မာ နိုင် ငံ တော်လှန်ရေးအစိုးရ က ကာကွယ်စောင့်ရှောက်သောအဆောက်အဦ ' ဆိုသည်မှာ၊ ပုဒ်မ ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ အဖြစ်ကြေညာထားသောအဆောက်အဦကို ဆိုလိုသည်။''

၃။ ။အဆိုပါ အက်ဥပဒေတွင် '' ဇယားဝင်အဆောက်အဦ '' ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်း ထိုစကားရပ်အစား၊ '' ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ က ကာကွယ်စောင့်ရှောက်သော အဆောက်အဦ '' ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၇ တွင်၊ ပုဒ်မခွဲ (၅) အစား၊ အောက်ပါကို ပုဒ်မခွဲ (၅) အဖြစ် ထည့်သွင်းရမည်။

'' (၅) မည်သူမဆို၊ ပုဒ်မခွဲ (၁) ကို ဆန့်ကျင်လျက်၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို၊ ပြည်ပသို့ထုတ်ဆောင်လျှင်၊ သို့တည်းမဟုတ်

[အဘိုး—၁၀ ပြား]

ထုတ်ဆောင်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ထုတ်ဆောင်ရန် အားပေးကူညီလျှင်၊ အခြားတည်ဆဲတရားဥပဒေကို၊ မထိခိုက်စေဘဲ၊ ခြောက်လထက်မနည်း၊ သုံးနှစ်ထက် မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ် စီရင်ခြင်းခံရမည့်ပြင်၊ ကျပ်ငါးရာထက်မနည်း၊ ကျပ်ငါးထောင်ထက် မပိုသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။ ''

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၁ တွင်၊ပုဒ်မခွဲ (၆) နောက်၌အောက်ပါကို ပုဒ်မခွဲ (၇) အဖြစ် ထည့်သွင်းရမည်။

''(၇) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များတွင်၊ မည်သို့ပင် ပါရှိစေကာမူ၊ ၁၈၈၆ ခုနှစ်မတိုင်မီကတည်ရှိနေသော ရှေးဟောင်းအဆောက်အဦများကို၊ဤပုဒ်မအရ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများ အဖြစ် ကြေညာပြီးဖြစ်သည်ဟု မှတ်ယူရမည်။''

၆။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို ပုဒ်မ ၂၀ အဖြစ် ထည့်သွင်းရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများ ပြုပြင်မှုနှင့် အနီးအနားတွင် အ ဆောက် အ ဦ သစ် ဆောက်လုပ်မှုကို တားမြစ်ခြင်း။

'' ၂၀။ ။(၁) မည်သူမဆို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အ စိုး ရ ၏ ခွင့် ပြု ချက် မ ရ ရှိဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက် အဦ၏ ဥပစာအတွင်း၌ဖြစ်စေ၊ အနီးအနား၌ဖြစ်စေ၊ အဆောက် အဦသစ်မဆောက်လုပ်ရ၊ သို့တည်းမဟုတ် ထို အဆောက်အဦကို မပြုပြင်ရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကိုကျူးလွန်လျှင်၊ သုံးလထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ကျပ်တထောင်ထိငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊စီရင်ခြင်းခံရမည့်ပြင်၊ ထိုသို့ကျူးလွန်ခြင်းကြောင့် ထိုအဆောက်အဦပျက်စီးလျှင်၊ ပျက်စီးသည့်တန်ဘိုးအတွက် လျော်ကြေးကိုလည်းပေးရမည်။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍သူတဦးဦးဆောက်လုပ်ထားသောမည်သည့်အဆောက်အဦကိုမဆို သီးခြားဖော်ပြထားသည့် ကာလ အပိုင်း အခြားအတွင်း ရွှေ့ပြောင်းရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သည်၊ အမိန့်ဖြင့်ညွှန်ကြားနိုင်သည်၊ ထိုသူကအဆိုပါအမိန့်ကို လိုက်နာရန်

ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ ကော်လိတ်တော် အရာရှိသည်၊ အဆိုပါအဆောက်အဦကိုရွှေပြောင်းစေနိုင်သည်။ ထိုသို့ရွှေပြောင်းရာတွင် ကုန်ကျသည့်စရိတ်ကို၊ ထိုသူကပေး ဆောင်ရမည်။ ''

၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၁ အစား၊ အောက်ပါကို ပုဒ်မ ၂၁ အဖြစ်ထည့်သွင်းရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ က ကာ ကွယ် စောင့်ရှောက် သော အဆောက် အဦ၏ ပတ်ဝန်းကျင် အနီးအနား တွင် ခွင့်ပြုချက် မရရှိဘဲ၊ ဓါတ်သတ္တု တူးဖေါ်ခြင်းစ သည်တို့ကို မပြုလုပ်ရခြင်း။

''၂၁။ ။(၁) မည်သူမဆို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၏ ခွင့်ပြုချက် မရရှိဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ကာကွယ်စောင့် ရှောက်သော အဆောက် အဦ၏ ပတ်ဝန်းကျင်အနီးအနားတွင် ဓါတ်သတ္တုတူးဖေါ်မှု၊ ရေနံဓါတ်တူးဖေါ်မှု၊ ကျောက်တူးမှု၊ သို့တည်း မဟုတ် မြေတူးမှု မပြုလုပ်ရ။ ထို့ပြင် ထိုအဆောက်အဦ၏ ပတ်ဝန်းကျင်တွင်၊ တူးဖေါ်ရာ၌အသုံးပြုသော ယမ်းအမျိုးအစားနှင့် အချိန်အတွယ် အလိုက်၊ အန္တရာယ်သင့်စေနိုင်သည့် အကွာအဝေးအတွင်း၊ ဖေါက်ခွဲမှုကိုမပြုလုပ်ရ။

ခြွင်းချက်။ ။သို့ရာတွင်၊ ဤပုဒ်မခွဲပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ ထိုအဆောက်အဦ၏ပတ်ဝန်းကျင် အနီးအနားတွင် လယ်ယာ စိုက်ပျိုး လုပ်ကိုင်ရေး ကိစ္စအလို့ငှါ၊ မြေတူးခြင်းကို တားမြစ်သည်ဟုမမှတ်ယူရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးလထက်မနည်း၊ ခြောက်လထက်မပိုသောအလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည့်ပြင်၊ ထိုသို့ ကျူးလွန်ခြင်းကြောင့်ထိုအဆောက်အဦ ပျက်စီးလျှင်၊ ပျက်စီးသည့် တန်ဘိုးအတွက် လျော်ကြေးကိုလည်းပေးရမည်။ ''

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

ပြစ်ဒဏ်များ။

''(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက် ထားသော အဆောက်အဦ တခုခုကိုသော်၎င်း၊

ထိုအဆောက်အဦ၏ ဥပစာအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်း တခုခုကိုသော်၎င်း၊ ပုဒ်မ ၄ (ခ) အရ၊ ညွှန်ကြားရေးဝန်က၊ ထိန်းသိမ်းသူအဖြစ်တာဝန်ယူ၍ ပြုပြင်ထားရှိသော ရှေးဟောင်း ဝတ္ထုပစ္စည်းတခုခုကိုသော်၎င်း၊ တမင်ဖျက်ဆီးလျှင်၊ သို့တည်း မဟုတ်ရွှေ့ပြောင်းလျှင်၊ သို့တည်းမဟုတ်ထိခိုက် ချွတ်ယွင်းစေ လျှင်၊ သို့တည်းမဟုတ်ပြောင်းလဲလျှင်၊ သို့တည်းမဟုတ်အသွင် ပျက်စေလျှင်၊ သို့တည်းမဟုတ် ဘေးအန္တရာယ် ဖြစ်စေလျှင်၊ သို့တည်းမဟုတ်တူးဖေါ်လျှင် ခြောက်လထက်မနည်း၊ သုံးနှစ် ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်ခြင်း ခံရမည့် ပြင်၊ ကျပ်ငါးရာထက်မနည်း၊ ကျပ်ငါးထောင်ထက် မများသော ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။ ''

ပ၊မ၊ဇ၊စ၊—အမှတ် ၄၊ တရားရေးဌာန၊ ၁၇-၁၀-၆၂—၂,၃၂၂ + ၂—၂။

# ၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၉။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်သည့်နေ့ရက်နှင့်အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''ကော်ပိုရေးရှင်း'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရတည်ထောင်သော ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းကိုဆိုလိုသည်။

(ခ) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၄ အရဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ကို ဆိုလိုသည်။

(ဂ) ''လက်အောက်ခံအဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၂၃ အရဖွဲ့စည်းသော လက်အောက်ခံအဖွဲ့ကို ဆိုလိုသည်။

(ဃ) ''ရေနံဓါတ်'' ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ ရေနံဓါတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (စ) တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် ရေနံဓါတ်ကို ဆိုလိုသည်။

(င) ''ဓါတ်သတ္တု'' ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ သတ္တုအခွင့်အရေးဆိုင်ရာနည်းဥပဒေများတွင် အဓိပ္ပါယ်ဖေါ်ပြထားသောသတ္တုတခုခုကိုငှင်း၊ အထက်မြန်မာနိုင်ငံ ပတ္တမြားရက်ဂူလေးရှင်း ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော ကျောက်မျက်ရတနာကိုငှင်း၊ ကျောက်စိမ်းတွင်းရက်ဂူလေးရှင်း ဥပဒေတွင် အဓိပ္ပါယ် ဖေါ်ပြထားသော ကျောက်စိမ်းကိုငှင်း၊ မြန်မာနိုင်ငံ သစ်တောနည်းဥပဒေများတွင် ကျောက်စိမ်း၊ ပယင်းများဟု ခေါ်တွင်သော ကျောက်များကိုငှင်း၊ ဆိုလိုသည်။

(စ) ''ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်း'' ဆိုသည်မှာ၊ မည်သည့်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းကိုမဆို စူးစမ်းရှာဖွေ၊ တူးဖေါ်၊ ထုတ်လုပ်သော လုပ်ငန်းတခုခုကို ဆိုလိုသည်။

## အခန်း ၂။

### ကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက်ထမြောက်အောင်မြင်စေရန်အလို့ငှါ၊ "ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း "ဟု ခေါ်သည့်ကော်ပိုရေးရှင်းတခုကိုတည်ထောင်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ကော်ပိုရေးရှင်း၌၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုရယူခွင့်၊လက်ရှိထားခွင့်၊သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်လည်းရှိရမည်။ထို့ပြင် ကော်ပိုရေးရှင်းသည်၊ အဆိုပါအမည်ဖြင့်တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

(၃) ၁၉၅၂ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေးကော်ပိုရေးရှင်း အက်ဥပဒေအရ တည်ထောင်သော၊ "ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင်ရွက်ရေးကော်ပိုရေးရှင်း" ပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကိုငင်း၊ ဘူမိဗေဒဌာန၊ သတ္တုတွင်းနှင့်ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အုပ်ချုပ်ရေးဌာနတို့ပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကိုငင်း၊ ကော်ပိုရေးရှင်းက ဆက်ခံရမည့်ပြင်၊အဆိုပါအက်ဥပဒေအရ တည်ထောင်ထားသော၊ ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက်ရေးကော်ပိုရေးရှင်းက၊ သို့တည်းမဟုတ် ဘူမိဗေဒဌာနက၊ သို့တည်းမဟုတ် သတ္တုတွင်းနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအုပ်ချုပ်ရေးဌာနက ချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း၊ကော်ပိုရေးရှင်းက ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

၄။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို ကြီးကြပ်၊ အုပ်ချုပ်ညွှန်ကြားရန် ဒါရိုက်တာအဖွဲ့တခု ဖွဲ့စည်းရမည်။ အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏အာဏာများနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်း၊ သို့တည်းမဟုတ် ဖက်စပ်လုပ်ငန်းနှင့်ငင်း၊ အခြားလုပ်ငန်းများနှင့် ငင်း၊ စပ်လျဉ်း၍ ကော်ပိုရေးရှင်း၏ အာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရာတွင်၊ စက်မှုလက်မှု၊ ကူးသန်း ရောင်းဝယ်မှုနှင့်အများပြည်သူ့အကျိုးကို ရှေးရှု၍၊ ကုန်သွယ်မှု လုပ်ငန်းစည်းမျဉ်းများအတိုင်း သုံးစွဲဆောင်ရွက်ရမည်။

၅။ ။(၁) အဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

<u>ဥက္ကဋ္ဌ။</u>

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရတာဝန်ခံ၊ သတ္တုတွင်းဌာန။

<u>အခြားအဖွဲ့ဝင်များ။</u>

(ခ) ဘဏ္ဍာတော်မင်းကြီး (ကုန်သွယ်ရေးဝန်) ။
(ဂ) အတွင်းဝန်၊ အမျိုးသားစီမံကိန်းဌာန။
(ဃ) အတွင်းဝန်၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန။
(င) အတွင်းဝန်၊ ကာကွယ်ရေးဌာန။
(စ) အတွင်းဝန်၊ သတ္တုတွင်းဌာန။
(ဆ) ညွှန်ကြားရေးဝန်ချုပ်။
(ဇ) အဖွဲ့အတွင်းရေးမှူး။

(၂) အဖွဲ့သည်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးအား၊ အဖွဲ့အတွင်းရေးမှူး အဖြစ် ရွေးချယ်ခန့်ထားရမည်။

၆။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးအား၊ ဤဥပဒေပါကိစ္စများ အလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ် အဖြစ်ခန့်ထား ရမည်။

၇။ ။အဖွဲ့သည်၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ်၏ တာဝန် ဝတ္တရားများကို သတ်မှတ်ရမည့်ပြင်၊ ညွှန်ကြားရေးဝန်ချုပ်အားသော်၎င်း၊ ကော်ပို ရေးရှင်း၏ အခြားရာထမ်း များအားသော်၎င်း၊ မိမိ၏ တာဝန်ဝတ္တရားနှင့် အာဏာ အချို့ကို လွှဲအပ်နိုင်သည်။

၈။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လိုအပ်လျှင်၊ ညွှန် ကြားရေးဝန်ချုပ်၏ လစာနှင့် စရိတ်ငွေကြေးများကို သတ်မှတ်နိုင်သည်။

၉။ ။အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏ ရေနံမြေ၊ သို့တည်းမဟုတ် ဓါတ်သတ္တု ပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက်ဖြစ်စေ၊ ကော်ပိုရေးရှင်းလက်အောက်ရှိ ရေနံမြေ၊ သို့တည်းမဟုတ် ဓါတ်သတ္တု ပစ္စည်းတူးဖေါ်ထုတ်လုပ်ရေး ဖက်စပ်လုပ် ငန်းအတွက်ဖြစ်စေ၊ ကြီးကြပ်အုပ်ချုပ်သူများကို၊ အဖွဲ့ဝင်များထဲမှသော်၎င်း၊ အခြား အစိုးရရာထမ်းများထဲမှသော်၎င်း၊ ရွေးချယ်ခန့်ထားနိုင်သည်။

၁၀။ ။အဖွဲ့သည်၊ ကြီးကြပ်အုပ်ချုပ်သူများ၏ တာဝန်ဝတ္တရားများကို သတ်မှတ် ရမည့်ပြင်၊ လိုအပ်ပါက၊ ထိုကြီးကြပ်အုပ်ချုပ်သူတို့အတွက် အခကြေးငွေများကိုလည်း သတ်မှတ်ရမည်။

## အခန်း ၃။

### ကော်ပိုရေးရှင်း၏ အာဏာနှင့် တာဝန်ဝတ္တရားများ။

၁၁။ ။(၁) တည်ဆဲအခြားတရားဥပဒေ တခုခုတွင်မည်သို့ပင်ပါရှိစေကာမူ၊ ရေနံမြေ၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းပင်ရင်း အခြေအမြစ်များ တူးဖေါ်ထုတ် လုပ်ခြင်း၊ တိုးချဲ့လုပ်ကိုင်ခြင်း၊ အသုံးချခြင်းနှင့် ထိန်းသိမ်းခြင်းသည်၊ ကော်ပိုရေးရှင်း၏ တာဝန်ဝတ္တရားများ ဖြစ်ရမည့်ပြင်၊ ရေနံမြေ၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း ကော်ပိုရေးရှင်းက ကြည့်ရှုစစ်ဆေး၍ ကြီးကြပ်အုပ်ချုပ်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသောတာဝန်ဝတ္တရားများနှင့်ဆက်သွယ်၍ ပေါ်ပေါက်လာသော ကိစ္စများကိုငှင်း၊ ထိုတာဝန်ဝတ္တရားများဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော်မည်ဟု၊ မိမိထင်မြင်သော ကိစ္စများကိုငှင်း၊ ဆောင်ရွက်ရမည်။ အထူးအားဖြင့်၊ ဤပုဒ်မ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သဘောတူညီပြီးဖြစ်သောအခြေခံတိုးတက်မှုစီမံကိန်းတခုခုနှင့်မဆန့်ကျင်သည့်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တု ပစ္စည်းငင်ရင်း၁ အခြေအမြစ်များကို တူးဖော်ထုတ်လုပ်ရေး၊ တိုးချဲ့လုပ်ကိုင်ရေး၊ အသုံးချရေးနှင့် သုတေသနပြုလုပ်ရေးအတွက်၊ စီမံကိန်းများရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကို ကောင်းမွန်တိုးတက်စေရန် ပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန် ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်းနှင့် သုတေသနလုပ်ငန်းများစီစဉ်လုပ်ကိုင်ခြင်း။

(ဃ) ရေနံဓါတ်၊ သို့တည်းမဟုတ်ဓါတ်သတ္တုပစ္စည်း စူးစမ်းခြင်းနှင့် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း ရှာဖွေခြင်း အတွက်လုပ်ဆောင်ခြင်း။

(င) ရေနံဓါတ်၊သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းများထိန်းသိမ်းခြင်း။

(စ) ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ရေနံဓါတ် အက်ဥပဒေ (The Petroleum Act)၊ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအက်ဥပဒေ (The Explosives Act)၊ သို့တည်းမဟုတ် သတ္တုတွင်းအက်ဥပဒေ (The Mines Act)၊ သို့တည်းမဟုတ် ရေနံမြေအက်ဥပဒေ (The Oil-fields Act)၊ သက်ဆိုင်ရာရာအရ၊ပေါက်ကွဲစေတတ်သည့်ဝတ္ထုပစ္စည်းကြည့်ရှုစစ်ဆေးရေးအရာရှိချုပ် (The Chief Inspector of Explosives) အားဖြစ်စေ၊ သတ္တုတွင်းကြည့်ရှုစစ်ဆေးရေးအရာရှိချုပ် (The Chief Inspector of Mines) အားဖြစ်စေ၊ ရေနံမြေအုပ်ချုပ်ရေးမှူး (The Warden) အားဖြစ်စေ၊ အပ်နှင်းထားသော အာဏာနှင့်တာဝန်ဝတ္တရားများကို၊ အဆိုပါအက်ဥပဒေများတွင်မည်သို့ပင် ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းက သုံးစွဲဆောင်ရွက်ရမည်ဟု၊ အမိန့်ကြော်ငြာစာဖြင့်ညွှန်ကြားနိုင်သည်။

(၄) ကော်ပိုရေးရှင်းသည်၊ ဤပုဒ်မတွင်ဖော်ပြထားသော တာဝန်ဝတ္တရားများဆောင်ရွက်ရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူညီချက်ကိုကြိုတင်ရယူ၍၊ ပုဂ္ဂလိကပိုင်အရင်းရှင်လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်နိုင်သည်။

(၅) ကော်ပိုရေးရှင်းသည်၊ ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း စူးစမ်းမှု (Exploration)၊ သို့တည်းမဟုတ် ရှာဖွေမှု (Prospecting) ပြုလုပ်ရာ၌ ထိုစူးစမ်းမှု၊ သို့တည်းမဟုတ် ရှာဖွေမှုနှင့် သက်ဆိုင်သည့် သတ္တုရှာဖွေမှု အခွင့်အရေးနည်းဥပဒေများ၊ သို့တည်းမဟုတ် ရေနံဓါတ်လုပ်ကိုင်ခွင့်တရား ဥပဒေပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။

ထို့ပြင်ကော်ပိုရေးရှင်းသည်၊ အောက်မြန်မာနိုင်ငံမြေနှင့် အခွန်တော် အက်ဥပဒေ အရပြုသည့် နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၇-က ပါ ပြဋ္ဌာန်းချက်များမှ၎င်း၊ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်တော်ရက်ဂူလေးရှင်းဥပဒေအရပြုသည့် နည်းဥပဒေ များ၏ နည်းဥပဒေ ၉၁-ခ ပါ ပြဋ္ဌာန်းချက်များမှ၎င်း၊ ကင်းလွတ်စေရမည်။

၁၂။ ။ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ကော်ပိုရေးရှင်း၌' အောက်ပါကိစ္စများကိုဆောင်ရွက်ရန်အာဏာရှိရမည်။

(က) ဤဥပဒေအရ ပြဋ္ဌာန်းထားသော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်း၏ ရံပုံငွေမှငွေများသုံးစွဲခြင်း။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ ခံဝန်ချုပ်များ၊ ဒိဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်များနှင့်အစု [ စတော့ (ခ်) ] များထုတ်ပေးခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှဖြစ်စေ၊ ငွေချေးယူသုံးစွဲခြင်း။

(ဃ) အဖွဲ့ဝင်နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော အဖွဲ့ဝင်များ ပါဝင်သည့် ကော်မိတီများကို၊ အဖွဲ့ကသာမန်ကိစ္စအတွက်သော်၎င်း၊ အထူး ကိစ္စအတွက်သော်၎င်း၊ ခန့်ထားခြင်း၊ ထိုကော်မိတီများအား၊ အဆိုပါကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သော ကော်ပိုရေးရှင်း၏ တာဝန်ဝတ္တရားများနှင့် အာဏာများကိုလွှဲအပ်ခြင်း။

(င) ကိုယ်စားလှယ်များခန့်ထား၍၊ ထိုကိုယ်စားလှယ်များအား၊ ဤဥပဒေ၏ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်ရန် အဖွဲ့ကလိုအပ်သည် ထင်မြင်သော တာဝန်ဝတ္တရားများနှင့် အာဏာများကို လွှဲအပ်ခြင်း။

(စ) ရေနံတွင်း၊ သို့တည်းမဟုတ် သတ္တုတွင်း တူးဖေါ်ရေးနှင့်စပ်လျဉ်း၍၊ မည်သည့်ကိစ္စ၌ မဆို အကြံဉာဏ်ပေး ပုဂ္ဂိုလ်ရွေးချယ်ခန့်ထားခြင်း။ ထိုပုဂ္ဂိုလ်အားသင့်တော်သော အခနှင့် စရိတ်ကြေးငွေများပေးခြင်း။

(ဆ) ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုကို လိုက်နာရမည့် လက်အောက်ခံအဖွဲ့များဖွဲ့စည်းခြင်း။

(ဇ) အောက်ပါ ကိစ္စအားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ စည်းကမ်းဥပဒေများပြုခြင်း။

(၁) အဖွဲ့၏အစည်းအဝေးများ ဘိတ်ခေါ်ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် နည်းလမ်းများနှင့် အဖွဲ့အစည်းအဝေးများတွင် လိုက်နာရမည့် ကျင့်ထုံးသတ်မှတ်ခြင်း။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခွင့်ပြုသည့် အရေအတွက်ထက် မပိုစေဘဲ၊ ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများ ခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏လစာ၊စရိတ်ကြေးငွေနှင့် အခြားအမှုထမ်းစည်းကမ်းများသတ်

မှတ်ခြင်း။ ထိုရာထမ်းမှုထမ်းများ၏ တာဝန်ဝတ္တရားများနှင့် အာဏာများသတ်မှတ်ခြင်း။

(၃) ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများ သက်သာ ချောင်ချိရေး အတွက်သင့်တော်မည့် အိုနာစားရံပုံငွေနှင့် အခြားအထောက် အပံ့များစီမံပြုလုပ်ပေးခြင်း။

(၄) ကော်ပိုရေးရှင်း၏ကိုယ်စား စာချုပ်စာတမ်းများ လက်မှတ်ရေး ထိုးခြင်း။

၁၃။ ။အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏ တာဝန်ဝတ္တရားများကို ဆောင် ရွက်ရာ၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်ပေးသော မူဝါဒအတိုင်းလိုက်နာရမည်။

## အခန်း ၄။

### ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၁၄။ ။ကော်ပိုရေးရှင်းသည်၊ ရံပုံငွေတခုထားရှိရမည်။ ကော်ပိုရေးရှင်းကရရှိသောငွေအားလုံးကို၊ ထိုရံပုံငွေသို့ထည့်သွင်း၍၊ ကော်ပိုရေးရှင်းက ပေးရန်ရှိသော ငွေအားလုံးကို၊ ထိုရံပုံငွေထဲမှ ပေးရမည်။

၁၅။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ကော်ပိုရေးရှင်းအား၊ အစိုးရလုပ်ငန်းများ ဆောင်ရွက်ရသည့်အတွက် လိုအပ်သောငွေကို ထောက်ပံ့ငွေအဖြစ် ထုတ်ပေးနိုင်သည့်ပြင်၊ ကော်ပိုရေးရှင်း၏ ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သောငွေကိုလည်း၊မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ သာမန်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ ထုတ်ချေးနိုင်သည်။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ မိမိလောလောဆယ်အသုံး မလိုသည့်ငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သဘောတူသည့် ဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

၁၇။ ။(၁) ကော်ပိုရေးရှင်းသည်၊ လာမည့်ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကသတ်မှတ်သည့်နေ့ရက်မတိုင်မီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူညီချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကို ပြင်သည့်နောက် ထပ် ရ-သုံးမှန်းခြေ ငွေစာရင်းကိုလည်း၊ အခါအားလျော်စွာ ထိုနည်းတူတင်သွင်းနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သဘောတူညီသည့် ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်း စည်းမျဉ်းများနှင့်အညီမှတပါး၊ မည်သည့်အသုံးစရိတ်ကိုမျှ၊ ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ထားသည်ထက်ပို၍ကော်ပိုရေးရှင်းက ကျခံခြင်းမပြုရ။

၁၈။ ။(၁) ကော်ပိုရေးရှင်းသည်၊ မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ငွေစာရင်းများကိုရင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့်အခြား

မှတ်တမ်းများကိုရင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံ နည်းစံနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။ ထို့ပြင် ဘဏ္ဍာတော်နှစ်အသီးသီးနှင့်စပ်လျဉ်းသည့် ကော်ပိုရေးရှင်း၏ နှစ်ချုပ်ငွေစာရင်းကိုလည်း၊ ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ညွှန်ကြားသည့်ကာလအပိုင်းအခြားများအတွက် ကော်ပိုရေးရှင်း၏ငွေစာရင်း ရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့်အစီရင်ခံစာများကိုပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့ပေးပို့ရမည်။

(၃) ကော်ပိုရေးရှင်း၏ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကနှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့တင်ပြရမည်။

(၄) ကော်ပိုရေးရှင်းသည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကိုကြိုတင်ရယူပြီးနောက်၊ မှတ်ပုံဝင်စာရင်းစစ်များအားခန့်ထားနိုင်သည်။ ထိုစာရင်းစစ်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ သဘောတူညီချက်ဖြင့်၊ ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်း နည်းလမ်းအတိုင်းစစ်ဆေးနိုင်သည်။

(၅) ကော်ပိုရေးရှင်း၏ ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ ကော်ပိုရေးရှင်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့၊ ထိုနှစ်ချုပ်စာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ တင်ပြရမည်။

၁၉။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုးယုတ်လျော့မှုအတွက် သတ်မှတ်ရမည့်နှုန်းများကို၊ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေတွင် သတ်မှတ်ထားသည့်နှုန်းများအတိုင်းသတ်မှတ်ရမည်။

၂၀။ ။ကော်ပိုရေးရှင်း၏ အသားတင်အမြတ်ငွေများထဲမှ၊ သီးသန့်ရံပုံငွေနှင့်အခြားရံပုံငွေများသို့၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အခွင့်နှင့်ညှိနှိုင်းကိုင်ပင်၍ ဆုံးဖြတ်သတ်မှတ်သည့်နှုန်းအတိုင်း ငွေများလွှဲပြောင်းခွဲဝေပေးရမည်။

## အခန်း ၅။

### ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသောကြွေးမြီများကို ပေးဆပ်ရန်ပျက်ကွက်ခဲ့သောအမှုအခင်းများတွင်၊ ကော်ပိုရေးရှင်း၏ အခွင့်အရေးများနှင့် အာဏာများ။

၂၁။ ။(၁) မည်သည့်ပုဂ္ဂလိကပိုင် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းမဆို၊ စာချုပ်စာတမ်းများအရ၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရမည့် ကြွေးမြီများကို ပေးဆပ်ရန်ပျက်ကွက်လျှင်သော်၎င်း၊ ကော်ပိုရေးရှင်းနှင့်ချုပ်ဆိုထားသောစာချုပ် စာတမ်းပါစည်းကမ်းချက်တခုခုကို လိုက်နာရန်ပျက်ကွက်လျှင်သော်၎င်း၊ ကော်ပိုရေးရှင်းမှာ၊ တည်ဆဲအခြားတရားဥပဒေများတွင် မည်သို့ပင်ပါရှိ

စေကာမူ၊ အဆိုပါလုပ်ငန်းကို၊ သို့တည်းမဟုတ် ၎င်း၏ အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူနိုင်ခွင့်ရှိရမည်။

(၂) တူးဖော် ထုတ်လုပ်ရရှိသည့် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းများ၊ သို့တည်းမဟုတ် သတ္တုရိုင်းများကို၊ အဆိုပါ ပုဂ္ဂလိကပိုင်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းက အာမခံအဖြစ်ထားရှိလျှင်၊ ကော်ပိုရေးရှင်းမှာ၊ ထိုရေနံဓါတ်၊သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း၊သို့တည်းမဟုတ် သတ္တုရိုင်းများ ပေါ်တွင်ရရှိသည့် အခွင့်အရေးများ အတိုင်း၊ ထိုရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း၊ သို့တည်းမဟုတ် သတ္တုရိုင်းများမှ၊ လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ ထုတ်လုပ်သည့်ပစ္စည်းများပေါ်တွင်အခွင့်အရေးများရရှိစေရမည်။

(၃) ကော်ပိုရေးရှင်း သည်၊ မိမိအား အာမခံအဖြစ် ပေးသွင်း ထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော၊ သို့တည်းမဟုတ် လွှဲအပ်ထားသောပစ္စည်းများနှင့် စပ်လျဉ်း၍၊ မိမိထုတ်ချေးသည့်ငွေဟူသရွေ့ကိုငှင်း၊ ထိုသို့ထုတ်ချေးသည့် ငွေအပေါ်တွင် တောင်းခံနိုင်သော အတိုးအားလုံးကိုငှင်း၊ ထိုငွေထုတ်ချေးရာတွင်ဖြစ်စေ၊ အရတောင်းခံရာတွင်ဖြစ်စေ၊ ကုန်ကျသည့်စရိတ်များကိုငှင်း၊ အဆိုပါပုဂ္ဂလိကပိုင်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းထံမှဖြစ်စေ၊ ၎င်းထုတ်ချေးငွေပေးဆပ်ရန်ခံဝန်သူတဦးဦးထံမှဖြစ်စေ၊ မြေခွန်တော်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံနိုင်သည်။

(၄) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက ပုဂ္ဂလိကပိုင် ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းတခုခုကို၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူလျှင်၊ ကော်ပိုရေးရှင်းမှာ၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နည်းလမ်းတကျ ကုန်ကျသောစရိတ်ကြေးငွေများကို၊လုပ်ငန်းပိုင်ရှင်ထံမှ ပြန်လည်ရယူနိုင်ခွင့်ရှိရမည်။ထိုသို့သိမ်းယူခြင်းဖြင့်၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၃) အရ တောင်းခံခြင်းဖြင့် ရရှိထားသောငွေများကို၊ ပဋိညာဉ်စာချုပ်တွင်အခြားနည်းအတည့်အလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ယုံကြည်အပ်နှံထားသောငွေအဖြစ်ဖြင့်၊ ကော်ပိုရေးရှင်းကလက်ဝယ်ထားရှိနိုင်၍၊ ထိုငွေမှထိုသို့သိမ်းယူခြင်း၊ သို့တည်းမဟုတ် တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ကုန်ကျသောစရိတ်ငွေများကို၊ပဌမအဆင့်အနေဖြင့်ငှင်း၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသောကြွေးမြီများကို၊ ဒုတိယအဆင့်အနေဖြင့်ငှင်း၊ ခုနှိမ်ခြင်းဖြင့်ကော်ပိုရေးရှင်းကရယူနိုင်သည်။ ထိုသို့ရယူပြီးနောက်၊ကျန်ရှိနေသောငွေများကို၊ ရသင့်ရထိုက်သူအား၊ကော်ပိုရေးရှင်းကထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရကော်ပိုရေးရှင်းက ပုဂ္ဂလိကပိုင် ရေနံဓါတ်၊သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းတခုခုကို သိမ်းယူလိုက်သည့်အခါ၊ အဆိုပါ လုပ်ငန်းကတရားစွဲဆိုသည့်၊ သို့တည်းမဟုတ် အဆိုပါလုပ်ငန်းကို တရားစွဲဆိုသည့်တရားမမှုများအတွက်၊ကော်ပိုရေးရှင်းသည်၊အဆိုပါလုပ်ငန်း၏ပိုင်ရှင်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊အဆိုပါလုပ်ငန်း၏ပိုင်ရှင်အမည်ဖြင့်တရားစွဲဆိုနိုင်၍၊တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

၂၂။ ။အောက်ပါအကြောင်းတခုခုဖြစ်ပေါ်လျှင်၊ ပဋိညာဉ်စာချုပ်တွင်မည်သို့ပင်ပါရှိစေကာမူ၊ကော်ပိုရေးရှင်းသည်၊မိမိကငွေထုတ်ချေးထားသောမည်သည့်ပုဂ္ဂလိကပိုင်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းထံမှ

မဆို၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသောကြွေးမြီကို အပြည့်ပြန်လည်ပေးဆပ်စေရန်၊ စာဖြင့်ရေးသား၍တောင်းဆိုနိုင်သည်။

(က) ငွေထုတ်ချေးရန် လျှောက်ထားခဲ့စဉ်က၊အရေးကြီးသော အချက်နှင့် စပ်လျဉ်း၍ မှားယွင်းသော၊ သို့တည်းမဟုတ် မမှန်ကန်သော အကြောင်းအရာကို ဖေါ်ပြသည်ဟု အဖွဲ့က ထင်မြင် ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) ချေးယူသောငွေနှင့်စပ်လျဉ်း၍ ရေနံဓါတ်၊သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းက၊ စာချုပ်ပါစည်းကမ်းချက်များကိုလိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) ရေနံဓါတ်၊သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းသည်၊တင်ရှိနေသော ကြွေးမြီကိုပေးဆပ်နိုင်လိမ့်မည်မဟုတ်ဟုသော်၎င်း၊ ၎င်း၏လုပ်ငန်းများရပ်ဆိုင်းရန်အကြောင်းများ ပေါ်ပေါက်နေသည်ဟူ၍သော်၎င်း၊ အဖွဲ့ကထင်မြင်ယူဆရန်လုံလောက်သောအကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဃ) ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းကချေးယူသည့် ငွေအတွက်ကော်ပိုရေးရှင်းအားလွှဲအပ်ထားသော၊သို့တည်းမဟုတ် ပေါင်နှံထားသောပစ္စည်းများနှင့်စပ်လျဉ်း၍၊ ကော်ပိုရေးရှင်း ကြေနပ်လောက်သောအာမခံကို၊ လုပ်ငန်းပိုင်ရှင်က ဆုံးပါး ပျက်စီးမှုမရှိအောင်ထားရှိခြင်း၊ သို့တည်းမဟုတ်ဆက်လက်ထားရှိခြင်းမပြုလျှင်၊ တို့ပြင်ထိုသို့လွှဲအပ်ထားသော၊သို့တည်းမဟုတ် ပေါင်နှံထားသောပစ္စည်းသည်၊ အထူးပင် တန်ဘိုးယုတ်လျော့လာ၍၊ အာမခံထပ်လောင်း ဖြည့်တင်းရန် တောင်းဆိုပါသော်လည်း၊ အာမခံထပ်လောင်း ဖြည့်တင်းခြင်းမပြုလျှင်၊ သို့တည်းမဟုတ်

(င) အာမခံပစ္စည်းအဖြစ်ပေးသွင်းထားသောစက်နှင့် စက်ကိရိယာပစ္စည်းအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ကော်ပိုရေးရှင်း၏ သဘောတူညီချက်မရရှိဘဲ၊ ပုဂ္ဂလိကပိုင်ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းမှ ရွှေ့ပြောင်းသယ်ယူပြီး၊ ပြန်လည်အစားထိုးထားခြင်းမရှိလျှင်၊ သို့တည်းမဟုတ်

(စ) မည်သည့်အကြောင်းကြောင့်မဆို၊ ကော်ပိုရေးရှင်း၏ အကျိုးစီးပွါးကိုကာကွယ်ရန်လိုအပ်လာလျှင်။

## အခန်း ၆။

### လက်အောက်ခံအဖွဲ့များ။

၂၃။ ။(၁) ကော်ပိုရေးရှင်းသည်၊ အဖွဲ့က ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်များပါဝင်သည့် လက်အောက်ခံအဖွဲ့များကို၊ မိမိ၏ရေနံဓါတ်၊ သို့တည်းမဟုတ် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းနိုင်သည်။

(၂) အဆိုပါ လက်အောက်ခံအဖွဲ့များသည်၊ အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုကို လိုက်နာလျက်၊ အဖွဲ့ကလွှဲအပ်သောအာဏာနှင့်တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

# အခန်း ၇။

## အထွေထွေ။

၂၄။ ။အဖွဲ့ဝင်များ၊ လက်အောက်ခံအဖွဲ့ဝင်များနှင့်ကော်ပိုရေးရှင်း၏ ရာထမ်း မှုထမ်းများသည်၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘော သက်ရောက်သော အပြုအမူကိုပြုနေစဉ်၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၅။ ။ဤဥပဒေအရ **သဘော**ရိုးဖြင့်ဆောင်ရွက်သည့်၊သို့တည်းမဟုတ် ဆောင် ရွက်ရန်ကြံရွယ်သည့် ကိစ္စတခုခုအတွက်၊ မည်သူကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှု ဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မစွဲဆိုရ။

၂၆။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်၊ ပြည်ထောင်စုမြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ နည်းဥပဒေများ ပြုနိုင်သည်။

၂၇။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ကော်ပိုရေးရှင်း ထံမှအမှုတွဲများ၊ အစီရင်ခံစာများ၊ သို့တည်းမဟုတ် ခန့်မှန်းခြေ ငွေစာရင်းများကို ကြည့်ရှုလို၍တောင်းယူလျှင်၊ ကော်ပိုရေးရှင်းက တင်ပြရမည်။

၂၈။ ။ဘဏ္ဍာတော် နှစ်ကုန်ဆုံးပြီးနောက်၊ လျင်မြန်နိုင်သမျှ လျင်မြန်စွာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့၊ ကော်ပိုရေးရှင်းသည်၊ လွန်ခဲ့ သည့်နှစ်အတွင်း ကော်ပိုရေးရှင်းက ဆောင်ရွက်ခဲ့သမျှသော ကိစ္စများနှင့် စပ်လျဉ်း၍၊ အုပ်ချုပ်မှု အစီရင်ခံစာတစောင်ကို၊ ကော်ပိုရေးရှင်းက ကျင့်သုံးခဲ့သော မူဝါဒနှင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းစဉ်အကြောင်းအရာဖေါ်ပြချက်နှင့်အတူ တင်သွင်းရမည်။

၂၉။ ။(၁) ၁၉၅၂ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်း အခြေအမြစ်များကိုတိုးတက် အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်းအက်ဥပဒေ (၁၉၅၂ ခုနှစ်၊အက်ဥပဒေအမှတ် ၄၄) ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာ နိုင်ငံယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေ ရမည်။

(၂) ၁၉၅၂ ခုနှစ်၊ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကိုတိုးတက်အောင်ဆောင် ရွက်ရေးကော်ပိုရေးရှင်းအက်ဥပဒေကိုရုပ်သိမ်းစေကာမူ၊ထိုအက်ဥပဒေအရတည်ထောင် ဖွဲ့စည်းထားသော ဓါတ်သတ္တုပင်ရင်း အခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက် ရေးကော်ပိုရေးရှင်းသည်၎င်း၊ ဒါရိုက်တာအဖွဲ့သည်၎င်း၊ ပုဒ်မ ၃ အရ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်းတည်ထောင်ပြီးနောက်၊ ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့၏ ပဌမအကြိမ် အစည်းအဝေး ကျင်းပသည့် နေ့ရက်တိုင်အောင်မိမိတို့၏ အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲ ဆောင်ရွက်ရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၇၊ ထရားရေးဌာန၊ ၂၆-၁၀-၆၂—၂၃၅၀+၂—၂။

# ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ စီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၀။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊မြန်မာနိုင်ငံစီးပွါးရေး တိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေကို ပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီးပွါးရေး တိုးတက်မှုကော်ပိုရေးရှင်း အက်ဥပဒေပုဒ်မ ၂ တွင်—

(က) အပိုဒ်(က) နှင့်(ဃ) တို့ကို ပယ်ဖျက်ရမည်။ ထို့ပြင်

(ခ) ရှိရင်းအပိုဒ်(ခ)၊ (ဂ)နှင့်(င)တို့ကို၊ အပိုဒ်(က)၊(ခ)နှင့် (ဂ)အဖြစ်အသီးသီးပြန်လည်အက္ခရာစဉ်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၁)တွင် ''ပါလီမန်'' ဆိုသည့်စကားရပ်အစား၊ ''ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ'' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ နောက်တွင်၊ အောက်ပါကိုပုဒ်မ ၆-က၊ ၆-ခ နှင့် ၆-ဂ အဖြစ်ထည့်သွင်းရမည်။

''၆-က။ ။(၁) ကော်ပိုရေးရှင်း တည်ရှိနေသမျှ ကာလပတ်လုံး၊ ဇယားပါ တရားဝင် အဖွဲ့ အားလုံးသည်၊ အစိုးရပိုင်ဖြစ်ရမည်။

အစိုးရပိုင် ဖြစ်ခြင်း။

ခြွင်းချက်။ ။သို့ရာတွင် ဤပုဒ်မသည်၊ ဇယားပါ တရားဝင်အဖွဲ့အမှတ် ၆၊၇၊၁၉၊၂၅၊၂၆ နှင့် ၂၇ ၌စစ်ဘက်ကုန်စည် ဖြန့်ချိရေးဌာနမှတပါး၊ အခြားပုဂ္ဂလိကအစုရှင်များ၏ အကျိုးခံစားခွင့်များနှင့် မသက်ဆိုင်စေရ။

(၂) ကော်ပိုရေးရှင်းကိုဖျက်သိမ်းသည့်အခါ—

(က) ကော်ပိုရေးရှင်းသို့ လွှဲအပ်ထားသည့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော စစ်ဘက်ကုန်စည်ဖြန့်ချိရေးဌာန၏ ဇယားပါတရားဝင်အဖွဲ့များ အမှတ်စဉ် ၁ မှ ၂၇ ထိနှစ်ခုစလုံးအပါအဝင် ဖြစ်သောတရားဝင် အဖွဲ့များသည်၎င်း၊ထိုတရားဝင် အဖွဲ့များနှင့် သက်ဆိုင်သည့် ပစ္စည်းအရပ်ရပ်နှင့်ကြွေးမြီတာဝန်အားလုံးသည်၎င်း၊ မူလပိုင်ရှင်သို့ ပြန်လည်တည်ရှိရမည်။

(ခ) ကော်ပိုရေးရှင်းသို့ လွှဲအပ်ထားသည့် မူလအစိုးရပိုင်တရားဝင်အဖွဲ့များသည်၎င်း၊ ထိုတရားဝင်အဖွဲ့များနှင့်သက်ဆိုင်သည့်

ပစ္စည်း အရပ်ရပ်နှင့် ကြွေးမြီတာဝန် အားလုံးသည်ငင်း၊ အစိုးရ၌ပြန်လည်တည်ရှိရမည်။

(ဂ) ကော်ပိုရေးရှင်းတည်ရှိနေသမျှ ကာလအတွင်း၊ နောက်ထပ် တည်ထောင်မည့်တရားဝင်အဖွဲ့များနှင့် လုပ်ငန်းများသည်၊ အစိုးရ၌ပြန်လည်တည်ရှိရမည်။

၆-ခ။ ။အစိုးရသည်၊ ဇယားပါတရားဝင်အဖွဲ့များကို ကော်ပိုရေးရှင်းသို့ ဤအက်ဥပဒေဖြင့် လွှဲအပ်သည်။

ကော်ပို ရေးရှင်းသို့ လွှဲအပ်ခြင်း။

၆-ဂ။ ။အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဇယားပါတရားဝင်အဖွဲ့များသည်၊ လုပ်ငန်းဆောင်တာ အဝဝနှင့် ရောင်းဝယ် လုပ်ကိုင်မှုများကို လုပ်ကိုင် ဆောင်ရွက်ရာ၌ မှုမှန် ကူးသန်း ရောင်းဝယ်ရေး စံနစ် အရ၊ ပုဂ္ဂလိက ကုမ္ပဏီများ ဖြစ်ဘိသကဲ့သို့ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။''

တရားဝင်အဖွဲ့များ က ပုဂ္ဂလိက ကုမ္ပဏီများအဖြစ် လွတ် လပ် စွာ လုပ် ကိုင် ဆောင်ရွက်နိုင်ခြင်း။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ဂ နောက်တွင် အောက်ပါကို ပုဒ်မ ဂ-က နှင့် ဂ-ခ အဖြစ်ထည့်သွင်းရမည်။

''ဂ-က။ ။(၁) ဇယားပါတရားဝင်အဖွဲ့အသီးသီးသည်၊ မိမိ၏အရှုံးအမြတ် စာရင်းများကို ကော်ပိုရေးရှင်းသို့တင်ပြရမည်။ ကော်ပိုရေးရှင်းသည်၊ ဇယားပါတရားဝင်အဖွဲ့အားလုံး၏ နှစ်ချုပ်အရှုံးအမြတ်စာရင်းများကို စုပေါင်းထားသည့် အရှုံးအမြတ်စာရင်းချုပ်တခု ပြုလုပ်ရမည်။

အရှုံးအမြတ်စာရင်း။

(၂) ဇယားပါတရားဝင် အဖွဲ့အသီးသီးသည်၊ မိမိ၏အမြတ်ငွေများထဲမှ ၁၀ ရာခိုင်နှုန်းကို၊ မိမိ၏သီးသန့် ရံပုံငွေ (Reserve Fund) အဖြစ်ထားပြီးနောက်၊ ကျန်ရှိသော အမြတ်ငွေများကိုကော်ပိုရေးရှင်းအားပေးအပ်ရမည်။ ထိုငွေများကိုကော်ပိုရေးရှင်းက အောက်ပါအတိုင်း ခွဲဝေသုံးစွဲရမည်။

အမြတ်ခွဲဝေသုံးစွဲရေး။

(က) ထိုအမြတ်ငွေများ၏ ၁၅ ရာခိုင်နှုန်းကို၊ ကာကွယ်ရေးဌာနလက်အောက်ရှိ တရားဝင် အဖွဲ့အသီးသီး၏ သက်သာချောင်ချိရေးအတွက် သုံးစွဲရမည်။

(ခ) ထိုအမြတ်ငွေများ၏ ၆၅ ရာခိုင်နှုန်းကို ဇယားပါ တရားဝင် အဖွဲ့များ၏ လုပ်ငန်းများအတွက်အသုံးပြုရန်သီးသန့် ရံပုံငွေသို့ ပေးသွင်းရမည်။

(ဂ) ထိုအမြတ်ငွေများ၏ ၂၀ ရာခိုင်နှုန်းကို၊ ပြည်ထောင်စုမြန်မာ နိုင်ငံ၏အခွန်တော် ငွေများထဲသို့ထည့်သွင်းရမည်။

ဂ-ခ။ ။ကော်ပိုရေးရှင်းသည်၊ ကူးသန်း ရောင်းဝယ်ရေး သဘောတရားနှင့်အညီထားရှိသော ဇယားပါတရားဝင်အဖွဲ့များ၏ နှစ်စဉ်လက်ကျန်ရှင်းတမ်းစာရင်း၊ အရောင်း အဝယ်စာရင်း၊ အရှုံး အမြတ် စာရင်း၊ သီးသန့် ရံပုံငွေစာရင်းများ ပါဝင်သောနှစ်ချုပ်စာရင်းများ၊ လာမည့်နှစ်မှန်းခြေ လုပ်ငန်းများနှင့် အစီအစဉ်များကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရအဖွဲ့ဥက္ကဋ္ဌထံတင်ပြရမည်။ အဆိုပါလာမည့်နှစ် မှန်းခြေ လုပ်ငန်းများနှင့် အစီအစဉ်များကို ပြင်ဆင်သည့် နောက်ထပ် မှန်းခြေလုပ်ငန်းများနှင့်အစီအစဉ်များကိုလည်း ထိုနည်းတူအခါအားလျော်စွာတင်ပြနိုင်သည်။''

စာရင်းများနှင့်အစီအစဉ်များကိုပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရအဖွဲ့ဥက္ကဋ္ဌထံ တင်ပြခြင်း။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၉ အစား၊ အောက်ပါကို၊ ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

''၉။ ။(၁) ဤအက်ဥပဒေအရ ဆောင်ရွက်ရာတွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရအဖွဲ့ဥက္ကဋ္ဌကတာဝန်ခံ၍ဆောင်ရွက်ရမည်။

ဤ အက် ဥပဒေ အရ ဆောင်ရွက်ခြင်း။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ဥက္ကဋ္ဌသည်၊ ပုဒ်မခွဲ (၁) အရ၊ မိမိတာဝန်ခံဆောင်ရွက်ရမည့် ကိစ္စများကို၊ အခြားပုဂ္ဂိုလ်တဦးဦးအား အာဏာလွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့ အာဏာလွှဲအပ်ခြင်း ခံရသော ပုဂ္ဂိုလ်သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရအဖွဲ့ ဥက္ကဋ္ဌ၏ ညွှန်ကြားချက်ကို လိုက်နာလျက်၊ ထိုကိစ္စများကိုဆောင်ရွက်ရမည်။''

၇။ ။အဆိုပါ အက်ဥပဒေရှိဇယားအစား၊ အောက်ပါဇယားကိုထည့်သွင်းရမည်။

''ဇယား။

## ကုမ္ပဏီများနှင့်လုပ်ငန်းများစာရင်း။

(ပုဒ်မ ၆ ကိုကြည့်။)

၁။ ဗမာ့ငါးလုပ်ငန်းလီမိတက်။
၂။ အင်တာနေရှင်နယ်ထရေဒင်ဟောက် (စ်) လီမိတက်။
၃။ ဘားမားအေရှတစ်ကုမ္ပဏီလီမိတက်။

၄။ အင်းဝတိုက်လီမိတက်။
၅။ နေပြည်တော်ပို့ဆောင်ရေးကုမ္ပဏီလီမိတက်။
၆။ ရိုးအင်ကုမ္ပဏီလီမိတက်။
၇။ မော်တော်ဟောက် (စ်) ကုမ္ပဏီလီမိတက်။
၈။ စက်မှုနှင့်လျှပ်စစ်လုပ်ငန်းလီမိတက်။
၉။ ကျောက်မီးသွေးနှင့် အထွေထွေ ကူးသန်းရောင်းဝယ်ရေး သမဂ္ဂ ကုမ္ပဏီ လီမိတက်။
၁၀။ အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်။
၁၁။ ဗမာ့ရောင်းဝယ်ရေးတိုက်လီမိတက်။
၁၂။ တူရစ် (ဗမာ) လီမိတက်။
၁၃။ အက် (စ်) ၊အိုပင်ဟီးမားအင်ကုမ္ပဏီလီမိတက်။
၁၄။ ဒါလ်ဟိုဇီစတိုး (၁၉၄၆) လီမိတက်။
၁၅။ စင်းထရိတ်ပေါ်လီပရော့ဒတ် (စ်) လီမိတက်။
၁၆။ ဒီဇယ် အင် ဂျင်နရယ်ဆာဗစ်ဆက် (စ်) လီမိတက်။
၁၇။ ဗမာ့ကျွန်းသစ်နှင့်သုံးထပ်သားရောင်းဝယ်ရေးကုမ္ပဏီလီမိတက်။
၁၈။ ဗမာ့ကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီလီမိတက်။
၁၉။ မြန်မာနိုင်ငံပြည်သူ့အိုးအိမ်နှင့်အိမ်ယာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်။
၂၀။ ဗမာ့ငါးမွေးမြူရေးလုပ်ငန်းလီမိတက်။
၂၁။ ထွက်ကုန်သွင်းကုန်ဘဏ်လီမိတက်။
၂၂။ အင်းဝအာမခံလီမိတက်။
၂၃။ ကွန်တီနီတယ်ထရေဒင်ဟောက် (စ်) လီမိတက်။
၂၄။ လော့ဂျ်ပလပ် (မြန်မာပြည်) လီမိတက်။
၂၅။ ဗမာ့ရှူးလီမိတက်။
၂၆။ မြန်မာနိုင်ငံဟော်တယ်များလီမိတက်။
၂၇။ ရန်ကုန်အေဂျင်စီလီမိတက်။
၂၈။ ဗမာ့သုတ်ဆေးလီမိတက်။
၂၉။ ဘားမားမီးဘားရိတ်လီမိတက်။
၃၀။ ဟိုတယ်အင်တာနေရှင်နယ်လီမိတက်။
၃၁။ ပြည်သူ့ငွေချေးကုမ္ပဏီလီမိတက်။
၃၂။ နိုင်ငံတော်ဆေးဝါးလုပ်ငန်းများလီမိတက်။
၃၃။ မန္တလေးမြစ်ရေနှင့်အရက်ချက်ရုံလီမိတက်။''

ပ၊မ၊ဗ၊စ၊—အမှတ် ၇၊ တရားရေးဌာန၊ ၁၀-၁၀-၆၂—၂၃၅၀ + ၂—၂။

# ၁၉၆၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၁။]

## ပြည်ထောင်စုမြန်မာနိုင်ငံအား၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေး အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်စေရန် ဥပဒေ။

အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့သဘောတူစာချုပ်ပါအပိုဒ်များကို၊ အပြည်ပြည်ဆိုင်ရာပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ် အမှုဆောင် ဒါရိုက်တာများက၊ ၁၉၆၀ ပြည့်နှစ်၊ ဇန္နဝါရီလ ၂၆ ရက်နေ့တွင် သဘောတူပြီးဖြစ်၍၊ အစိုးရများ၏ ကိုယ်စား လက်မှတ်ရေးထိုးရန်နှင့် လက်ခံရန် အဆိုပါဘဏ်တွင် ပေးအပ်ထားပြီးဖြစ်သောကြောင့်တကြောင်း။

ထို့ပြင် အထက်တွင်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့်အညီ၊ အဆိုပါ အဖွဲ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံပါဝင်ရေးအတွက် ပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့် တကြောင်း။ ထိုအကြောင်းများကြောင့်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

အမည်။

၂။ ။ဤဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖေါ်ပြချက်။

(က) ''စာချုပ်ပါအပိုဒ်များ'' ဆိုသည်မှာ၊ ဤဥပဒေပါဇယား၌ ဖေါ်ပြထားသည့်၊ အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့သဘောတူ စာချုပ်ပါအပိုဒ်များကိုဆိုလိုသည်။

(ခ) ''ဘဏ်''ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ်ကိုဆိုလိုသည်။

(ဂ) ''အဖွဲ့''ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့ကိုဆိုလိုသည်။

(ဃ) '' လွှဲယ်ကူစွာလဲလှယ်နိုင်သောနိုင်ငံသုံးငွေ '' ဆိုသည်မှာ၊ စာချုပ်ပါအပိုဒ်များတွင် ထိုစကားရပ်နှင့်ပတ်သက်၍ အဓိပ္ပါယ် ဖေါ်ပြထားသည့်နိုင်ငံသုံးငွေကိုဆိုလိုသည်။

၃။ ။ပြည်ထောင်စု မြန်မာနိုင်ငံသည်၊ အဖွဲ့တွင်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံနိုင်ရန်အလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ က မိမိလက်မှတ်ရေးထိုးသော စာချွန်တော်ဖြင့်၊ ထိုစာချွန်တော်တွင် အမည်ဖေါ်ပြထားသူ အား၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရန် အာဏာအပ်နှင်းနိုင်သည်။

စာချုပ်ပါ အပိုဒ်များကို လက်မှတ်ရေးထိုးရန် အာဏာအပ်နှင်းခြင်း။

(က) စာချုပ်ပါအပိုဒ်များကို ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးရန်ကိစ္စ။ ထို့ပြင်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက စာချုပ်ပါ အပိုဒ်များကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တရားဥပဒေများနှင့် အညီ ခြွင်းချက်မရှိလက်ခံပြီးဖြစ်ကြောင်းဖြင့်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအား၊ စာချုပ်ပါ အပိုဒ်များ အရ၊ မိမိ၏ တာဝန်အားလုံးကို ဆောင်ရွက်နိုင်စေရန် လိုအပ်သည့်အတိုင်း အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်းဖြင့်၎င်း၊ ဖေါ်ပြသည့်စာချွန်တော်ကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား၊ ဘဏ်သို့ပေးအပ်ရန်ကိစ္စ။

ပြည်ထောင်စု ဘဏ်သည်၊အဖွဲ့အတွက်ငွေအပ်နှံရာ ဘဏ်ဖြစ်ခြင်း။

၄။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သည်၊ အဖွဲ့ပိုင်မြန်မာနိုင်ငံသုံးငွေများနှင့်အခြားပစ္စည်းများအပ်နှံရာ ဘဏ်ဖြစ်ရမည်။

အဖွဲ့သို့ ကနဦးထည့်ဝင်ရန် ကြေးငွေ။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံမှကနဦးထည့်ဝင်ရန် ကြေးငွေသည်၊ အမေရိကန် ဒေါ်လာ ၂၀,၂၀,၀၀၀ (ဒေါ်လာနှစ်သန်းနှစ်သောင်း) ဖြစ်ရမည်။

အဖွဲ့သို့ ထည့်ဝင်ရန် ကြေးငွေကို ပေးရန် နည်းလမ်းသတ်မှတ်ခြင်း။

၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံမှ ကနဦး ထည့်ဝင်ရန် ကြေးငွေ၏ ဆယ်ရာခိုင်နှုန်းအောက်မနည်းသည့်ငွေကို၊ ရွှေဖြင့် ဖြစ်စေ၊ လွယ်ကူစွာ လဲလှယ်နိုင်သောနိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ ပေးရမည်။ ကျန်ငွေကို မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည်။

(၂) ပုဒ်မခွဲ (၁) တွင် သီးခြားဖေါ်ပြထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံမှ ကနဦးထည့်ဝင်ရန်ကြေးငွေများအနက်၊စာချုပ်ပါအပိုဒ်များရှိ အပိုဒ် ၂၊အပိုင်း ၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ ရွှေဖြင့်ဖြစ်စေ၊ လွယ်ကူစွာလဲလှယ်နိုင်သော နိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ ပေးနိုင်သည့်ထည့်ဝင်ရန် ကြေးငွေအချိုးအဝက်ကို၊ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှပေးရမည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ စာချုပ်ပါအပိုဒ်များအနက်၊ အပိုဒ် ၂၊ အပိုင်း ၂၊ စာပိုဒ် (င) အရ၊ အဖွဲ့ကလက်ခံရန် ဆုံးဖြတ်သည့်အတိုးမရှိ၊ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များကိုဖြစ်စေ၊ မိမိသင့်သည်ထင်မြင်သည့်အတိုင်းပြုလုပ်၍၊ အဖွဲ့အား၊ အကယ်၍ အဖွဲ့က သာထိုသို့လက်မခံခဲ့သော်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှ မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည်ဖြစ်သည့် ကနဦးထည့်ဝင်ရန်ကြေးငွေအချိုးအဝက်အစားထုတ်ပေးနိုင်သည်။

အဖွဲ့သို့ ပေးရန်ရှိသည့် အခြားငွေများ။

၇။ ။ပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အောက်ပါငွေများကိုပေးရမည်—

(က) [အဖွဲ့ဝင်နိုင်ငံတို့၏ ငွေတန်ဘိုး၊ သို့တည်းမဟုတ် ငွေချင်းလဲလှယ်ရာတွင် အသုံးပြုသည့် နှုန်းထား (the par or the foreign exchange value' အပြောင်းအလဲနှင့် သက်ဆိုင်သည့်] စာချုပ်ပါ

အပိုဒ်များအနက်၊ အပိုဒ် ၄၊ အပိုင်း ၂ အရ၊ အဖွဲ့သို့ ပေးရမည့်ငွေအားလုံး၊ ထို့ပြင်

(ခ) အဖွဲ့သို့ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များ၊ သို့တည်းမဟုတ်ခံဝန်ချုပ်များကို ပြန်ရွေးရန် လိုအပ်သည့်ငွေအားလုံး။

ပြည်ထောင်စု ဘဏ်သို့ အစိုးရ အာမခံ လက်မှတ်များ၊ သို့တည်းမဟုတ်ခံဝန်ချုပ်များထုတ်ပေးခြင်း။

၇။ ။(၁) ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၇ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံအခွန်တော်ငွေများထဲမှ ပေးရမည့် ငွေများ အသင့်ရနိုင်ရန်ကိစ္စအလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အတိုးမရှိ၊ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ ခံဝန်ချုပ်များကိုဖြစ်စေ၊ မိမိသင့်သည် ထင်မြင်သည့်အတိုင်း ပြုလုပ်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် သို့ထုတ်ပေးခြင်းဖြင့် ငွေများချေးယူနိုင်သည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၉) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များကို၊ သို့တည်းမဟုတ် ခံဝန်ချုပ်များကိုလက်ခံ၍ လက်ရှိထားရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အား၊ ဤဥပဒေဖြင့် အာဏာအပ်နှင်းသည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များ ပြန်ရွေးရန် လိုအပ်သောငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအခွန်တော်ငွေများထဲမှပေးရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းအဖွဲ့အားပေးသည့်အခွင့်အတန်း၊ ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ။

၈။ ။စာချုပ်ပါအပိုဒ်များအနက်၊ အပိုဒ် ၇၊ ၂ မှ ၉ ထိဖြစ်သောအပိုင်းများတွင်ပါရှိသော ပြဋ္ဌာန်းချက်များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ တရားဥပဒေကဲ့သို့ အာဏာတည်စေရမည့်ပြင်၊ ထိုသို့ အာဏာတည်သည့်အားလျော်စွာ၊ အဖွဲ့သည်လည်း—

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ စာချုပ်ပါအပိုဒ်များအနက်အပိုဒ် ၇၊ အပိုင်း ၂ တွင် သတ်မှတ်ထားသော အဆင့်အတန်းနှင့် အရည်အချင်းများ ရရှိစေရမည်။ ထို့ပြင်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အဆိုပါ အပိုဒ် ၇၊ ၃ မှ ၉ ထိဖြစ်သောအပိုင်းများတွင် သတ်မှတ်ထားသော ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများရရှိစေရမည်။

နည်းဥပဒေများ ပြုနိုင်သည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အာဏာ။

၁၀။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ စာချုပ်ပါအပိုဒ်များ၌ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို ထိရောက်စွာ ဆောင်ရွက်ရန်၊ အကြောင်းအားလျော်စွာ လိုအပ်သည်ဟု ယူဆသည့် နည်းဥပဒေများကို ပြုနိုင်သည်။

# ARTICLES OF AGREEMENT OF THE INTERNATIONAL DEVELOPMENT ASSOCIATION

The Governments on whose behalf this Agreement is signed,

*Considering*:

That mutual co-operation for constructive economic purposes, healthy development of the world economy and balanced growth of international trade foster international relationships conducive to the maintenance of peace and world prosperity;

That an acceleration of economic development which will promote higher standards of living and economic and social progress in the less-developed countries is desirable not only in the interests of those countries but also in the interests of the international community as a whole;

That achievement of these objectives would be facilitated by an increase in the international flow of capital, public and private, to assist in the development of the resources of the less-developed countries,

do hereby agree as follows:

## INTRODUCTORY ARTICLE

The International Development Association (hereinafter called " the Association ") is established and shall operate in accordance with the following provisions:

## ARTICLE I

### Purposes

The purposes of the Association are to promote economic development, increase productivity and thus raise standards of living in the less-developed areas of the world included within the Association's membership, in particular by providing finance to meet their important developmental requirements on terms which are more flexible and bear less heavily on the balance of payments than those of conventional loans, thereby furthering the developmental objectives of the International Bank for Reconstruction and Development (hereinafter called " the Bank ") and supplementing its activities.

The Association shall be guided in all its decisions by the provisions of this Article.

## ARTICLE II

### Membership ; Initial Subscriptions

SECTION 1. *Membership*

(*a*) The original members of the Association shall be those members of the Bank listed in Schedule A hereto which, on or before the date specified in Article XI, Section 2 (*c*) accept membership in the Association.

(*b*) Membership shall be open to other members of the Bank at such times and in accordance with such terms as the Association may determine.

SECTION 2. *Initial Subscriptions*

(*a*) Upon accepting membership, each member shall subscribe funds in the amount assigned to it. Such subscriptions are herein referred to as initial subscriptions.

(*b*) The initial subscription assigned to each original member shall be in the amount set forth opposite its name in Schedule A, expressed in terms of United States dollars of the weight and fineness in effect on January 1, 1960.

(*c*) Ten percent of the initial subscription of each original member shall be payable in gold or freely convertible currency as follows: fifty percent within thirty days after the date on which the Association shall begin operations pursuant to Article XI, Section 4, or on the date on which the original member becomes a member, whichever shall be later ; twelve and one-half percent one year after the beginning of operations of the Association ; and twelve and one-half percent each year thereafter at annual intervals until the ten percent portion of the initial subscription shall have been paid in full.

(*d*) The remaining ninety percent of the initial subscription of each original member shall be payable in gold or freely convertible currency in the case of members listed in Part I of Schedule A, and in the currency of the subscribing member in the case of members listed in Part II of Schedule A. This ninety percent portion of initial subscriptions of original members shall be payable in five equal annual instalments as follows: the first such instalment within thirty days after the date on which the Association shall begin operations pursuant to Article XI, Section 4, or on the date on which the original member becomes a member, whichever shall be later ; the second instalment one year after the beginning of operations of the Association, and succeeding instalments each year thereafter at annual intervals until the ninety percent portion of the initial subscriptions shall have been paid in full.

(*e*) The Association shall accept from any member, in place of any part of the member's currency paid in or payable by the member under the preceding sub-section (*d*) or under Section 2 of Article IV and not needed by the Association in its operations, notes or similar obligations issued by the government of the member or the depository designated by such member, which shall be non-negotiable, non-interest-bearing and payable at their par value on demand to the account of the Association in the designated depository.

(*f*) For the purposes of this Agreement the Association shall regard as " freely convertible currency ":

(i) currency of a member which the Association determines, after consultation with the International Monetary Fund, is adequately convertible into the currencies of other members for the purposes of the Association's operations; or

(ii) currency of a member which such member agrees, on terms satisfactory to the Association, to exchange for the currencies of other members for the purposes of the Association's operations.

(*g*) Except as the Association may otherwise agree, each member listed in Part I of Schedule A shall maintain, in respect of its currency paid in by it as freely convertible currency pursuant to sub-section (*d*) of this Section, the same convertibility as existed at the time of payment.

(*h*) The conditions on which the initial subscriptions of members other than original members may be made, and the amounts and the terms of payment thereof, shall be determined by the Association pursuant to Section 1 (*b*) of this Article.

SECTION 3. *Limitation on Liability*

No member shall be liable, by reason of its membership, for obligations of the Association.

## ARTICLE III

## Additions to Resources

SECTION 1. *Additional Subscriptions*

(*a*) The Association shall at such time as it deems appropriate in the light of the schedule for completion of payments on initial subscriptions of original members, and at intervals of approximately five years thereafter, review the adequacy of its resources and, if it deems desirable, shall authorize a general increase in subscriptions. Notwithstanding the foregoing general or individual increases in subscriptions may be

authorized at any time, provided that an individual increase shall be considered only at the request of the member involved. Subscriptions pursuant to this Section are herein referred to as additional subscriptions.

(*b*) Subject to the provisions of paragraph (*c*) below, when additional subscriptions are authorized, the amounts authorized for subscription and the terms and conditions relating thereto shall be as determined by the Association.

(*c*) When any additional subscription is authorized, each member shall be given an opportunity to subscribe, under such conditions as shall be reasonably determined by the Association, an amount which will enable it to maintain its relative voting power, but no member shall be obligated to subscribe.

(*d*) All decisions under this Section shall be made by a two-thirds majority of the total voting power.

SECTION 2. *Supplementary Resources provided by a Member in the Currency of another Member*

(*a*) The Association may enter into arrangements, on such terms and conditions consistent with the provisions of this Agreement as may be agreed upon, to receive from any member, in addition to the amounts payable by such member on account of its initial or any additional subscription, supplementary resources in the currency of another member, provided that the Association shall not enter into any such arrangement unless the Association is satisfied that the member whose currency is involved agrees to the use of such currency as supplementary resources and to the terms and conditions governing such use. The arrangements under which any such resources are received may include provisions regarding the disposition of earnings on the resources and regarding the disposition of the resources in the event that the member providing them ceases to be a member or the Association permanently suspends its operations.

(*b*) The Association shall deliver to the contributing member a Special Development Certificate setting forth the amount and currency of the resources so contributed and the terms and conditions of the arrangement relating to such resources. A Special Development Certificate shall not carry any voting rights and shall be transferable only to the Association.

(*c*) Nothing in this Section shall preclude the Association from accepting resources from a member in its own currency on such terms as may be agreed upon.

## ARTICLE IV

## Currencies

SECTION 1. *Use of Currencies*

| ၂။ စုစုပေါင်းဝင်ငွေအနက် နောက်ကျပ်ငွေ ၃,၅၀၀ ပေါ်တွင် | ... | ၇ ရာခိုင်နှုန်း။ |
| ၃။ စုစုပေါင်းဝင်ငွေ အနက် နောက်ကျပ်ငွေ ၅,၀၀၀ ပေါ်တွင် | ... | ၁၃ ရာခိုင်နှုန်း။ |
| ၄။ စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၅,၀၀၀ ပေါ်တွင် | ... | ၂၂ ရာခိုင်နှုန်း။ |
| ၅။ စုစုပေါင်း ဝင်ငွေအနက် ကျန်ကျပ်ငွေ ပေါ်တွင် ... | ... | ၃၂ ရာခိုင်နှုန်း။ |

သို့ရာတွင်—

(၁) အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် မယားနှင့် သား သမီးများ အတွက်ခွင့်ပြုသမျှငွေကို မနုတ်မီ၊ ကျပ်ငွေ ၄,၂၀၀ ထက်မပိုသော စုစုပေါင်းဝင်ငွေပေါ်တွင် အမြတ်တော်ခွန်မပေးဆောင်ရ။

(၂) ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ (အလုပ်လုပ်၍ရသည့်ဝင်ငွေ အတွက်နှင့်မယားနှင့် သားသမီးများအတွက် အဆိုပါ ခွင့်ပြုငွေကို မနုတ်မီ) စုစုပေါင်းဝင်ငွေက ကျပ်ငွေ ၄,၂၀၀ ထက်ပိုသမျှသော ငွေ၏ထက်ဝက်ထက်မည်သည့်အချက်တွင်မျှ မပိုစေရ။

(၃) အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် မယားနှင့် သားသမီးများ အတွက် ခွင့်ပြုသမျှငွေနုတ်ပြီးဖြစ်သည့် စုစုပေါင်း ဝင်ငွေပေါ်တွင် ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ၊ အောက်ပါငွေနှစ်ရပ်အနက် နည်းရာငွေထက်မပိုစေရ။

(က) ယင်းသို့ လျှော့ပေါ့ထားသည့် စုစုပေါင်းဝင်ငွေနှင့် မလျှော့ပေါ့ ရသေးသည့် စုစုပေါင်း ဝင်ငွေနှစ်ရပ်၏ အချိုးအစား အတိုင်း (အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် မယားနှင့်သားသမီး

များအတွက် ခွင့်ပြုသမျှငွေကို မနုတ်မီ) စုစုပေါင်းဝင်ငွေကျပ် ၄,၂၀၀ ထက်ပိုသမျှသောငွေ၏ထက်ဝက်နှင့် အချိုးအစားတူသည့်ငွေပေါင်း၊ သို့တည်းမဟုတ်

(ခ) ယင်းသို့ လျော့ပေါ့ထားသည့် ဝင်ငွေပေါ်တွင်၊ ဤဇယားနှင့် သီးခြားဖေါ်ပြထားသည့် နှုန်းများအတိုင်း ပေးဆောင်ရမည့် အမြတ်တော်ခွန်ငွေ။

ခ။ ။ကုမ္ပဏီ အသီးသီးဖြစ်လျှင်၎င်း၊မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အများဆုံးနှုန်းဖြင့် အမြတ်တော်ခွန် ကောက်ခံရမည်ဖြစ်လျှင်၎င်း—

စုစုပေါင်း ဝင်ငွေအားလုံးပေါ်တွင် ... ၃၂ ရာခိုင်နှုန်း။

ဂ။ ။မှတ်ပုံတင်ထားသည့် ကုန်ဖက်စပ်လုပ်ငန်းအသီးသီးဖြစ်လျှင်—

၁။ စုစုပေါင်း ဝင်ငွေအနက် ပဌမကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် ... မရှိ။

၂။ စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် ... ၅ ရာခိုင်နှုန်း။

၃။ စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၇၀,၀၀၀ ပေါ်တွင် ... ၇ ရာခိုင်နှုန်း။

၄။ စုစုပေါင်း ဝင်ငွေအနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၁၀ ရာခိုင်နှုန်း။

## အပိုင်း ၂။

### နောက်ထပ်အခွန်တော်နှုန်းများ။

က။ ။သီးခြားပုဂ္ဂိုလ်၊ ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားစု၊ မှတ်ပုံမတင်သည့် ကုန်ဖက်စပ် လုပ်ငန်းအသီးသီးနှင့် ဤအပိုင်းပါ အပိုဒ် ခ၊ သို့တည်းမဟုတ် အပိုဒ် ဂ နှင့် မသက်ဆိုင်သော အခြားအသင်းအဖွဲ့ဖြစ်လျှင်—

၁။ စုစုပေါင်း ဝင်ငွေအနက် ပဌမကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... မရှိ။

၂။ စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၂၀,၀၀၀ ပေါ်တွင် ... ၁၀ ရာခိုင်နှုန်း။

၃။ စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... ၃၁ ရာခိုင်နှုန်း။

၄။ စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... ၃၀ ရာခိုင်နှုန်း။

၅။ စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် ... ၄၁ ရာခိုင်နှုန်း။

၆။ စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၇၅,၀၀၀ ပေါ်တွင် ... ၅၀ ရာခိုင်နှုန်း။

၇။ စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၁,၀၀,၀၀၀ ပေါ်တွင် ... ၅၆ ရာခိုင်နှုန်း။

၈။ စုစုပေါင်း ဝင်ငွေ အနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၆၆ ရာခိုင်နှုန်း။

ခ။ ။သမဝါယမအသင်းများအက်ဥပဒေအရမှတ်ပုံတင်သွင်းထားလျက်ရှိသော သမဝါယမအသင်းဖြစ်လျှင်—

၁။ စုစုပေါင်း ဝင်ငွေ အနက် ပဋ္ဌမကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... မရှိ။
၂။ စုစုပေါင်း ဝင်ငွေ အနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၁၃ ရာခိုင်နှုန်း။

ဂ။ ။ကုမ္ပဏီအသီးသီးဖြစ်လျှင်—

စုစုပေါင်း ဝင်ငွေအားလုံးပေါ်တွင် ... ၁၈ ရာခိုင်နှုန်း။

## ဒုတိယဇယား။

## မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား။

[ပုဒ်မ ၄ ကိုကြည့်။]

### ချောစာများ။

| | ပြား။ |
|---|---|
| ၃ အောင်စထက်မပိုလျှင် .... .... .... | ၁၅ |
| နောက်ထပ် ၃ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... | ၇ |

### စာပို့ကဒ်များ။

| | |
|---|---|
| တစောင်လျှင် .... .... .... | ၅ |
| ပြန်စာအတွက်ပါ .... .... .... | ၁၀ |

### စာအုပ်၊ ပုံစံနှင့် နမူနာအထုပ်များ။

| | |
|---|---|
| ပဋ္ဌမ ၂ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... | ၅ |
| ၂ အောင်စထက်ပိုသည့်နောက်ထပ် ၁ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... .... .... | ၃ |

### မှတ်ပုံတင်ပြီးသတင်းစာများ။

| | |
|---|---|
| ၄ အောင်စထက်မပိုလျှင် .... .... .... | ၂ |
| ၄ အောင်စထက်ပို၍ ၈ အောင်စထက်မပိုလျှင် .... .... | ၃ |
| ၈ အောင်စထက်ပိုသည့် အလေးချိန် ၈ အောင်စတိုင်း၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... .... .... | ၃ |
| အထုပ်တခုတည်းတွင်ပါရှိသည့် တနေ့တည်းထုတ်မှတ်ပုံတင်ပြီးသတင်းစာ ဘစောင်ထက်ပိုလျှင်— | |
| ၄ အောင်စထက်မပိုလျှင် .... .... | ၃ |
| နောက်ထပ် ၂ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း | ၁ |

သို့ရာတွင် ထိုအထုပ်များကို လိပ်စာပါသူ၏ နေအိမ်သို့ မပို့ရ။ အသိအမှတ်ပြုထားသည့် ကိုယ်စားလှယ်အားစာပို့တိုက်၌ပေးအပ်ရမည်။

| ပါဆယ်ထုပ်များ။ | ပြား |
|---|---|
| ၁ ပေါင်ထက်မပိုလျှင် .... .... .... | ၅၀ |
| ၂၂ ပေါင်အထိ၊ နောက်ထပ် အလေးချိန် ၁ ပေါင်၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... .... .... | ၅၀ |


နိုင်ငံတွင်းစာပို့ကဒ်များ၊ ချောစာများနှင့် ငွေလွှဲလက်မှတ်များအတွက် နောက်ထပ်လေကြောင်းချောပို့ခများ။


| | |
|---|---|
| စာပို့ကဒ် .... .... .... .... | ၅ |
| ချောစာအတွက် ½ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... | ၅ |
| နောက်ထပ် ½ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း .... | ၅ |
| ငွေလွှဲလက်မှတ်တစောင်လျှင် .... .... .... | ၅ |


ပ၊မ၊ဗ၊စ၊—အမှတ် ၁၅၊ တချားရေးဌာန၊ ၁-၁၁-၆၂—၂,၃၅၀ —၂ + ၂။

# ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

[ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။(၁) အောက်တွင် ဖေါ်ပြရာပါတာဝန်ခံအသီးသီးသည်၊ မိမိနှင့်ယှဉ်တွဲဖေါ်ပြထားသော ဘဏ္ဍာတော်ငွေများမှ၊ ဆက်လက်ယှဉ်တွဲ ဖေါ်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖေါ်ပြထားသော ဇယားတွင်ဖေါ်ပြထားသည့်အတိုင်းထုတ်၍၊ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ်။ | တာဝန်ခံ။ | ဘဏ္ဍာတော်ငွေအမည်။ | စုစုပေါင်းငွေ။ | ရည်ညွှန်းသည့် နောက်ဆက်တွဲဇယား။ |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရဘဏ္ဍာရေး ဌာန တာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများ။ | ၁,၈၀,၁၀,၉၈,၀၀၀ | နောက်ဆက်တွဲဇယား (က)။ |
| ၂ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ဥက္ကဋ္ဌ။ | ရှမ်း ပြည် နယ် ၏ ဘဏ္ဍာတော် ငွေများ။ | ၃,၉၅,၃၄,၀၀၀ | နောက်ဆက်တွဲဇယား (ခ)။ |
| ၃ | က ချင် ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင် ပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။ | ၂,၃၈,၆၆,၂၀၀ | နောက်ဆက်တွဲဇယား (ဂ)။ |
| ၄ | က ရင် ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကရင် ပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။ | ၁,၄၅,၁၅,၀၁၀ | နောက်ဆက်တွဲဇယား(ဃ)။ |
| ၅ | က ယား ပြည် နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ ဘဏ္ဍာတော် ငွေများ။ | ၆၀,၉၆,၃၁၀ | နောက်ဆက်တွဲဇယား(င)။ |

(၂) ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း၌ စုစုပေါင်းကျပ်ငွေ ၄,၅၀,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊

[အဘိုး—၁၀ ပြား]

အစိုးရငွေချေးစာချုပ်များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆိုငွေချေးယူနိုင်သည့်ပြင်၊ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍လည်း ထုတ်ပေးနိုင်သည်။

(၃) တရားဥပဒေများအရသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက တရားဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်အရသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သော်၎င်း၊ ဖွဲ့စည်းထားသော အဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်များက၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံ၏ သဘောတူညီချက်ဖြင့်၊ ချေးယူသည့်ငွေများကို၊ ကျသင့်သော အတိုးနှင့်တကွပေးဆပ်ရန်အတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံက တာဝန်ခံနိုင်သည်။ သို့သော်လည်း ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း၊ ထိုကဲ့သို့ တာဝန်ခံသည့်ချေးငွေစုစုပေါင်းသည်၊ကျပ်ငွေ ၅၀ ကုဋေထက်မပိုစေရ။

(၄) ဤဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများတွင် ထည့်သွင်းရမည်။

(၅) ဤဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကို၎င်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ ထုတ်ပေးရမည်။

**နောက်ဆက်တွဲဇယား (က)။**

## ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် .... .... | ၆၆,၀၅,၀၀၀ |
| အမြတ်တော်ခွန် .... .... .... | ၂၄,၉၄,၀၀၀ |
| မြန်မာနိုင်ငံတော် အောင်ဘာလေသိန်းဆု .... .... | ၉,၀၄,၀၀၀ |
| မြေခွန်တော် .... .... .... | ၁,၄၄,၇၀,၀၀၀ |
| ယစ်မျိုး .... .... .... .... | ၃၁,၁၉,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု .... .... | ၄,၁၉,၀၀၀ |
| သစ်တော .... .... .... .... | ၁,၀၃,၇၉,၀၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ .... .... | ၁၃,၅၇,၀၁၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ .... .... | ၁,၅၂,၀၆,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း .... .... .... | ၂,၃၃,၁၄,၀၀၀ |
| အတိုးနှင့်ကြွေးမြီ .... .... .... | ၅,၆၆,၀၄,၀၀၀ |

နောက်ဆက်တွဲဇယား (က)။ ။အဆက်။

## ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။ ။အဆက်။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| ပါလီမန် .... .... .... .... | ၃,၈၀,၀၀၀ |
| အခွန်ရပ်ရပ်စီရင်ကွပ်ကဲမှု .... .... .... | ၂,၈၆,၂၅,၀၀၀ |
| စာရင်းစစ် .... .... .... .... | ၇၃,၃၄,၀၀၀ |
| တရားရေး .... .... .... .... | ၁,၀၂,၀၆,၀၀၀ |
| အကျဉ်းထောင်များ .... .... .... | ၉၉,၃၈,၀၀၀ |
| ရဲအဖွဲ့ .... .... .... .... | ၁၁,၀၅,၅၉,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ .... .... | ၁,၄၅,၃၂,၀၀၀ |
| သာသနာရေးကိစ္စများ .... .... .... | ၂၆,၀၆,၀၀၀ |
| နိုင်ငံခြားရေး .... .... .... | ၈၇,၅၄,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ .... .... | ၇၄,၂၆,၀၀၀ |
| ပညာရေး .... .... .... .... | ၁၃,၄၈,၁၃,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး .... .... | ၅,၅၃,၄၈,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေး လုပ်ငန်းနှင့်ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး .... | ၁,၈၉,၈၅,၀၀၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ .... .... | ၁၄,၆၉,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှု .... .... | ၄၁,၁၉,၀၀၀ |
| အထွေထွေဌာနများ .... .... .... | ၄,၇၀,၀၃,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ .... .... | ၆,၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... .... | ၂,၇၆,၁၀,၀၀၀ |
| ပင်စင်လစာငွေများ .... .... .... | ၃,၄၂,၉၁,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း .... .... | ၇၀,၇၅,၀၀၀ |
| အထွေထွေ .... .... .... | ၁,၃၁,၃၄,၀၀၀ |
| ကာကွယ်ရေး .... .... .... | ၄၀,၇၂,၅၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ .... .... | ၂,၅၅,၆၉,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီ တင်ရှိသည့်ကြွေးမြီတာဝန်များ .... | ၁၅,၀၀၀ |
| နယ်ခြားဒေသအုပ်ချုပ်ရေး .... .... .... | ၇၇,၁၃,၀၀၀ |
| ချင်းဒိသေသတိုင်းအုပ်ချုပ်ရေး .... .... | ၇၅,၀၇,၀၀၀ |
| အစိုးရစီမံအုပ်ချုပ်သောဘုတ်အဖွဲ့များနှင့်ကော်ပိုရေးရှင်းများသို့ထောက် ပံ့ငွေများ .... .... .... | ၃၇,၃၂,၀၀၀ |
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော်အတွက် မ,တည်ငွေရင်း | ၇၅,၀၀၀ |
| အမြတ်တော်ခွန်အတွက် မ,တည်ငွေရင်း .... .... | ၅၃,၀၀၀ |
| မြေခွန်တော်အတွက် မ,တည်ငွေရင်း .... .... | ၄၆,၀၀၀ |

နောက်ဆက်တွဲဇယား (က)။ ။အဆုံး။

# ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။ ။အဆုံး။

| အစိုးရဌာန။ | ခွဲဝေ သုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|
| သစ်တောအတွက် မ,တည်ငွေရင်း .... .... | ၄၆,၁၁,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း .... .... | ၂,၆၉,၈၄,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း .... .... | ၁,၀၀,၈၅,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း .... .... | ၃၉,၀၀၀ |
| စာရင်းစစ်အတွက် မ,တည်ငွေရင်း .... .... | ၇၀,၀၀၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း .... .... .... | ၁,၁၀,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း .... | ၆၆,၂၀,၀၀၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း .... .... | ၆၂,၀၀,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း .... | ၉,၇၇,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း .... .... | ၅၂,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ... | ၂၂,၁၇,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမငွေစုငွေချေး လုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေးအတွက် မ,တည် ငွေရင်း .... .... .... | ၁၆,၂၀,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း .... | ၄၃,၇၂,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း .... .... | ၁,၁၇,၆၉,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံအတွက် မ,တည်ငွေရင်း | ၆၄,၁၉,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း .... .... | ၃,၀၃,၄၇,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်းအတွက် မ,တည်ငွေရင်း .... | ၁၆,၅၂,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း .... | ၇,၄၂,၅၀,၀၀၀ |
| နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အတွက် မ,တည်ငွေရင်း .... | ၄,၀၀,၀၀,၀၀၀ |
| မ,တည်ငွေရင်းအတွက်ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ .... | ၂,၆၄,၂၇,၀၀၀ |
| နယ်ခြားဒေသအုပ်ချုပ်ရေးအတွက် မ,တည်ငွေရင်း .... | ၈၄,၈၀,၀၀၀ |
| ကျေးလက်စီးပွါးရေးတိုးတက်ဖွံ့ဖြိုးမှု ရံပုံငွေသို့ထည့်သွင်းရန်ဘဏ္ဍာတော် ငွေခွဲဝေသတ်မှတ်ခြင်း .... .... .... | ၂,၀၆,၀၀,၀၀၀ |
| ချင်းဝိသေသတိုင်း အုပ်ချုပ်ရေးအတွက် မ,တည်ငွေရင်း .... | ၈၇,၇၂,၀၀၀ |
| အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့်ကော်ပိုရေးရှင်းများတွင် အစိုးရ ၏အကျိုးတူရင်းနှီးမြှုပ်နှံငွေ .... .... | ၄,၀၂,၁၂,၀၀၀ |
| အစိုးရစီမံအုပ်ချုပ်သော ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများသို့ကြိုတင် ထုတ်ပေးငွေများနှင့်ထောက်ပံ့ငွေများ .... .... | ၈,၅၁,၀၆,၀၀၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ .... | ၁၀,၅၂,၅၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင် ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင် ထုတ်ပေးငွေများ .... .... .... | ၁၃,၀၇,၁၁,၀၀၀ |
| ပေါင်း .... | ၁,၈၀,၁၀,၉၈,၀၀၀ |

နောက်ဆက်တွဲဇယား (ခ)။

## ရှမ်းပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| မြေခွန်တော် .... .... .... | ၁၁,၆၅,၉၀၀ |
| ယစ်မျိုး .... .... .... | ၆၀၀ |
| တံဆိပ်တော်ခေါင်းများ .... .... .... | ၁၀၀ |
| သစ်တော .... .... ... | ၁၂,၃၄,၃၀၀ |
| မှတ်ပုံတင်မှု .... .... .... | ၁၀,၀၀၀ |
| အခြားအခွန်တော်များနှင့်အကောက်တော်များ .... .... | ၁၉,၄၀၀ |
| ဆည်မြောင်း .... .... .... | ၇,၃၇,၅၀၀ |
| အတိုး .... .... .... | ၄၂,၇၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု .... .... .... | ၃၆,၃၀,၂၀၀ |
| တရားရေး .... .... .... | ၂,၁၅,၇၀၀ |
| အကျဉ်းထောင်များ .... .... .... | ၆,၅၃,၄၀၀ |
| သာသနာရေးကိစ္စများ .... .... .... | ၁,၁၁,၅၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ .... .... | ၃,၄၂,၆၀၀ |
| ပညာရေး .... .... .... | ၅၈,၉၂,၃၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး .... .... | ၄၅,၆၃,၃၀၀ |
| စိုက်ပျိုးရေး .... .... .... | ၁၂,၆၂,၉၀၀ |
| တိရစ္ဆာန်ဆေးကုသရေး .... .... .... | ၈,၀၀,၄၀၀ |
| စက်မှုလက်မှု အလုပ်အကိုင်များ .... .... | ၅,၇၀၀ |
| အထွေထွေဌာနများ .... .... .... | ၇,၈၄,၂၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... .... | ၅၀,၇၈,၇၀၀ |
| ပင်ရှင်လစာငွေများ .... .... .... | ၃,၆၁,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း .... .... | ၈၀,၀၀၀ |
| အထွေထွေ .... .... .... | ၂,၀၃,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီတင်ရှိသည့်ကြွေးမြီတာဝန်များ .... | ၄၀,၀၀၀ |
| မြေခွန်တော်အတွက် မ,တည်ငွေရင်း .... .... | ၂,၃၅,၈၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း .... .... | ၁,၇၈,၉၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း .... .... | ၁၄,၆၇,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း .... | ၄,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း .... .... | ၁၅,၅၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း .... | ၂,၂၆,၄၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း .... .... | ၃,၇၈,၀၀၀ |
| တိရစ္ဆာန်ဆေးကုသရေးအတွက် မ,တည်ငွေရင်း .... | ၄၃,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း .... .... | ၄၉,၇၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း .... .... | ၉၃,၇၅,၃၀၀ |
| အခြားအဘိုးရသည့်ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင် ထုတ်ပေးငွေများ .... .... .... | ၃,၂၅,၀၀၀ |
| ပေါင်း .... | ၃,၉၅,၃၄,၀၀၀ |

နောက်ဆက်တွဲဇယား (ဂ)။

# ကချင်ပြည်နယ်၏ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|
| မြေခွန်တော် .... .... .... | ၃,၅၁,၁၀၀ |
| ယစ်မျိုး .... .... .... | ၃,၀၈,၄၀၀ |
| တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု .... .... | ၂,၄၀၀ |
| သစ်တော .... .... .... | ၉,၀၁,၈၀၀ |
| ဆည်မြောင်းလုပ်ငန်းများ .... .... .... | ၁,၁၅,၃၀၀ |
| အတိုးနှင့်ကြွေးမြီ .... .... .... | ၅၃,၃၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု .... .... .... | ၁၇,၀၀,၄၀၀ |
| အကျဉ်းထောင်များ .... .... .... | ၂,၆၂,၄၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ .... .... | ၁,၇၁,၈၀၀ |
| ပညာရေး .... .... .... | ၃၇,၄၁,၆၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး .... .... | ၂၁,၀၆,၉၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး .... .... | ၁၂,၂၇,၄၀၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ .... .... | ၃,၀၇,၁၀၀ |
| အထွေထွေဌာနများ .... .... .... | ၄,၂၃,၈၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... .... | ၄၀,၅၅,၆၀၀ |
| ပင်ရှင်လစာငွေများ .... .... .... | ၂,၁၆,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း .... .... | ၈၀,၀၀၀ |
| အထွေထွေ .... .... .... | ၁,၄၉,၄၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း .... .... | ၂,၅၀,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း .... .... | ၇၆,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း .... .... | ၇၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း .... .... | ၈၅,၅၀၀ |
| စက်မှု လက်မှုအတွက် မ,တည်ငွေရင်း .... .... | ၃၉,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း .... .... | ၁,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း .... .... | ၆၃,၃၃,၀၀၀ |
| အခြားအစိုးရသည့် ကြိုဘင်ထုတ်ပေးငွေများနှင့် အစိုးမရသည့်ကြိုတင် ထုတ်ပေးငွေများ .... .... .... | ၆,၃၈,၀၀၀ |
| ပေါင်း .... | ၂,၃၈,၆၆,၂၀၀ |

နောက်ဆက်တွဲဇယား (ဃ)။

## ကရင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| မြေခွန်တော် .... .... .... | ၃,၆၂,၉၁၀ |
| ယစ်မျိုး .... .... .... | ၁,၃၆,၉၄၀ |
| တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု .... .... | ၂,၄၀၀ |
| သစ်တော .... .... .... .... | ၅,၃၆,၇၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ .... .... | ၃၇,၇၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု .... .... .... | ၁၀,၁၂,၈၈၀ |
| တရားရေး .... .... .... .... | ၄၆,၃၉၀ |
| အကျဉ်းထောင်များ .... .... .... | ၁,၀၈,၅၀၀ |
| ရေကြောင်းဆိုင်ရာ .... .... .... | ၂,၉၉,၈၈၀ |
| သာသနာရေးကိစ္စများ .... .... .... | ၃၆,၆၁၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ .... .... | ၂,၈၀၀ |
| ပညာရေး .... .... .... .... | ၃၃,၂၁,၇၆၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး .... .... | ၁၇,၅၆,၀၃၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေးနှင့်သမဝါယမငွေစုငွေချေး လုပ်ငန်း .... .... .... .... | ၆,၅၁,၉၆၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ .... .... | ၂၄,၈၄၀ |
| အထွေထွေဌာနများ .... .... .... | ၄,၁၆,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... .... | ၁၁,၂၀,၂၄၀ |
| ပင်ရှင်လစာငွေများ .... .... .... | ၁,၀၁,၀၀၀ |
| စာရေးကိရိယာနှင့်စာနှိပ်ခြင်း .... .... | ၆၂,၃၅၀ |
| အထွေထွေ .... .... .... .... | ၁,၄၁,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း .... .... | ၈၁,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း .... .... | ၅,၀၀,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း .... | ၅၂,၉၂၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း .... .... | ၁,၁၇,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း .... .... | ၁,၀၃,၉၄၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ ငွေစုငွေချေးလုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းကာကွယ်ရေးအတွက် မ,တည်ငွေရင်း .... | ၄၅,၈၀၀ |
| စက်မှုလက်မှုအလုပ်အကိုင်များအတွက် မ,တည်ငွေရင်း .... | ၁၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း .... .... | ၂၇,၉၅,၃၀၀ |
| စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း .... .... | ၁၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင် ထုတ်ပေးငွေများ .... .... .... | ၆,၉၀,၀၀၀ |
| ပေါင်း .... | ၁,၄၅,၁၅,၀၁၀ |

နောက်ဆက်တွဲဇယား (င)။

# ကယားပြည်နယ်၏ဘဏ္ဍာတော်ငွေများမှသုံးစွဲရန်စာရင်း။

| အစိုးရဌာန။ | | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|---|
| | | | | ကျပ်။ |
| မြေခွန်တော် | .... | .... | .... | ၄၀,၃၉၀ |
| သစ်တော .... | .... | .... | .... | ၁,၃၉,၂၅၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ | | .... | .... | ၅၆,၀၅၀ |
| ဥပဒေပြုအဖွဲ့ | .... | .... | .... | ၁,၅၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | .... | .... | .... | ၆,၀၁,၃၈၀ |
| တရားရေး .... | .... | .... | .... | ၁၀,၀၁၀ |
| အကျဉ်းထောင်များ | .... | .... | .... | ၃၀,၅၀၀ |
| သာသနာရေးကိစ္စများ | .... | .... | .... | ၂၀,၀၀၀ |
| ပညာရေး .... | .... | .... | .... | ၅,၄၉,၄၉၀ |
| ဆေးဘက်ဆိုင်ရာ | .... | .... | .... | ၄,၃၆,၄၆၀ |
| ပြည်သူ့ကျန်းမာရေး | .... | .... | .... | ၁,၆၈,၅၀၀ |
| လယ်ယာစိုက်ပျိုးရေး | .... | .... | .... | ၁,၆၄,၇၄၀ |
| တိရစ္ဆာန်ဆေးကုသရေး | .... | .... | .... | ၂,၀၇,၁၀၀ |
| စက်မှုလက်မှုအသုပ်အကိုင်များ | | .... | .... | ၃,၄၅,၀၀၀ |
| အထွေထွေဌာနများ | .... | .... | .... | ၇၀,၀၅၀ |
| မြို့ပြဆိုင်ရာ လုပ်ငန်းများ | .... | .... | .... | ၆,၁၀,၄၅၀ |
| ပင်ရှင်လစာငွေများ | .... | .... | .... | ၂၃,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း.... | | .... | .... | ၁၆,၀၀၀ |
| အထွေထွေ | .... | .... | .... | ၈,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း | | .... | .... | ၂,၇၅,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း | | .... | .... | ၂၂,၉၀,၆၀၀ |
| စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း | | | .... | ၁၅,၀၀၀ |
| | | ပေါင်း | .... | ၆၀,၉၆,၃၁၀ |

ပ၊မ၊ဗ၊စ၊—အမှတ် ၁၄၊ တရားရေးဌာန၊ ၁-၁၁-၆၂—၂၃၅၀+၂—၂။

# ၁၉၆၂ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေကို၊ ဒုတိယအကြိမ် ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်သူ့ စစ်မှုထမ်းအက်ဥပဒေကို၊ ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေတွင်၊ ပုဒ်မ ၃၊ အပိုဒ် (ဂ) အပိုင်းခွဲ (၃) ၌၊ "ပုဒ်မ ၁၅ အရ ခန့်ထားသည့် ဗဟိုအဖွဲ့က" ဆိုသည့်စကားရပ်အစား၊ "ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ၎င်းက ပုဒ်မ ၁၅ အရ သီးခြား ဖေါ်ပြသည့် အာဏာပိုင်က" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄၊ အပိုဒ် (ခ) တွင်၊ အောက်ပါကို၊ ဒုတိယစာပိုဒ် အဖြစ်ထည့်သွင်းရမည်။

"ထိုဆရာဝန်များ၊ သို့တည်းမဟုတ် အင်ဂျင်နီယာများ၊ သို့တည်းမဟုတ် အခြားကျွမ်းကျင်သူများ စစ်မှုထမ်းရမည့် ကာလ အပိုင်းအခြားသည်၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။"

၄။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၅ တွင်—

(က) ပုဒ်မခွဲ (၁) ၌၊ "နိုင်ငံတော်သမတက ခန့်ထားသည့်အဖွဲ့သည်" ဆိုသည့်စကားရပ် အစား၊ "ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သို့တည်းမဟုတ် ၎င်းက သီးခြား ဖေါ်ပြသည့် အာဏာပိုင်သည်" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) နှင့် (၁၁) တို့ကို ပယ်ဖျက်ရမည်။

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (၂) တွင်၊ "ပုဒ်မ ၁၅ အရ ခန့်ထားသည့် ဗဟိုအဖွဲ့၏" ဆိုသည့်စကားရပ် အစား၊ "ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏၊ သို့တည်းမဟုတ် ၎င်းက ပုဒ်မ ၁၅ အရ သီးခြားဖေါ်ပြသည့် အာဏာပိုင်၏" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ (၂) တွင်—

(က) အောက်ပါကို၊ အပိုဒ် (က) အဖြစ် ထည့်သွင်းရမည်။

"(က) ပုဒ်မ ၄ နှင့် ၄-က ပါကိစ္စများ။"

(ခ) ရှိရင်းအပိုဒ် (က) ကို၊ အပိုဒ် (ကက) အဖြစ်ပြန်လည်အက္ခရာ စဉ်ရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၂၊ တရားရေးဌာန။ ၁-၁၁-၆၂ ၂၃၅၀ + ၂—၂။
အုပ်—၁၀ ပြား]

# ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ သည်၊ ကချင်ပြည်နယ်၏ အခွန်တော်များမှ ကျပ်ငွေ ၃၀,၀၀,၀၀၀ (ဤဥပဒေ၏ဇယားတွင်ဖော်ပြထားသည်) ကိုထုတ်၍ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်ဆိုင်ရာအသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၃) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

## ဇယား။

| အမိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ် |
| စီးပွါးရေးလုပ်ငန်းများတွင် ပြည်နယ်၏ အးကျိုးတူရှင်းနှီးမြှုပ်နှံငွေ .... .... | ၃၀,၀၀,၀၀၀ |

အတိုး—၁၀ ပြား]

ပါမါဗါ၀—အမှ ၉၊ တရားရေးဌာန၊ ၂၄-၁၀-၆၂—၂,၃၅၀+၄—၂။

# ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၆။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အချီး။

အမည်၊ တည်ရာနယ် အဝှန်းနှင့်မတင်အာဏာတည်သည့်နေ့ရက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ငွေတိုးချစားသူများ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်သာ၊ ထိုသို့သတ်မှတ်သည့်နေ့ရက်များ၌စတင်အာဏာတည်ရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေကိုဒေသတခုခုသို့ ပြန့်နှံ့စေနိုင်သည့်ပြင်၊ ထိုအမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါပုဒ်မတခုခုသည်၊ သို့တည်းမဟုတ် ဤဥပဒေအစိတ်အပိုင်းသည်၊ ထိုဒေသ၌အာဏာမတည်စေရဟုလည်းဆင့်ဆိုနိုင်သည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(၁) ''ဘဏ်''ဆိုသည်မှာ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေပုဒ်မ ၂၇၇-စ တွင် အဓိပ္ပါယ်ဖော်ပြသည့် ဘဏ်လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီကိုဆိုလိုသည်။

(၂) ''ကုမ္ပဏီ'' ဆိုသည်မှာ၊ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့် ကုမ္ပဏီကိုဆိုလိုသည်။

(၃) ''သမဝါယမအသင်း'' ဆိုသည်မှာ၊ သမဝါယမအသင်းများ အက်ဥပဒေအရ မှတ်ပုံတင်ထားသည့်အသင်းကိုဆိုလိုသည်။

(၄) ''အတိုး'' ဆိုသည်မှာ၊ အတိုးနှုန်းကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်၌ အတိုးအဖြစ်ဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ တင်ထားသည်လည်းဖြစ်၍၊သို့တည်းမဟုတ် တောင်းခံရန်ရှိသည်လည်းဖြစ်၍၊ ထုတ်ချေးရင်းငွေအပြင်၊ ငွေကြေးအဖြစ်ဖြင့်ဖြစ်စေ၊ ပစ္စည်းအဖြစ်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ပြန်ဆပ်ရမည်လည်းဖြစ်သော အရာလည်းပါဝင်သည်။

(၅) ''ချေးငွေ'' ဆိုသည်မှာ၊ အတိုးဖြင့်ထုတ်ချေးသောငွေကို၊ သို့တည်းမဟုတ် ပစ္စည်းကိုဆိုလိုသည်၊ ထိုစကားရပ်တွင် အောက်ပါတို့ပါဝင်သည်။

(က) ငွေချေးခြင်းသဘောရောက်သည့် ငွေကြေးဆက်ဆံမှုတခုခု၊

(ခ) စပါးပေးစံနစ်၊ သို့တည်းမဟုတ် လယ်ယာစိုက်ပျိုးချိန်အတွင်း၌ဖြင်စေ၊ ထိုအချိန်မတိုင်မီဖြစ်စေ၊ ငွေထုတ်ချေးရာ၊ ကောက်ပဲသီးနှံ ရိတ်သိမ်းချိန်၌ဖြစ်စေ၊ ရိတ်သိမ်းပြီးနောက်ဖြစ်စေ၊ ထုတ်ချေးထားသော ငွေထက် တန်ဘိုးပိုမိုသည့်၊ သို့တည်းမဟုတ် ပိုမိုဘွယ်ရာရှိသည့် စပါးကိုသော်၎င်း၊ အခြားကောက်ပဲသီးနှံ အခြင်အတွယ်ကိုသော်၎င်း၊ သတ်မှတ်ထားသည့်အတိုင်း မြီစားကပြန်ဆပ်ရန်သဘောတူသော (စပါးပေးစံနစ်နှင့် အလားတူသည့်) ငွေကြေးဆက်ဆံမှု၊

(ဂ) ငွေ၊ ကောက်ပဲသီးနှံ၊ ကုန်စည်၊ သို့တည်းမဟုတ် အခြားပစ္စည်းများကိုထုတ်ချေးသည့် ငွေကြေးဆက်ဆံမှု၊ ထိုသို့ထုတ်ချေးရာ၌ ထုတ်ချေးသည့်ငွေထက်၊ သို့တည်းမဟုတ် ကောက်ပဲသီးနှံထက်၊ သို့တည်းမဟုတ် ကုန်စည်ထက်၊ သို့တည်းမဟုတ် အခြားပစ္စည်းထက်၊ တန်ဘိုးပိုမိုသည့်၊ သို့တည်းမဟုတ် ပိုမိုဘွယ်ရှိသည့် ကောက်ပဲသီးနှံအခြင်အတွယ်၊ ကုန်စည်အခြင်အတွယ်၊ ပစ္စည်းအခြင်အတွယ်ကို နောင်တနေ့ နေ့တွင် ပေးဆပ်ရန် မြီစားကတာဝန်ခံသည့် ငွေကြေးဆက်ဆံမှု။

ခြွင်းချက်။ ။သို့ရာတွင် ချေးငွေဆိုသည့်စကားရပ်၌ အောက်ပါတို့မပါဝင်စေရ။

(က) စာပို့တိုက် ငွေစုဘဏ်တွင်ဖြစ်စေ၊ အခြား ဘဏ်တခုခုတွင်ဖြစ်စေ၊ ကုမ္ပဏီတွင်ဖြစ်စေ၊ သမဝါယမ အသင်းတွင်ဖြစ်စေ၊ အပ်နှံထားသည့်ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်း၊ သို့တည်းမဟုတ် အလုပ်ရှင်ထံ၌ အလုပ်သမားက အာမခံအဖြစ် တင်သွင်းထားသည့်ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်း။

(ခ) အသင်းများမှတ်ပုံတင်ခြင်း အက်ဥပဒေအရဖြစ်စေ၊ အခြားပြည်သူတို့ဆိုင်ရာ၊ သို့တည်းမဟုတ် ဘာသာ သာသနာရေးဆိုင်ရာ၊ သို့တည်းမဟုတ် အလှူဒါနဆိုင်ရာ ကိစ္စများနှင့်သက်ဆိုင်သည့် အခြားဥပဒေတရပ်ရပ်အရဖြစ်စေ၊ မှတ်ပုံတင်ထားသည့်အသင်းက၊ သို့တည်းမဟုတ် အဖွဲ့တခုခုကထုတ်ချေးသောငွေ၊ သို့တည်းမဟုတ် ထိုအသင်းအဖွဲ့ကချေးယူသောငွေ၊ သို့တည်းမဟုတ် အသင်းအဖွဲ့ထံ၌ အပ်နှံထားသောငွေ။

(ဂ) အစိုးရကဖြစ်စေ၊ မြန်မာနိုင်ငံရှိဒေသန္တရအာဏာပိုင် တခုခုကဖြစ်စေ၊ ချေးယူသည့်၊ သို့တည်းမဟုတ် ထုတ်ချေးသည့်ငွေ။

(ဃ) သမဝါယမ အသင်းက၊ သို့တည်းမဟုတ် ပြည်ထောင်စု အာမခံစီးနစ်အဖွဲ့က၊ သို့တည်းမဟုတ် အခြားအာမခံကုမ္ပဏီက၊ သို့တည်းမဟုတ် အိုနာစာအာမခံအသင်းက ထုတ်ချေးသည့်ငွေ။

(င) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကဖြစ်စေ၊ နိုင်ငံတော် ကုန်သွယ်ရေးဘဏ်ကဖြစ်စေ၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်ကဖြစ်စေ၊ နိုင်ငံတော်သမဝါယမ ဘဏ်ကဖြစ်စေ၊စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်ကဖြစ်စေ၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် အက်ဥပဒေ ပုဒ်မ ၃၇ အရ၊ ဇယားဝင်ဘဏ်အဖြစ် အစိုးရပြန်တမ်းတွင် ပြည်ထောင်စု ဘဏ်က ကြေညာပြီးသောဘဏ်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသည့် ဘဏ်ကဖြစ်စေ၊ ထုတ်ချေးသည့်ငွေ။

(စ) သာမန်အားဖြင့် အလုပ် လုပ်ကိုင်ရာ၌ ကုန်ရောင်းကုန်ဝယ် ထုံးတမ်းစဉ်လာအရ ကုန်သည်တဦးကတဦးသို့ ထုတ်ချေးသည့်ငွေ။

(ဆ) အော်ဒီမန်စာချုပ်မှတပါး၊လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော လွှဲပြောင်းနိုင်သည့် အခြားစာချုပ်စာတမ်းကို အခြေခံပြု၍ ကုန်သည်တဦးသို့ ထုတ်ပေးသောငွေ။

(ဇ) စိုက်ပျိုးလုပ်ကိုင်ရာ၌ ကုန်ကျမည့် စရိတ်များကို သီးစားက ကျခံနိုင်ရန် မြေရှင်က သီးစားအား ထုတ်ပေးသည့်ငွေ၊ သို့တည်းမဟုတ် ပစ္စည်း၊ သို့တည်းမဟုတ် ရိတ်သိမ်းချိန်၌ ပေးရန်ရှိသည့် အခကြေးငွေများအတွက် လယ်လုပ်သူက မိမိ၏ သူရင်းငှါးများအား တင်ကြို ထုတ်ပေးသည့်ငွေ၊ သို့တည်း မဟုတ် ပစ္စည်း။

**ရှင်းလင်းချက် ၁။** ။ချေးယူသူက ချောင်းချရန်အတွက် မဟုတ်ဘဲ အကြွေးယူထားသော ကုန်စည်များနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့် အတိုးပေးရသော ခံဝန်ချုပ်သည် ချေးငွေပင်ဖြစ်သည်။

**ရှင်းလင်းချက် ၂။** ။အငှါးဝယ် ပဋိညာဉ်အရ ကုန်စည်ထုတ်ပေးခြင်းသည်ချေးငွေမဟုတ်။

(၆) ''ငွေတိုးချစားသူ'' ဆိုသည်မှာ၊ ဤဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း ငွေထုတ်ချေးသည့်အလုပ် လုပ်ကိုင်သူကိုဆိုလိုသည်။ ထိုစကားရပ်တွင် ငွေတိုးချစားသူ၏ တရားဝင်ကိုယ်စားလှယ်များအပြင်၊ အမွေဆက်ခံခြင်းဖြင့်ဖြစ်စေ၊ လွှဲပြောင်းပေးခြင်းဖြင့်ဖြစ်စေ၊ တနည်းနည်းဖြင့်ဖြစ်စေ၊ အကျိုးဆက်ခံသူများလည်း ပါဝင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ဤအဓိပ္ပါယ်ဖော်ပြချက်ပါ မည်သည့်အချက်မျှ—

(က) သေဆုံးသွားသော ငွေတိုးချစားသူ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သော်လည်း၊ သို့တည်းမဟုတ် ထိုငွေတိုးချစားသူ၏ အမွေကို ဆက်ခံခြင်းဖြင့် ထိုသူ၏ဆိုင်ရာ ဆိုင်ခွင့်အားလုံးနှင့် ကြွေးမြီတာဝန်အားလုံးကိုပါ အကျိုးဆက်ခံသူဖြစ်သော်လည်း၊ ထိုငွေတိုးချစားသူ ပိုင်ပစ္စည်းများကို စာရင်းရှင်းအလုပ်ပိတ်၍၊ နောက်ထပ်ငွေထုတ်ချေးခြင်းမပြုသူဖြစ်လျှင်၊ ထိုသူနှင့်မသက်ဆိုင်စေရ၊ သို့တည်းမဟုတ်

(ခ) ဤဥပဒေ အတည်ဖြစ်သည့်နေ့ရက်မှစ၍ မိမိ၏ငွေတိုးချစားသည့် အလုပ်ကိုစာရင်းရှင်းအလုပ်ပိတ်၍ နောက်ထပ်ငွေထုတ်ချေးခြင်း မပြုသူနှင့် မသက်ဆိုင်စေရ။

(၇) '' ပြဋ္ဌာန်းထားသည် '' ဆိုသည်မှာ၊ ဤဥပဒေဖြင့်ဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်ဖြစ်စေ၊ ပြဋ္ဌာန်းထားသည်ကို ဆိုလိုသည်။

(၈) ချေးငွေနှင့်စပ်လျဉ်း၍ '' ငွေရင်း '' ဆိုသည်မှာ၊ ချေးယူသူအားအမှန်စင်စစ်ထုတ်ချေးလိုက်သည့်ငွေကို၊ သို့တည်းမဟုတ် ပစ္စည်းကို ဆိုလိုသည်။

(၉) '' မှတ်ပုံတင်အရာရှိ '' ဆိုသည်မှာ၊ မှတ်ပုံတင်အက်ဥပဒေအရ ခန့်ထားသည့်မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

(၁၀) '' အာမခံရှိသောချေးငွေ '' ဆိုသည်မှာ၊ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မည်သည့်ပစ္စည်းကိုမဆို အပေါင်ထား၍သော်၎င်း၊ ထိုပစ္စည်းပေါ်တွင်ရထိုက်ခွင့်၊ သို့တည်းမဟုတ် ဆိုင်ရာဆိုင်ခွင့် တင်ရှိစေလျက်သော်၎င်း၊ အာမခံပြုထားသည့်ချေးငွေကိုဆိုလိုသည်။

(၁၁) '' လက်အောက်မှတ်ပုံတင်အရာရှိ '' ဆိုသည်မှာ၊ မှတ်ပုံတင် အက်ဥပဒေအရခန့်ထားသည့် လက်အောက်မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

(၁၂) '' ကုန်သည် '' ဆိုသည်မှာ၊ သာမန်အားဖြင့် အလုပ်လုပ်ကိုင်ရာ၌ ရွှေ့ပြောင်းနိုင်သည့်၊ သို့တည်းမဟုတ် မရွှေ့ပြောင်းနိုင်သည့် ကုန်ပစ္စည်းကို၊သို့တည်းမဟုတ် အခြားပစ္စည်းကို ဝယ်ခြင်း ရောင်းခြင်း ပြုသူကို ဆိုလိုသည်။ ထိုစကားရပ်တွင် အောက်ပါတို့ပါဝင်သည်။

လက်ကား၊ သို့တည်းမဟုတ် လက်လီကုန်သည်ကြီး၊
ကော်မရှင်စားကိုယ်စားလှယ်၊
ပွဲစား၊
ကုန်စည်ပစ္စည်းထုတ်လုပ်သူ၊
ကန်ထရိုက်တာ၊
အလုပ်ရုံပိုင်ရှင်၊

သို့သော်လည်း ထိုစကားရပ်တွင်၊ မိမိပိုင် ကောက်ပဲသီးနှံကိုသာ၊ သို့တည်းမဟုတ် ကျွဲ နွားတို့ကိုသာ ရောင်းချသူ၊ သို့တည်းမဟုတ် မိမိအသုံးပြုရန် ကောက်ပဲသီးနှံကို၊ သို့တည်းမဟုတ် ကျွဲ နွား ကို ဝယ်ယူသူ မပါဝင်ချေ။

(၁၃) "အာမခံမရှိသောချေးငွေ" ဆိုသည်မှာ၊ အာမခံရှိသော ချေးငွေမှတပါး၊ အခြားမည်သည့်ချေးငွေကိုမဆို ဆိုလိုသည်။

ငွေတိုးချစားသူ အမျိုးအစားတခုခုကို ဤဥပဒေမှ ကင်းလွတ်ခွင့်ပြုနိုင်သည့် အာဏာ။

၃။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသည့်ငွေတိုးချစားသူတဦးကို၊ သို့တည်းမဟုတ် အများကိုသော်၎င်း၊ ငွေတိုးချစားသူအမျိုးအစားတခုကို၊ သို့တည်းမဟုတ် အများကိုသော်၎င်း၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးနှင့်ဖြစ်စေ၊ တရပ်ရပ်နှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း ၂။

### ငွေတိုးချစားသူများအရေအတွက်၊ ချေးငွေနှင့် အတိုးနှုန်းသတ်မှတ်ချက်များ။

ဥပဒေအရငွေတိုးချစားသူများ၏ အရေအတွက်ကို၎င်း၊ အခွန်အခကို၎င်း၊ ဒေသအလိုက် သတ်မှတ်ခြင်း။

၄။ ။(၁) ဤဥပဒေအရ မှတ်ပုံတင် သက်သေခံလက်မှတ် ထုတ်ပေးရမည့် ငွေတိုးချစားသူများ၏ အရေအတွက်သည်၎င်း၊ ဤဥပဒေအရ မှတ်ပုံတင်ရာတွင် ငွေတိုးချစားသူများက အစိုးရသို့ပေးဆောင်ရမည့် အခွန်အခသည်၎င်း၊ ဒေသအလိုက်ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

(၂) ဤဥပဒေအရ ငွေတိုးချစားသည့် လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်သူတို့၏ အရည်အချင်းများသည်၎င်း၊ ငွေတိုးချစားသူက တကြိမ်လျှင်အနည်းဆုံး၊ သို့တည်းမဟုတ် အများဆုံးထုတ်ချေးရမည့် ချေးငွေပေါင်းသည်၎င်း၊ ချေးငွေအမျိုးမျိုးအပေါ်ခွင့်ပြုသည့် အတိုးနှုန်းများသည်၎င်း၊ မှတ်ပုံတင်သက်သေခံလက်မှတ်ရသူက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များသည်၎င်း၊ ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

ငွေတိုးချစားသူလိုင်စင်များ။

၅။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ သက်ဆိုင်ရာ ဒေသန္တရအာဏာပိုင်သည်၊ပြဋ္ဌာန်းထားသည့် အရေအတွက်ထက် မကျော်လွန်စေဘဲ၊ ငွေတိုးချစားသူလိုင်စင်များကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစံနစ်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ညွှန်ကြားထားသည့် အတိုင်းရောင်းချရမည်။ ထိုသို့ရောင်းချရရှိသည့်ငွေများကို သက်ဆိုင်ရာ ဒေသန္တရအခွန်ငွေသို့ထည့်သွင်းရမည်။

(၂) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁)အရ ရောင်းချသည့်ငွေတိုးချစားသူ လိုင်စင်ပါ စည်းကမ်းချက်များ၊ သို့တည်း

မဟုတ် လိုင်စင်ရသူက လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များမှာ ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် ငွေတိုးချစားသူ လိုင်စင်ရသူသည်၊ ပြဋ္ဌာန်းထားသည့်အခွန်အခကိုပေးဆောင်၍၊ ဤဥပဒေအရမှတ်ပုံတင်ရမည်။

(၄) ဤဥပဒေအရ လိုင်စင်ရငွေတိုးချစားသူက ပေးဆောင်ရန်ကျန်ရှိသော ငွေများကို အခွန်တော်မပြေကျန်ငွေဖြစ်သကဲ့သို့ ပြန်လည်ကောက်ခံရမည်။

## အခန်း ၃။

### ငွေတိုးချစားသူတို့ကိုမှတ်ပုံတင်ခြင်း။

ငွေတိုးချစားသူ တို့မှတ်ပုံတင်စာရင်း။

၆။ ။မှတ်ပုံတင်အရာရှိသည်၊ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ ပြဋ္ဌာန်းထားသည့်အကြောင်းအရာများပါရှိသော ငွေတိုးချစားသူမှတ်ပုံတင်စာရင်းတခုကိုထားရှိရမည်။

မှတ်ပုံတင်သက်သေခံလက်မှတ်။

၇။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ ပြဋ္ဌာန်းထားသည့် အရေအတွက်ထက် မကျော်လွန်စေဘဲ၊ ပုဒ်မ ၆ အရ မိမိထားရှိသော မှတ်ပုံတင် စာရင်းတွင်၊ လိုအပ်သော ရေးသွင်းချက်များကို ပြုပြီးနောက်၊ မှတ်ပုံတင်သက်သေခံလက်မှတ်တစောင်ကို၊ ငွေတိုးချစားသူအမျိုးအစားအလိုက် ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်ရေးသား၍ ငွေတိုးချစားသူအားထုတ်ပေးရမည်။

(၂) ငွေတိုးချစားသူသည်၊ ဤဥပဒေအရ မှတ်ပုံတင်သက်သေခံလက်မှတ် မရမခြင်း ငွေတိုးချစားသည့်လုပ်ငန်းကို စတင်ဆောင်ရွက်ခြင်းမပြုရ။

(၃) ပုဒ်မ ၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၆ အရ၊မှတ်ပုံတင်သက်သေခံလက်မှတ်အတည်ဖြစ်သည့်ကာလ စေ့ကုန်သောအခါဖြစ်စေ၊ ငွေတိုးချစားသူက မိမိ၏အလုပ်ကိုရပ်စဲသောအခါဖြစ်စေ၊ ပုဒ်မ ၂၁ အရ ငွေတိုးချစားသူ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သောအခါဖြစ်စေ၊ မှတ်ပုံတင်သက်သေခံလက်မှတ်ကို ရုပ်သိမ်းသည့်အခါဖြစ်စေ၊ငွေတိုးချစားသူသည်၊ မိမိ၏မှတ်ပုံတင်သက်သေခံလက်မှတ်ကိုမှတ်ပုံတင်အရာရှိထံ ချက်ခြင်းပေးအပ်ရမည်။ ထိုအခါ မှတ်ပုံတင်အရာရှိက ထိုလက်မှတ်ကို ပယ်ဖျက်ရမည်။

မှတ်ပုံတင်ခြင်း အတည်ဖြစ်သည့်ကာလ။

၈။ ။(၁) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များအရ ပြုသည့် မှတ်ပုံတင်ခြင်းနှင့် ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်သည်၊ မှတ်ပုံတင်သည့်နေ့ရက်မှစ၍၊ မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးသည့်ဆိုင်ရာ ဘဏ္ဍာတော်နှစ်ကုန်ဆုံးသည့် နေ့ရက်အထိ အတည်ဖြစ်နေစေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ မှတ်ပုံတင်ခြင်း အတည်ဖြစ်နေသည့်ကာလစေ့ကုန်သည့်အခါ၊ ငွေတိုးချစားသူ၏ အမည်ကိုဎင်း၊ ထိုသူနှင့်စပ်လျဉ်းသောအကြောင်းအရာများကိုဎင်း၊ မှတ်ပုံတင်စာရင်းမှထုတ်ပယ်ရမည်။

## အခန်း ၄။

### ငွေတိုးချစားသူတို့၏ ငွေစာရင်းများကို စည်းမျဉ်းသတ်မှတ်ခြင်း။

ငွေစာရင်းများ ထားရှိရန်နှင့် ငွေရကြောင်း လက်မှတ်များ ပေးရန် ငွေတိုးချစားသူတို့၏ တာဝန် ဝတ္တရား။

၉။ ။(၁) ငွေတိုးချစားသူသည်၊ ဤဥပဒေ စတင် အာဏာတည်ပြီးနောက် မိမိထုတ်ပေးသည့် ချေးငွေအသီးသီးအတွက်ငှင်း၊ ဤဥပဒေ စတင် အာဏာမတည်မီက မိမိထုတ်ပေးခဲ့သည့် ချေးငွေနှင့်စပ်လျဉ်း၍၊ ဤဥပဒေ စတင် အာဏာတည်ပြီးနောက် ပြုလုပ်သည့် ငွေကြေး ဆက်ဆံမှု အသီးသီး အတွက်ငှင်း၊ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) မြီစား အသီးသီးအတွက် အောက်ပါ အကြောင်းအရာများ ဖေါ်ပြသောငွေစာရင်းကို နည်းလမ်းတကျရေးမှတ်ထားရှိရမည်၊ သို့တည်းမဟုတ် ရေးမှတ်ထားရှိစေရမည်။

(၁) ချေးငွေထုတ်ပေးသည့် နေ့ရက်နှင့် စည်းကမ်းချက်များ၊ ထုတ်ပေးသည့်ငွေပေါင်း၊ တောင်းဆိုသည့် အတိုးနှုန်း၊ ထို့ပြင် အပေါင်ထားသည့်ပစ္စည်းများရှိလျှင် ထိုပစ္စည်းများ။

(၂) ချေးငွေနှင့်စပ်လျဉ်း၍၊ ငွေတိုးချစားသူရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးကို ပေးဆပ်သည့်နေ့ရက်။

(ခ) မြီစားက သော်ငှင်း၊ မြီစားအတွက် သော်ငှင်း၊ ပေးဆပ်သည့်ငွေအသီးသီးအတွက် ငွေရကြောင်းလက်မှတ် တစောင်ကို၊ ငွေတိုးချစားသူက၊ သို့တည်းမဟုတ် ထိုသူ၏ကိုယ်စားလှယ်က နည်းလမ်းတကျလက်မှတ်ရေးထိုး၍၊ ထိုငွေပေးဆပ်သည့်အချိန်၌တံဆိပ်ခေါင်းကပ်ရန်လိုအပ်လျှင် တံဆိပ်ခေါင်းကပ်လျက် မြီစားအား၊ သို့တည်းမဟုတ် မြီစား၏ ကိုယ်စားလှယ်အားပေးရမည်။

(ဂ) အပိုဒ် (က)၊ အပိုဒ်ခွဲ (၁) အရ၊ ရေးမှတ်ထားသည့် ရေးသွင်းချက်များ၏ မိတ္တူမှန်တစောင်ကို၊ ချေးငွေထုတ်ပေးသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မြီစားအား၊ သို့တည်းမဟုတ် မြီစား၏ ကိုယ်စားလှယ်အားပေးရမည်။

(ဃ) ငွေတိုးချစားသူက၊ သို့တည်းမဟုတ် ထိုသူ၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးသည့် ငွေစာရင်းရှင်းတမ်းတခုကို၊ ပြဋ္ဌာန်းသည့်ကာလထက်မပိုသည့် ကြားအချိန်များတွင် မြီစားအား၊ သို့တည်းမဟုတ် မြီစား၏ ကိုယ်စားလှယ်အားပေးရမည်။ ထို့ပြင် ထိုရှင်းတမ်းကို ရေးသားသည့် နေ့ရက်အထိ အရင်းနှင့်အတိုးအတွက် ထိုမြီစားက ပေးဆပ်ရန်ကျန်ရှိနေသော ငွေပေါင်းကိုငှင်း၊ ထိုရှင်းတမ်းနှင့် သက်ဆိုင်သည့် အချိန်ကာလ အတွင်းတွင် ချေးငွေနှင့်စပ်လျဉ်း၍ ငွေတိုးချစားသူပြန်၍ ရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးပေးဆပ်သည့်နေ့ရက်ကိုငှင်း ထိုရှင်းတမ်း၌ဖေါ်ပြရမည်။

(င) အပေါင်ထားသည့်၊ သို့တည်းမဟုတ် အာမခံထားသည့် ပစ္စည်းအသီးသီး ရရှိကြောင်း လက်မှတ်ကို၊ ထိုပစ္စည်းအကြောင်းအရာ

ယေဘုယျဖော်ပြချက်နှင့်တကွ ထိုပစ္စည်းကို ငွေမည်မျှနှင့် အပေါင်ထားကြောင်း၊ သို့တည်းမဟုတ် အာမခံထားကြောင်းဖော်ပြလျက်၊ ငွေတိုးချစားသူကဖြစ်စေ၊ ထိုသူ၏ကိုယ်စားလှယ်ကဖြစ်စေ၊ လက်မှတ်ရေးထိုး၍ မြီစားအားပေးရမည်။

(စ) ချေးငွေကို ပြေလည်အောင်ပြန်၍ ပေးဆပ်ပြီးလျှင်ပြီးခြင်း၊ ထိုချေးငွေကို ပြန်၍ပေးဆပ်ရေးအတွက် မြီစားအပေါ်တွင်၊ သို့တည်းမဟုတ် အခြားသူတဦးတယောက်အပေါ်တွင် တာဝန်တင်ရှိစေခဲ့သည့် စာချုပ်စာတမ်းအသီးသီးနှင့်တကွ ထိုချေးငွေအတွက် အာမခံပစ္စည်းအားလုံးကို၊ မြီစားအားပြန်ပေးရမည်။

(၂) ပုဒ်မခွဲ (၁) ၊အပိုဒ် (ဂ) အရ ရေးသွင်းချက်များ၏ မိတ္တူတစောင်ကိုသော်၎င်း၊ ပုဒ်မခွဲ (၁) ၊အပိုဒ် (ဃ) အရ ငွေစာရင်းရှင်းတမ်းတခုသော်၎င်း၊ ပေးအပ်ခြင်းခံရသူက ထိုရေးသွင်းချက်များသည်၊ သို့တည်းမဟုတ် ထိုရှင်းတမ်းသည် မှားယွင်းသည်ဟုကန့်ကွက်ခြင်းမပြုစေကာမူ၊ ထိုသို့ကန့်ကွက်ခြင်း မပြုသည့် အကြောင်းတခုတည်းကြောင့်၊ ထိုရေးသွင်းချက်များသည်၊ သို့တည်းမဟုတ် ထိုရှင်းတမ်းသည် မှန်ကန်ကြောင်း ထိုသူဝန်ခံခဲ့သည်ဟုမမှတ်ယူရ။

(၃) ပုဒ်မခွဲ (၁) အရ ပေးအပ်သောငွေစာရင်းတွင် ရေးသွင်းချက်များ၏မိတ္တူကို၊ သို့တည်းမဟုတ် ငွေစာရင်းရှင်းတမ်းမိတ္တူကို၊ပြဋ္ဌာန်းထားသည့်ဘာသာစကားဖြင့် ရေးသားရမည့်ပြင်၊ ထိုမိတ္တူကို မြီစားအား ပေးရသည့်အတွက် အဘိုးအခမတောင်းရ။

ငွေတိုးချစားသူတို့ထားရှိသည့် ငွေစာရင်းများကို ကြည့်ရှုစစ်ဆေးခြင်း။

၁၀။ ။ငွေတိုးချစားသူသည်၊ မိမိငွေတိုးချစားသည့် အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ထားရှိသည့်ငွေစာရင်းစာအုပ်အားလုံးကို ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပြဋ္ဌာန်းထားခြင်းခံရသူက ကြည့်ရှုစစ်ဆေးရန်တင်ပြရမည်။

**ခြွင်းချက်။** ။သို့ရာတွင် မှတ်ပုံတင်အရာရှိ၏ အခွင့်အမိန့်မရဘဲ ထိုငွေစာရင်းများကို ကြည့်ရှုစစ်ဆေးခြင်းမပြုရ။

## အခန်း ၅။

### တရားမမှုများ၊ ထို့ပြင် ဒီကရီများကိုဇာရီပြုခြင်း။

မှတ်ပုံ မတင်သည့် ငွေတိုးချစားသူတို့ စွဲဆိုသည့် အမှု များတွင်၎င်း၊ တင်သွင်းသည့် လျှောက်လွှာများပေါ်တွင်၎င်း ဒီကရီများနှင့် အမိန့်များကို ပိတ်ပင်ခြင်း။

၁၁။ ။တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ငွေတိုးချစားသူသည်၊ဤဥပဒေအရ မှတ်ပုံတင်ထားသူမဟုတ်လျှင်၊ ထို့ပြင် မှတ်ပုံတင်ခြင်းသည်လည်း အတည်ဖြစ်နေသည် မဟုတ်လျှင်၊ မည်သည့်တရားရုံးကမျှ ထိုငွေတိုးချစားသူ ချေးငွေကို ပြန်လည်ရရှိရန်ဖြစ်စေ၊ ထိုချေးငွေနှင့်စပ်လျဉ်း၍ ယူထားသည့်အာမခံတရပ်ရပ်ကို အတည်ပြုရန်ဖြစ်စေ၊ စွဲဆိုသည့်အမှုတွင်၊ဒီကရီချမှတ်ခြင်းသော်၎င်း၊ချေးငွေနှင့်ဖြစ်စေ၊ ထိုချေးငွေအတွက် အာမခံတရပ်ရပ်နှင့်ဖြစ်စေ၊ သက်ဆိုင်သည့် ဒီကရီကို ဇာရီပြုရန် ငွေတိုးချစားသူတင်သွင်းသည့် လျှောက်လွှာပေါ်တွင် အမိန့်ချမှတ်ခြင်းသော်၎င်း မပြုရ။

*ဒီကရီ ချမှတ် နိုင် သည့် အများဆုံးအတိုးနှုန်းများ။*

၁၂။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင်ဖြစ်စေ၊ပဋိညာဉ်တခုခုတွင်ဖြစ်စေ၊ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့်တရားရုံးကမျှ ဤဥပဒေ စတင်အာဏာတည်ပြီးနောက်၊ ထုတ်ချေးသည့်ငွေအတွက် စွဲဆိုသည့်အမှုတွင်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်အမှုအခင်းတွင် အာမခံရှိသည့်ချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင်ပြဋ္ဌာန်းထားသည့်ရာခိုင်နှုန်းထက်ပို၍ငင်း၊အာမခံမရှိသည့်ချေးငွေဖြစ်သည့်အချက်၌ တနှစ်လျှင် ပြဋ္ဌာန်းထားသည့်ရာခိုင်နှုန်းထက်ပို၍ငင်း၊ အတိုးအတွက် ဒီကရီ မချမှတ်ရ။

(၂) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များကြောင့် ချေးငွေ ကရပ်ရပ်အတွက်အရ ကောင်းခံနိုင်သည့်အတိုးနှုန်းကို တရားရုံးကလျှော့၍ စီရင်ချက်ချမှတ်တိုင်း၊ သို့တည်းမဟုတ် အမိန့်ချတိုင်း ထိုစီရင်ချက်၏၊ သို့တည်းမဟုတ် ထိုအမိန့်၏မိတ္တူတစောင်ကို မှတ်ပုံတင်အရာရှိထံ ထိုတရားရုံးကပေးပို့ရမည်။

*နှစ်ထပ်တိုးပေးရန်သဘောတူချက်ပျက်ပြယ်ခြင်း။*

၁၃။ ။(၁) တည်ဆဲအခြားတရားဥပဒေ တခုခုတွင်ဖြစ်စေ၊ပဋိညာဉ်တွင်ဖြစ်စေ၊ ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေ စတင်အာဏာတည်ပြီးနောက်၊ ထုတ်ချေးသည့်ငွေများအတွက် နှစ်ထပ်တိုးပေးရန်ထားရှိသော သဘောတူညီချက်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ နှစ်ထပ်တိုးပေးထားရန်ရှိသော စည်းကမ်းချက်သည်ပျက်ပြယ်ရမည်။

**ခြွင်းချက်။** ။သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မိမိသတ်မှတ်ခွင့်ရှိသည့် စည်းကမ်းချက်များနှင့် အညီ မည်သည့်ချေးငွေအမျိုးအစားကိုမဆို၊ ဤပုဒ်မပါပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များကြောင့် တရားရုံးက နှစ်ထပ်တိုးခွင့်မပြုသည့်စီရင်ချက်ကို၊ သို့တည်းမဟုတ် အမိန့်ကိုချမှတ်တိုင်း ထိုစီရင်ချက်၏၊ သို့တည်းမဟုတ် ထိုအမိန့်၏ မိတ္တူတစောင်ကိုမှတ်ပုံတင်အရာရှိထံ ထိုတရားရုံးကပေးပို့ရမည်။

*ချေးငွေနှင့် စပ်လျဉ်းသည့်အမှုတွင် ဒီကရီချမှတ်နိုင်သည့် အများဆုံး ငွေပေါင်း။*

၁၄။ ။တည်ဆဲအခြားတရားဥပဒေ တခုခုတွင်ဖြစ်စေ၊ ပဋိညာဉ်တွင်ဖြစ်စေ၊ ဆန့်ကျင်ကွဲလွဲသည့် အချက်မည်သို့ပင်ပါရှိစေကာမူ၊ မည်သည့်တရားရုံးကမျှ ဤဥပဒေစတင် အာဏာမတည်မီက ဖြစ်စေ၊ အာဏာတည်ပြီးနောက်မှဖြစ်စေ၊ ထုတ်ပေးသည့် ချေးငွေတရပ်ရပ်နှင့် စပ်လျဉ်း၍ မူလထုတ်ချေးသည့် ငွေရင်းနှင့် မပေးဆပ်သေးဘဲကျန်ရှိနေသည့်အတိုးထက်ပို၍ ဒီကရီချမှတ်ခြင်းမပြုရ။ ထိုအတိုးမှာလည်းပေးဆပ်ပြီး အတိုးတရပ်ရပ်နှင့်ပေါင်းလျှင် အဆိုပါငွေရင်းထက်မပိုစေရ။

*ငွေကြေးဆက်ဆံမှု အချို့ကို အသစ်ပြန် ဖွင့်နိုင်သည့် တရားရုံး၏အာဏာ။*

၁၅။ ။ဤဥပဒေစတင်အာဏာမတည်မီက ထုတ်ပေးသည့်ချေးငွေတရပ်ရပ်နှင့် စပ်လျဉ်း၍၊ ဤဥပဒေအာဏာမတည်မီက စွဲဆိုသည်ဖြစ်စေ၊ အာဏာတည်ပြီးနောက်မှစွဲဆိုသည်ဖြစ်စေ၊ ထိုသို့စွဲဆိုသည့် အမှုတွင်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်မှုခင်းတွင်သော်ငင်း၊ ထိုသို့သောအမှုမှ၊ သို့တည်းမဟုတ် မှုခင်းမှဖြစ်ပေါ်

သော အယူခံမှုတွင်၊ သို့တည်းမဟုတ် ပြင်ဆင်မှုတွင် သော်၎င်း၊ တရားရုံးသည်၊ အောက်ပါပြဋ္ဌာန်း အာဏာတရပ်ရပ်ကို သုံးစွဲနိုင်သည်။

(က) ငွေကြေးဆက်ဆံမှုကို အသစ်ပြန်ဖွင့်၍ နှစ်ဘက်သော အမှုသည်များနှင့် သက်ဆိုင်သည့် စာရင်းကိုရှင်းပြီးလျှင်၊ အာမခံရှိသော ချေးငွေဖြစ်သည့်အချက်၌ တနှစ်လျှင်ရိုးရိုးအတိုးပြဋ္ဌာန်းထားသည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍၎င်း၊ အာမခံ မရှိသော ချေးငွေဖြစ်သည့်အချက်၌ တနှစ်လျှင်ပြဋ္ဌာန်းထားသည့် ရိုးရိုးရာခိုင်နှုန်းထက်ပိုသောအတိုးနှင့်စပ်လျဉ်း၍၎င်း၊ တာဝန်အားလုံးမှမြီစားအား ကင်းလွတ်စေနိုင်သည့်အာဏာ။

(ခ) ယခင်ကဆက်ဆံမှုကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော သဘောတူချက် တခုခုရှိစေကာမူ၊ နှစ်ဦးနှစ်ဘက်သော အမှုသည်များက အချင်းချင်းရှင်းလင်းပြီးဖြစ်သော စာရင်းတခုခုကို အသစ်ပြန်ဖွင့်ပြီးလျှင် အာမခံရှိသည့် ချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင်ပြဋ္ဌာန်းထားသည့် ရိုးရိုးအတိုးရာခိုင်နှုန်းထက်ပိုသောအတိုးနှင့် စပ်လျဉ်း၍၎င်း၊ အာမခံမရှိသည့်ချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင်ပြဋ္ဌာန်းထားသည့် ရိုးရိုးအတိုးရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍၎င်း၊ တာဝန်အားလုံးမှ မြီစားအား ကင်းလွတ်စေနိုင်သည့်အာဏာ။

(ဂ) မည်သည့်ချေးငွေနှင့်မဆို၊ စပ်လျဉ်း၍ပေးသည့် အာမခံပစ္စည်းကို၊ သို့တည်းမဟုတ် ပြုလုပ်သည့် သဘောတူညီချက်ကို လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ ပယ်ဖျက်နိုင်သည့်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည့်၊ သို့တည်းမဟုတ် ပြောင်းလွဲနိုင်သည့်အာဏာ။ ထို့ပြင် အာမခံပစ္စည်းကို မြီရှင်က လက်လွှတ်ပြီးဖြစ်လျှင် တရားရုံးက၊ တရားသည်ထင်မြင်သည့်အတိုင်း၊ ထိုသို့တရားသည်ထင်မြင်သည့်အထိ၊ မြီရှင်က မြီစားအား၊ လျော်ကြေးပေးရန် မြီရှင်အပေါ်တွင် အမိန့်ချမှတ်နိုင်သည့်အာဏာ။

ခြွင်းချက်။ ။သို့ရာတွင် ဤအာဏာများကို သုံးစွဲရာ၌ တရားရုံးသည်—

(၁) ယခင် ဆက်ဆံမှုများကိုအပြီးသတ်၍ တာဝန်အသစ် ဖြစ်လာအောင်ချုပ်ဆိုရာရောက်သော်လည်းအမှုသည်များကသော်၎င်း၊ ထိုသူတို့အတွက် တဆင့်တောင်းဆိုသူများကသော်၎င်း၊ အမှုကို မစွဲဆိုမီခြောက်နှစ်ကျော်ကချုပ်ဆိုခဲ့ပြီးသော သဘောတူညီချက် တခုခုကို အသစ်ပြန်မဖွင့်ရ၊ သို့တည်းမဟုတ်

(၂) ယခင်ကအမှုတခုခုတွင် တရားရုံးက ချမှတ်ပြီးဖြစ်သည့် ဒီကရီ တခုခုကို ထိခိုက်အောင်မည်သည့်အရာကိုမျှမပြုရ။

ထို့ပြင်လည်း၊ အာမခံရှိသောချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင် ပြဋ္ဌာန်းထားသည့်ရိုးရိုးရာခိုင်နှုန်းထက်ပိုသော အတိုးအတွက်တာဝန်နှင့်စပ်လျဉ်း၍၎င်း၊ အာမခံမရှိသော ချေးငွေဖြစ်သည့်အချက်၌၊ တနှစ်လျှင်ပြဋ္ဌာန်းထားသည့် ရိုးရိုးရာခိုင်နှုန်းထက်ပိုသော အတိုးအတွက်

တာဝန်နှင့်စပ်လျဉ်း၍၎င်း၊ အခွာတခုခုကိုပေးပြီးဖြစ်လျှင်၊သို့တည်းမဟုတ် ခွင့်ပြုပြီးဖြစ်လျှင်၊အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ခ) ပါစကားကြောင့်၊ ထိုသို့ပို၍ပေးသည့်၊ သို့တည်းမဟုတ် ခွင့်ပြုသည့် ငွေတရပ်ရပ်ကို ပြန်ပေးရန်သော်၎င်း၊ငွေရင်းကိုလျှော့ရန်သော်၎င်း၊ မြီရှင်အားဆင့်ဆိုသည်ဟု မမှတ်ယူရ။

## အခန်း ၆။

### အထွေထွေ။

မှတ်ပုံတင် လက်မှတ်များအတည်ဖြစ်သည့် ကာလစေ့ကုန်ပြီးနောက် ဆက်လက် ဆောင် ရွက် ခွင့် ရှိသည့်ကိစ္စများ။

၁၆။ ။(၁) ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေအရ ထုတ်ပေးသည့်မှတ်ပုံတင်သက်သေခံလက်မှတ်အတည်ဖြစ်သည့်ကာလ အပိုင်းအခြားသည်၊ ဤဥပဒေအာဏာတည်သောဒေသများတွင် အာဏာတည်သည့်နေ့ရက်အလိုက် စေ့ကုန်သည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင် သက်သေခံလက်မှတ် အတည်ဖြစ်သည့်ကာလ စေ့ကုန်ပြီးနောက်ဖြစ်စေ၊ မှတ်ပုံတင်သက်သေခံလက်မှတ်အတည်ဖြစ်သည့်ကာလစေ့ကုန်သည်ဟု မှတ်ယူပြီးနောက်ဖြစ်စေ၊ ပုဒ်မ ၂၁ အရ၊ မှတ်ပုံတင်စာရင်းမှအမည်ကို ထုတ်ပယ်ပြီးနောက်ဖြစ်စေ၊ ငွေတိုးချစားသူသည်၊ မိမိအပေါင်ခံထားလျက်ရှိပြီးသော၊ သို့တည်းမဟုတ် အာမခံအဖြစ် ထားလျက်ရှိပြီးသော အပေါင်ပစ္စည်းများ ရွေးနုတ်ခြင်းကိစ္စ၊ သို့တည်းမဟုတ် မိမိထုတ်ပေးထားသည့် ချေးငွေများ ဘောင်းခံရေးကိစ္စအတွက်သာ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ နောက်ထပ်ငွေထုတ်ချေးခြင်းမပြုရ။

(၃) ချေးငွေပဋိညာဉ်တခုခုတွင်သော်၎င်း၊ အပေါင်စာချုပ် တခုခုတွင်သော်၎င်း၊ ဆန့်ကျင်ကွဲလွဲသည့် အချက်မည်သို့ပင်ပါရှိစေကာမူ၊ အပေါင်ပစ္စည်း၊ သို့တည်းမဟုတ် အာမခံပြုထားသည့်ပစ္စည်း ပြန်လည်ရွေးယူခွင့်ရှိသည့်ကာလ အပိုင်းအခြားမှာ၊ တည်ဆဲတရားဥပဒေတွင် ပစ္စည်းအမျိုးအစားအလိုက်သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည်၊ တည်ဆဲတရားဥပဒေနှင့်အညီ အပေါင်ဆိုင်လိုင်စင်ရသူထံပေါင်နှံထားသည့် ပစ္စည်းများနှင့်မသက်ဆိုင်စေရ။

ချေးငွေနှင့် စပ်လျဉ်း၍ ပေးသင့်သည့်ငွေကို တရားရုံးတွင် ပေးသွင်းနိုင်သည့် အခွင့်အရေး။

၁၇။ ။(၁) ချေးငွေနှင့်စပ်လျဉ်းသည့်အတိုး၊ သို့တည်းမဟုတ် အရင်းတရပ်ရပ်ပေးဆပ်ရန်မြီစားကငွေတိုးချစားသူအား၊သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်အား ငွေပေးဆပ်ပါလျက်၊ ပေးဆပ်သည့်ငွေကို ငွေတိုးချစားသူက၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်က လက်မခံဘဲ ငြင်းဆန်သည့်အချက်တွင်၊ ထိုအတိုးကို၊ သို့တည်းမဟုတ် ထိုချေးငွေကိုအရတောင်းခံရန်ငွေတိုးချစားသူ တရားစွဲဆိုဘွယ်ရာရှိသည့် တရားရုံးသို့၊ ထိုသို့ပေးဆပ်သည့်ငွေကို ငွေတိုးချစားသူအားပေးဆပ်ရန် မြီစားကပေးသွင်းနိုင်သည်။

(၂) ထိုသို့ပေးသွင်းသည့်အခါတရားရုံးသည်၊ ငွေပေးသွင်းထားကြောင်း နို့တစ်စာကို ငွေတိုးချစားသူထံ ထုတ်ဆင့်ရမည်။

(၃) ငွေတိုးချစားသူသည်၊ ပုဒ်မခွဲ (၂) အရ မိမိထံ နို့တစ်စာထုတ်ဆင့်သည့် ဒ်နေ့ရက် နောက် ၃ နှစ်အတွင်း၊ ထိုပေးသွင်းသည့်ငွေကို မိမိအားပေးရန်တရားရုံးသို့ လျှောက်ထားနိုင်သည်။

(၄) ပုဒ်မခွဲ (၃) တွင်ဖော်ပြထားသည့်ကာလအတွင်း လျှောက်ထားခြင်းမရှိက၊ ထိုပေးသွင်းထားသည့်ငွေကို ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်းစီမံခန့်ခွဲရမည်။

(၅) ပုဒ်မခွဲ (၃) အရ၊ လျှောက်လွှာကို ရရှိသောအခါ၊ တရားရုံးသည်၊ ထိုပေးသွင်းထားသည့်ငွေကို မိမိကသတ်မှတ်ထားသည့်စည်းကမ်းချက်များအတိုင်း လျှောက်ထားသောသူအား ပေးရန်အမိန့်ချမှတ်နိုင်သည်။

(၆) ငွေတိုးချစားသူအတွက် ပုဒ်မခွဲ (၁) အရ၊ တင်သွင်းသည့်ငွေမှာ ထိုသို့တင်သွင်းသည့်နေ့ရက်တွင် အဆိုပါငွေကို ထိုငွေတိုးချစားသူရရှိပြီးဖြစ်သကဲ့သို့၊ ရရှိပြီးဖြစ်သည်နှင့်အမျှ၊ ပေးဆပ်သည့်ငွေအနေဖြင့်အကျိုးသက်ရောက်စေရမည်။

**ကွက်လပ်များ၊ သို့တည်းမဟုတ် မှားယွင်းသောရေးသွင်းချက်များပါရှိသည့် စာတမ်းအမှတ်အသားများ။**

၁၈။ ။(၁) ချေးငွေအတိအကျကိုငှင်း၊ ချေးငွေနှင့်သက်ဆိုင်သည့်စည်းကမ်းချက်များကိုငှင်း၊ စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကိုငှင်း၊ တောင်းဆိုသည့်အတိုးနှုန်းကိုငှင်း၊ ငွေရင်းကိုမည်သည့်အချိန်ကာလအတွင်း ပြေလည်အောင်ပြန်ဆပ်ရမည်ဟု စည်းကမ်းသတ်မှတ်ထားလျှင်၊ ထိုသို့သတ်မှတ်ထားသည့် အချိန်ကာလကိုငှင်း၊ ရေးသားဖော်ပြခြင်းမရှိသည့်၊ သို့တည်းမဟုတ် အဆိုပါအကြောင်းအရာတခုခုကိုမမှန်မကန်ဖော်ပြသည့် စာမှတ်စာတမ်းကိုဖြစ်စေ၊ ခံဝန်ချုပ်ကိုဖြစ်စေ၊ အာမခံစာချုပ်ကိုဖြစ်စေ၊ ကတိစာချုပ်ကိုဖြစ်စေ၊ မြီရှင်ကမြီစားထံမှ၊ သို့တည်းမဟုတ် မြီစားဖြစ်ရန်ကြံရွယ်သူထံမှ ယူမထားရ။

ထို့ပြင် မြီရှင်သည်၊ အထက်ပါအကြောင်းအရာများကို နောင်အခါမှဖြည့်သွင်းရေးသားရန်ကွက်လပ်တခုခု ချန်ထားသည့်စာချုပ်စာတမ်းများကို မြီစားထံမှ၊ သို့တည်းမဟုတ် မြီစားဖြစ်ရန်ကြံရွယ်သူထံမှယူမထားရ။

(၂) တည်ဆဲတရားဥပဒေတခုခုတွင် မည်သို့ပင်ရှိစေကာမူ၊ အဆိုပါ စာမှတ်စာတမ်းသည်၊ သို့တည်းမဟုတ် ခံဝန်ချုပ်သည်၊ သို့တည်းမဟုတ် အာမခံစာချုပ်၊ သို့တည်းမဟုတ် ကတိစာချုပ်သည်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားသည် ပျက်ပြယ်စေရမည်။

**အနှောင့်အယှက် ပြုခြင်းကို ပိတ်ပင်တားမြစ်ခြင်း။**

၁၉။ ။မည်သူမဆို ကြွေးမြီအရတောင်းခံရန်၊ သို့တည်းမဟုတ် အရတောင်းခံခြင်းငှါအားထုတ်ရန်မြီစားအားမနှောင့်ယှက်ရ၊ သို့တည်းမဟုတ် နှောင့်ယှက်ရာတွင် အားပေးကူညီမှုမပြုရ။

**ရှင်းလင်းချက်။** ။တဦးတယောက်သောသူသည်၊ အခြားသူတဦးအား၊ ထိုသူပြုပိုင်ခွင့်ရှိသည့်ပြုလုပ်မှုတခုခုကိုမပြုလုပ်ဘဲ ရှောင်ကြဉ်စေရန်ကြံရွယ်ချက်ဖြင့်သော်ငှင်း၊ ထိုသူမပြုလုပ်ဘဲ ရှောင်ကြဉ်ပိုင်ခွင့်ရှိသည့် ပြုလုပ်မှုကို ပြုစေရန် ကြံရွယ်ချက်ဖြင့်သော်ငှင်း—

(က) ထိုသူအား ဟန့်တားလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှုပြုလျှင်၊ သို့တည်းမဟုတ် ချောက်လှန့်လျှင်၊ သို့တည်းမဟုတ်

(ခ) ထိုသူ၏နောက်သို့ တကောက်ကောက်လိုက်လျှင်၊ သို့တည်းမဟုတ် ထိုသူပိုင်ဆိုင်သည့်ပစ္စည်းကိုဖြစ်စေ၊ ထိုသူအသုံးပြုသည့် ပစ္စည်းကိုဖြစ်စေ၊နှောင့်ယှက်လျှင်၊ သို့တည်းမဟုတ် ထိုပစ္စည်းအသုံးပြုခြင်းကို လက်လွှတ်စေလျှင်၊ သို့တည်းမဟုတ် ထိုသို့အသုံးပြုရာတွင် တားဆီးလျှင်၊ သို့တည်းမဟုတ်

(ဂ) ထိုသူနေထိုင်သည့်၊ သို့တည်းမဟုတ် တည်းခိုသည့်၊ သို့တည်းမဟုတ် အလုပ်လုပ်ကိုင်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ရှိနေသည့် အိမ်၌၊ သို့တည်းမဟုတ် အဆောက်အဦ၌၊ သို့တည်းမဟုတ် နေရာ၌ဖြစ်စေ၊ အနီးအနား၌ဖြစ်စေ၊ ရစ်ဝဲနေလျှင်၊ သို့တည်းမဟုတ် အလားတူပြုလျှင် ထိုသူကို အနှောင့်အယှက်ပြုသူဟု မှတ်ယူရမည်။

ခြွင်းချက်။ ။သို့ရာတွင် ချေးငွေပေးဆပ်ဘို့နည်းလမ်းတကျ တောင်းဆိုရန်ကိစ္စအတွက် သက်သက်သော်၎င်း၊ မြီစား၏ပစ္စည်းအကြောင်း၊ သို့တည်းမဟုတ် မြီစားမည်သည့်အရပ်ဘွင်ရှိကြောင်း စုံစမ်းမေးမြန်းရန် ကိစ္စအတွက် သက်သက်သော်၎င်း၊ အဆိုပါအိမ်သို့၊ သို့တည်းမဟုတ် အဆောက်အဦသို့၊ သို့တည်းမဟုတ် နေရာသို့သွားရောက်သော၊ သို့တည်းမဟုတ် အနီးအနားသို့ သွားလာသောသူကို အနှောင့်အယှက်ပြုသူဟု မှတ်ယူခြင်းမရှိစေရ။

ပြစ်ဒဏ်များနှင့် စပ်လျဉ်းသည့် ယေဘုယျ ပြဋ္ဌာန်းချက်။

၂၀။ ။မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုသော်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုသော်၎င်း၊ ဤဥပဒေအရ ငွေတိုးချစားသူက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်တခုခုကိုသော်၎င်း၊ ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ၃ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

မှတ်ပုံတင်စာရင်းမှ အမည် ထုတ်ပယ်ခြင်း စသည်များ။

၂၁။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ဤဥပဒေစတင်အာဏာတည်ပြီးနောက်၊ ပုဒ်မ ၂၀ အရ၊ ငွေတိုးချစားသူကပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရှိလျှင်၊ ထိုငွေတိုးချစားသူ၏အမည်ကို၊ငွေတိုးချစားသူတို့မှတ်ပုံတင်စာရင်းမှထုတ်ပယ်နိုင်သည်။

(၂) ငွေတိုးချစားသူ၏ အမည်ကို ပုဒ်မခွဲ (၁) အရ မှတ်ပုံတင်စာရင်းမှ မထုတ်ပယ်မီ၊ ထိုသူ၏အမည်ကို အဘယ်ကြောင့် ထိုသို့မထုတ်ပယ်သင့်ကြောင်း ထုချေရန်သင့်လျော်သောအခွင့်အရေးကိုမှတ်ပုံတင်အရာရှိက၊ ထိုသူအားပေးရမည်။

(၃) ပုဒ်မခွဲ (၁) အရ အရေးယူခြင်းခံရသော ငွေတိုးချစားသူသည်၊ မှတ်ပုံတင် အရာရှိ၏ အမိန့်စာကို မိမိထံချအပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံ၊ ထိုအမိန့်ကို အယူခံဝင်နိုင်သည်။ ထိုသို့အယူခံဝင်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်စေရမည်။

**နို့တစ်စာများ ချအပ်ခြင်း။**

၂၂။ ။ငွေတိုးချစားသူအပေါ် ချအပ်ရမည့်အမိန့်ဆင့်စာ၊ နို့တစ်စာနှင့် အမိန့်အားလုံးကို၊ ငွေတိုးချစားသူ၏ မူလမှတ်ပုံတင်လျှောက်လွှာတွင် ပေးထားသောနေထိုင်ရာအရပ်၌ထားခဲ့လျှင်၊ သို့တည်းမဟုတ် ယင်းသို့ပေးထားသောလိပ်စာဖြင့်စာပို့တိုက်မှရီစစ္စတြီပြုလုပ်ပေးပို့ခဲ့လျှင်၊ ထို အမိန့်ဆင့်စာ စသည်တို့ကို နည်းလမ်းတကျချအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**နည်းဥပဒေ ပြုနိုင်သည့် အာဏာ။**

၂၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ဤဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ၊ အထူးသဖြင့် အဆိုပါနည်းဥပဒေများသည် အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၄ အရ ငွေတိုးချစားသည့် လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်သူတို့၏ အရည်အချင်းများ။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရငွေတိုးချစားသူကတကြိမ်လျှင် အနည်းဆုံး၊ သို့တည်းမဟုတ် အများဆုံးထုတ်ချေးနိုင်သည့်ချေးငွေပေါင်း။

(ဂ) ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ ချေးငွေအမျိုးမျိုးအပေါ်တွင် ခွင့်ပြုသည့် အတိုးနှုန်းများ။

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရ မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိသူက လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ။

(င) ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) အရ ငွေတိုးချစားသူ လိုင်စင်များကို လေလံစံနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစံနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဒေသန္တရအာဏာပိုင်ကလိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ။

(စ) ပုဒ်မ ၆ အရ မှတ်ပုံတင်ပုံစံနှင့် ထိုမှတ်ပုံတင် စာရင်းတွင် ပါရှိရမည့် အကြောင်းအရာများ။

(ဆ) မှတ်ပုံတင် လျှောက်လွှာ ပုံစံ နှင့် ထိုလျှောက်လွှာတွင် ပါရှိရမည့် အကြောင်းအရာများ။

(ဇ) မှတ်ပုံတင်လျှောက်လွှာအတွက် ပေးဆောင်ရမည့်ရုံးခွန်။

(ဈ) ပုဒ်မ ၇ အရ မှတ်ပုံတင်သက်သေခံလက်မှတ်ပုံစံ။

(ည) ပုဒ်မ ၉၊ ပုဒ်မခွဲ (၃) အရ ငွေစာရင်း၌ ရေးသွင်းချက် မိတ္တူများနှင့် ငွေစာရင်းရှင်းတမ်းမိတ္တူများကို ရေးသားရာတွင် သုံးစွဲရမည့်ဘာသာစကား၊သို့တည်းမဟုတ် ဘာသာစကားများ။

(ဋ) ပုဒ်မ ၁၀ အရ ငွေစာရင်းများကို ကြည့်ရှုစစ်ဆေးနိုင်ရန် ပြုထားရမည့်နည်းလမ်းနှင့် ထိုသို့ကြည့်ရှုစစ်ဆေးနိုင်သူများ။

(ဌ) ပုဒ်မ ၁၇ အရ ပေးသွင်းထားသောငွေများကိုစီမံခန့်ခွဲရမည့်နည်းလမ်းများ။

(ဍ) ဤဥပဒေအရပြဋ္ဌာန်းရန်လိုသည့်အခြားကိစ္စများ။

၂၄။ ။(၁) ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများ အက်ဥပဒေ (The Money Lenders Act, 1945) ကိုဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

ရုပ်သိမ်းခြင်း။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၆၊ တရားရေးဌာန၊ ၁-၁၁-၆၂—၂,၃၅၀ + ၅၀၀ + ၂—၂။

# ၁၉၆၂ ခုနှစ်၊မြန်မာနိုင်ငံဆေးသုတေသနကောင်စီဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးသုတေသနကောင်စီ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ သည်၊ ပြည်ထောင်စုအတွင်း နေထိုင်ကြသော ပြည်ထောင်စုသား အားလုံးတို့၏ ကျန်းမာမှု တိုးတက်ဖွံ့ဖြိုးစေလိုသည့်အတွက်၎င်း၊ ခေတ်မှီဆေးပညာရပ်နှင့်အခြားဆက်သွယ်လျက်ရှိသော လောကဓါတ်ပညာများအတွက် သုတေသနလုပ်ငန်းဖြင့်၊ တိုးတက်မှုများရယူလိုသည့်အတွက်၎င်း၊ ဆေးပညာရပ်နှင့် အခြားဆက်သွယ်နေသည့် လောကဓါတ်ပညာများတွင် ခေတ်မှီသုတေသနလုပ်ငန်းများကို လုပ်ကိုင်နေကြသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များတို့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့်အတွက်၎င်း၊နောက်တွင်ကောင်စီဟု ရည်ညွှန်းသောမြန်မာနိုင်ငံ ဆေးသုတေသနကောင်စီကိုဖွဲ့စည်းလိုက်သည်။

(၂) ဤသို့ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဆေးသုတေသနကောင်စီသည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ကောင်စီပိုင်တံဆိပ်တခုရှိသောတရားဝင်ကောင်စီဖြစ်ရမည့်ပြင်၊ ထိုအမည်ဖြင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ တရားစွဲဆိုခြင်း ပြုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

## ကောင်စီဖွဲ့စည်းပုံ။

၃။ ။(၁) ကောင်စီတွင်၊အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ကျန်းမာရေးဌာနတာဝန်ခံ (ဥက္ကဋ္ဌ) ။

(ခ) ညွှန်ကြားရေးဝန်၊ကျန်းမာရေးဌာနခွဲ (ဒုတိယ ဥက္ကဋ္ဌ) ။

(ဂ) ဆေးသိပ္ပံကျောင်းအုပ်ကြီး၊ ရန်ကုန်။

(ဃ) ဆေးသိပ္ပံကျောင်းအုပ်ကြီး၊မန္တလေး။

(င) ဥက္ကဋ္ဌ၊မြန်မာနိုင်ငံဆေးသုတေသနအသင်း။

(စ) ညွှန်ကြားရေးဝန်ချုပ်၊ မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့။

(ဆ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ကာကွယ်ရေးဌာန။

(ဇ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ရွေးချယ်ခန့်ထားသောအခြားပုဂ္ဂိုလ် ၅ ဦး။

(ဈ) ညွှန်ကြားရေးဝန်၊ မြန်မာနိုင်ငံ ဆေးသုတေသနဌာန (အတွင်းရေးမှူး) ။

**အတိုး—၁၀ ပြား]**

(၂) ဤဥပဒေပါကိစ္စရပ်များကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ကောင်စီကထောက်ခံ၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသဘောတူညီသည့်အခြားပုဂ္ဂိုလ်များကို၊ ကောင်စီလူကြီးအဖြစ်ထပ်ဖြည့်ခန့်ထားနိုင်သည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားသည့်ကောင်စီလူကြီးများသည်၊ ၃ နှစ်ကာလမျှရာထူး၌ထမ်းရွက်ရမည်။ ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ထိုကောင်စီလူကြီးများကိုပင် ပြန်လည်ခန့်ထားနိုင်သည်။

(၄) ကောင်စီကဆောင်ရွက်သည့် မှုခင်းကိစ္စများသည်၊ ကောင်စီလူကြီးရာထူးလစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ ကောင်စီလူကြီး တဦးဦးခန့်ထားရာတွင်၊ ချို့ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

## အစည်းအဝေးထမြောက်ရန်လိုအပ်သည့် ကောင်စီလူကြီးဦးရေ။

၄။ ။ကောင်စီ အစည်းအဝေးသို့ ကောင်စီ လူကြီး အနည်းဆုံး ၇ ဦး တက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၅။ ။ကောင်စီသည်၊ အမြဲတန်းကော်မီတီများ၊ သို့တည်းမဟုတ် သီးသန့်ကော်မီတီများကိုဖွဲ့စည်းနိုင်သည့်ပြင် ဤဥပဒေဖြင့်မိမိအား အပ်နှင်းထား သောအာဏာများနှင့်တာဝန် ဝတ်တရားများအနက် မိမိသင့်လျော်သည်ထင်မြင်သည့် အာဏာများနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်စေရန် ကိစ္စအလို့ငှါ အဆိုပါကော်မီတီများသို့လွှဲအပ်နိုင်သည်။

## ကောင်စီ၏တာဝန်ဝတ်တရားများ။

၆။ ။ကောင်စီ၏ အဓိကတာဝန် ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဆေးနှင့်အခြား ဆက်သွယ်နေသည့် လောကဓါတ်ပညာရပ်များအတွက် သုတေသနလုပ်ငန်းများနှင့် ပတ်သက်သောစီမံကိန်းများကိုရေးဆွဲသတ်မှတ်ရန်။

(ခ) သုတေသနလုပ်ငန်းများ တိုးတက်ရေးအတွက်၊ ကျယ်ပြန့်သောအခြေခံဝါဒကိုအတည်ပြုရန်။

(ဂ) သုတေသနလုပ်ငန်းအတွက် သီးသန့်စီမံကိန်းကို အတည်ပြုရန်။

(ဃ) ဆေးနှင့်အခြား ဆက်သွယ်နေသည့် လောကဓါတ်ပညာရပ်များနှင့်ပတ်သက်၍၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက်၊ မြန်မာနိုင်ငံဆေးသုတေသနဌာန တခုကိုတည်ထောင်ရန်နှင့်အုပ်ချုပ်စီမံခန့်ခွဲရန်။

(င) မြန်မာနိုင်ငံအတွင်းရှိဆေးနှင့်အခြားဆက်သွယ်နေသည့် လောကဓါတ် ပညာရပ်များနှင့် ပတ်သက်၍၊ သုတေသနလုပ်ငန်းများဆောင်ရွက်နေသည့်အဖွဲ့အစည်းများကိုသော်၎င်း၊ လူပုဂ္ဂိုလ်များကိုသော်၎င်း၊ ညှိနှိုင်းအားပေးထောက်ပံ့မှုပြုရန်။

(စ) အရေးကြီးသောသုတေသနလုပ်ငန်းရပ်များကို၊ နိုင်ငံခြား သုတေသနလုပ်ငန်း အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ဆောင်ရွက်ရန်။

(ဆ) မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင် အမှုထမ်း နေကြသောပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုတိုးတက်စေရန်နှင့် အခြားသင့်တော်သောပုဂ္ဂိုလ်များကို မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင်နေရာအခါအသုံးပြုရန်အတွက် သင်တန်းများပေးရန်။

(ဇ) သုတေသနလုပ်ငန်းများမှ ပေါ်ပေါက်လာသည့် အကျိုးဖြစ်ထွန်းမှုများကို အများပြည်သူတို့အသုံးပြုရေးအတွက် ဖြန့်ဖြူးရန်နှင့် အားပေးရန်။

(ဈ) ဤဥပဒေပါကိစ္စရပ်များ ထမြောက်အောင်မြင်စေရန်လိုအပ်သော သက်ဆိုင်သော၊ သို့တည်းမဟုတ် အကျိုးဖြစ်ထွန်း နိုင်သော ဆောင်ရွက်မှုများပြုရန်။

(ည) အထက်ပါ တာဝန်ဝတ်တရားများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၄င်း၊ ကောင်စီ၏ရာထမ်းမှုထမ်းများအား တာဝန်လွှဲအပ်ရန်၄င်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်စည်းကမ်းဥပဒေများကိုပြုရန်။

### ကောင်စီ၏ရာထမ်းမှုထမ်းများ။

၇။ ။(၁) ကောင်စီသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏စီမံအုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ မိမိ၏အလုပ်ဝတ်တရားများကို ထိရောက်စွာဆောင်ရွက်ရန်အလို့ငှါ၊ လိုအပ်သည့်ရာထမ်းမှုထမ်းများနှင့်အခြားအလုပ်သမားများကိုခန့်ထား၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့်လစာနှင့်စရိတ်များကိုပေးနိုင်သည်။

(၂) မြန်မာနိုင်ငံ ဆေးသုတေသနဌာနတွင် အုပ်ချုပ်ရေး တာဝန်ခံဖြစ်သော ညွှန်ကြားရေးမှူးသည်၊ ကောင်စီတွင်၊ အတွင်းရေးမှူးအဖြစ်ဖြင့် ဆောင်ရွက်ရမည်။

### ရံပုံငွေထားရှိခြင်း။

၈။ ။"မြန်မာနိုင်ငံ ဆေးသုတေသန ကောင်စီရံပုံငွေ" ဟုခေါ်တွင်သည့်ရံပုံငွေကိုထားရှိရမည်။ ထိုရံပုံငွေကိုကောင်စီက အုပ်ချုပ်ရမည်။ အောက်ပါငွေများကို၊ ထိုရံပုံငွေသို့ ထည့်သွင်းရမည်။

(က) ကောင်စီက ဤဥပဒေအရ၊ မိမိ၏အာဏာများကို သုံးစွဲရန်နှင့် မိမိဝတ်တရားများကိုဆောင်ရွက်ရန် ကိစ္စအလို့ငှါ၊ အစိုးရထံမှ ရရှိသောငွေအရပ်ရပ်။

(ခ) ကောင်စီက၊ သို့တည်းမဟုတ် ကောင်စီအတွက် ပုဂ္ဂိုလ်တဦးချင်း ထံမှဖြစ်စေ၊ အသင်းအဖွဲ့များထံမှဖြစ်စေ၊ ထောက်ပံ့ငွေများ၊ အလှူငွေများအဖြစ်သော်၎င်း၊ အခြားနည်းဖြင့် သော်၎င်း၊ ရရှိသောငွေများ။

(ဂ) ကောင်စီပိုင်ပစ္စည်းမှသော်၎င်း၊ လုပ်ငန်းရပ်များမှသော်၎င်း၊ ရရှိသည့်ဝင်ငွေအရပ်ရပ်။

## ရံပုံငွေသုံးစွဲခြင်း။

၉။ ။(၁) ကောင်စီသည်၊ ရံပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲနိုင်သည်။

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရာ၌ကုန်ကျသည့် စရိတ်များကိုကျခံရန်။

(ခ) ကောင်စီလက်အောက်ရှိ ကော်မီတီများ၊ သုတေသနဌာနများ၊ သို့တည်းမဟုတ် ဌာနခွဲများသို့ ဤဥပဒေအရ၊ လွှဲအပ်ထားသည့်အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန်ကိစ္စ အလို့ငှါ ငွေထောက်ပံ့ရန်။

(ဂ) သုတေသနလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်သော မည်သည့် အဖွဲ့အစည်း၊ သို့တည်းမဟုတ် လူပုဂ္ဂိုလ်များအားမဆို ငွေ ထောက်ပံ့ရန်။

(၂) ကောင်စီသည်၊ ငွေထောက်ပံ့သည့် အခါ၌ မိမိသင့်လျော်သည် ထင်မြင်သည့်စည်းကမ်းချက်များကိုသတ်မှတ်နိုင်သည်။

## ငွေစာရင်းနှင့်ငွေစာရင်းစစ်ခြင်း။

၁၀။ ။(၁) ကောင်စီသည်၊ မိမိရရှိသည့်ငွေနှင့်သုံးစွဲသည့် ငွေအားလုံး အတွက်၊ ငွေစာရင်းများထားရှိစေရမည်။

(၂) ငွေစာရင်းများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြဋ္ဌာန်းထားသည့် စာရင်းစစ်များက၊ ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းကြည့်ရှု စစ်ဆေးရမည်။

## အစိုးရ၏အာဏာ။

၁၁။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မည်သည့် အခါမဆို၊ အမိန့်ကြော်ငြာစာဖြင့် မြန်မာနိုင်ငံဆေးသုတေသနကောင်စီကို ဖျက်သိမ်း ကြောင်းကြေညာနိုင်သည်။ ယင်းသို့အမိန့်ကြော်ငြာစာထုတ်ပြန်သောအခါ၊ ဤဥပဒေ အရ မြန်မာနိုင်ငံဆေးသုတေသနကောင်စီ၌တည်ရှိခဲ့သော ပစ္စည်းအားလုံး၊ ကောင်စီ ပိုင်ဆိုင်သော အခြားပစ္စည်းအားလုံးနှင့် ရံပုံငွေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၌တည်ရှိ၍၊ အစိုးရက ထိုပစ္စည်းများနှင့်ရံပုံငွေကို သိမ်းယူရမည်။

၁၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၃၊ တရားရေးဌာန၊ ၁-၁၁-၆၂—၂၃၅၀+၂—၂။

# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၀။]

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရုပ်ရှင်နှင့်သက်ဆိုင်သည့် တည်ဆဲဘာရားဥပဒေများ သည်၊ ယခုလက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခြေအနေနှင့်မသင့်လျော် မလုံလောက် သည်လည်းတကြောင်း၊

ရုပ်ရှင်လုပ်ငန်းအဆင့်အတန်းကို တိုးမြှင့်၍၊ မျိုးချစ်စိတ်ဓါတ် တက်ကြွလာမစေနိုင် မည့် ရုပ်ရှင်ကားများထွက်ပေါ်လာစေပြီးလျှင်၊ သဘာဝနှင့်ဆန့်ကျင်၍ အကျင့်စာရိတ္တ ပျက်ပြားစေမည့် နိုင်ငံခြားရုပ်ရှင်ကားနှင့် တိုင်းရင်းဖြစ် ရုပ်ရှင်ကားများပပျောက်စေသို သည်လည်းတကြောင်း၊

ကိုအကြောင်းများကြောင့်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့် စတင်အာဏာ တည်သည့်နေ့ရက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ် သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) "နေရာ" ဆိုသည့် စကားရပ်တွင်၊ အိမ်၊အဆောက်အဦ၊တဲ၊ သို့တည်းမဟုတ် ယာဉ်ပါဝင်သည်။

(ခ) "ရုပ်ရှင်"ဆိုသည့်စကားရပ်တွင်၊ ရုပ်ရှင်ကားများ၊ သို့တည်း မဟုတ် ရုပ်ရှင်ကားဆက်များပြသရန် ကိရိယာတန်ဆာပလာ တခုခုပါဝင်သည်။

(ဂ) "အဖွဲ့"ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ရုပ်ရှင် ဆင်ဆာဘုတ်အဖွဲ့ကိုဆိုလိုသည်။

(ဃ) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့်နည်း ဥပဒေများဖြင့်သတ်မှတ်သည်ကိုဆိုလိုသည်။

ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း၊

၃။ ။(၁) ရုပ်ရှင်ကားများကို အများပြည်သူတို့အား ပြသရန် ခွင့်ပြုရေး ကိစ္စအတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ သည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ရုပ်ရှင်ဆင်ဆာဘုတ် အဖွဲ့ဟုခေါ်သည့် အဖွဲ့တခုကိုဖွဲ့စည်းနိုင်သည်။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနသည်၊အဖွဲ့ကို၊တိုက်ရိုက်ကြီးကြပ်

အတိုး ၁၅ ပြား]

အုပ်ချုပ်ရမည်။ ထိုအဖွဲ့တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရကအဖွဲ့ဝင်အဖြစ်ခန့်ထားသည့်၊ဆယ်ဦးအောက်မနည်း၊ တဆယ့်နှစ်ဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်ရမည်။

(၂) အဆိုပါအဖွဲ့ဝင်များအနက်၊တဦးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကအဖွဲ့ဥက္ကဋ္ဌအဖြစ်ခန့်ထားရမည်။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနပေါ်လီစီ ညွှန်ကြားရေးဝန်သည်၊ အဖွဲ့ဒုတိယဥက္ကဋ္ဌဖြစ်ရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန၊ ဒုတိယအတွင်းဝန်သည်၊ အဖွဲ့အတွင်းရေးမှူးဖြစ်ရမည်။ အစိုးရအရာရှိမဟုတ်သောအဖွဲ့ဝင်များသည်၊ မိမိတို့ရာထူးများကို အချိန်ပြည့်လက်ရှိဆောင်ရွက်ရမည်။

(၃) အထူးရုပ်ရှင်ကားတခုခုကို စစ်ဆေးရန်အလို့ငှါ၊ အဖွဲ့သည်၊ မိမိသင့်သည်ထင်မြင်သည့်၊အဖွဲ့ဝင်မဟုတ်သော ပုဂ္ဂိုလ်များကိုအထူးဆင်ဆာလူကြီးများအဖြစ်ထပ်ဖြည့်နိုင်သည်။ ထိုသို့ထပ်ဖြည့်သည့်အထူးဆင်ဆာလူကြီးများအား၊ သတ်မှတ်သည့်အခကြေးငွေနှင့်စရိတ်များကို ပေးရမည်။

(၄) အဖွဲ့၏အာဏာနှင့် တာဝန် ဝတ္တရားများသည်၊ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ အဖွဲ့သည်၊ အစိုးရအရာရှိမဟုတ်သောအဖွဲ့ဝင်များအား၊ သတ်မှတ်သည့်လစာကိုလည်းကောင်း၊ အစိုးရအရာရှိဖြစ်သော အဖွဲ့ဝင်များအား၊ ၎င်းတို့ထမ်းဆောင်ရသည့်တာဝန်ဝတ္တရားများအပေါ် မူတည်၍သတ်မှတ်သည့်စရိတ်နှင့် ဆုငွေများကို၎င်း၊ ပေးနိုင်သည်။

**တရားဝင်အဖွဲ့ဖြစ်ခြင်း။**

၄။ ။(၁) အဖွဲ့သည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ ဖြစ်ရမည့်ပြင်၊ အဖွဲ့၌၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို၊ ရယူခွင့်၊ လက်ရှိထားခွင့်၊ ပိုင်ဆိုင်ခွင့်လည်းရှိရမည်။ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

(၂) ရုပ်ရှင်ပြပွဲအက်ဥပဒေ (The Cinematograph Act) အရဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံရုပ်ရှင် ဆင်ဆာဘုတ်အဖွဲ့ပိုင်ပစ္စည်းနှင့်ကြွေးမြီ တာဝန်အားလုံးကို၊ အဖွဲ့ကဆက်ခံရမည်။

**အဖွဲ့ဝင်များ၏ ရာထူးသက်တမ်း။**

၅။ ။အစိုးရအရာရှိမဟုတ်သော အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ နှစ်စဉ်ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ကုန်ဆုံးစေရမည်။ ထိုသို့ ရာထူးသက်တမ်းကုန်ဆုံးသည့် အဖွဲ့ဝင်များမှာ၊ ၎င်းတို့၏ ရာထူးတွင် ပြန်လည်ခန့်ထားခြင်း၊ ခံနိုင်ခွင့်ရှိစေရမည်။ သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မည်သည့်အဖွဲ့ဝင်ကိုမဆို၊အချိန်မရွေးရာထူးမှရပ်စဲနိုင်သည်။

**အဖွဲ့ရာထမ်းမှုထမ်းများ။**

၆။ ။အဖွဲ့သည်၊ ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ ခန့်ထားသည့် ရာထမ်း မှုထမ်း များ၏ ဦးရေနှင့် လစာ အပွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်ကို တောင်းခံရမည်။ ထိုရာထမ်းမှုထမ်းများနှင့် ပတ်သက်သည့် အခြားအမှုထမ်းစည်းကမ်းများကို၊ အဖွဲ့က၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ကြိုတင်သဘောတူညီချက်ရယူ၍၊ စည်းကမ်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၇။ ။(၁) မည်သူမဆို၊ တိုင်းရင်းဖြစ်ရုပ်ရှင်ကားကိုသော်၎င်း၊ နိုင်ငံခြားမှ တင်သွင်းသော ရုပ်ရှင်ကားကိုသော်၎င်း၊ ပြသလိုလျှင်၊ ထိုရုပ်ရှင်ကားအတွက် သက်သေခံလက်မှတ်ကို၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း၊ အဖွဲ့ထံလျှောက်ထားရမည်။ အဖွဲ့သည်၊ ထိုရုပ်ရှင်ကားကို၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း စစ်ဆေး၍၊သို့တည်းမဟုတ် စစ်ဆေးစေ၍—

ရုပ်ရှင်ကားများစစ်ဆေးခြင်း။

(က) ထိုရုပ်ရှင်ကားကို အများပြည်သူတို့အား ပြသရန်ခွင့်ပြုနိုင်သည်။ သို့တည်းမဟုတ်

(ခ) ထိုရုပ်ရှင်ကားကို အများ ပြည်သူတို့အား ပြသရန် ခွင့်မပြုမီ၊ အဆိုပါ ရုပ်ရှင်ကားတွင် မိမိလိုအပ်သည်ထင်မြင်သည့် ဖြတ်တောက်မှု၊ သို့တည်းမဟုတ် ပြုပြင်မှုပြုလုပ်ရန်၊ လျှောက်ထားသူအား ညွှန်ကြားနိုင်သည်။ သို့တည်းမဟုတ်

(ဂ) ထိုရုပ်ရှင်ကားကို အများ ပြည်သူတို့အား ပြသရန် ခွင့်မပြုမီ၊ အဆိုပါ ရုပ်ရှင်ကားတွင် မိမိလိုအပ်သည်ထင်မြင်သည့် အစိတ်အပိုင်းများကို ဖြတ်တောက်နိုင်သည်။ သို့တည်းမဟုတ်

(ဃ) အဆိုပါ ရုပ်ရှင်ကားကို အများပြည်သူတို့အား ပြသခွင့်မပြုလိုဟု ငြင်းဆိုနိုင်သည်။

(၂) ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)၊ (ဂ)၊ သို့တည်းမဟုတ်အပိုဒ် (ဃ) အရ အဖွဲ့ကအရေးယူဆောင်ရွက်ခြင်းမပြုမီ၊ လျှောက်ထားသူမှာ၊ ထိုကိစ္စတွင်၊ မိမိ၏ထင်မြင်ယူဆချက်များကို လျှောက်ထားနိုင်သည့်အခွင့်အလမ်းရရှိစေရမည်။

၈။ ။ရုပ်ရှင်ကားအတွက် သက်သေခံလက်မှတ်လျှောက်ထားသူ တဦးဦးသည်၊ သက်သေခံလက်မှတ်မထုတ်ပေးလိုဟု ငြင်းဆိုသည့် အဖွဲ့၏အမိန့်ကိုသော်၎င်း၊ မိမိအား ထိုရုပ်ရှင်ကားတွင် ဖြတ်တောက်မှု၊ သို့တည်းမဟုတ် ပြုပြင်မှုပြုလုပ်ရန် ညွှန်ကြားသည့် အမိန့်ကိုသော်၎င်း၊ ထိုရုပ်ရှင်ကားတွင် အဖွဲ့က ဖြတ်တောက်ခြင်းကိုသော်၎င်း၊ မကျေနပ်လျှင် အဆိုပါ အမိန့်ချမှတ်သည့်၊ သို့တည်းမဟုတ် အဆိုပါရုပ်ရှင်ကားတွင် အဖွဲ့ကဖြတ်တောက်သည့် နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ ပုဒ်မ ၉ အရဖွဲ့စည်းသည့် အယူခံ အာဏာပိုင် အဖွဲ့ထံ အယူခံဝင်နိုင်သည်။

အယူခံနိုင်ခွင့်။

၉။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပုဒ်မ ၈ အရ အယူခံမှုများကိုဆုံးဖြတ်ရန်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်သော အယူခံအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်—

အယူခံ အာဏာပိုင် အဖွဲ့ဖွဲ့စည်းခြင်း။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနတာဝန်ခံ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန အတွင်းဝန်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ နိုင်ငံခြားရေးဌာန အမှုဆောင်အတွင်းဝန်။

(ဃ) ရဲချုပ်။

(င) တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး။

ထိုအယူခံ အာဏာပိုင်အဖွဲ့တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံကာ၊ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ရမည်။

(၂) ထိုအယူခံမှုများကို ကြားနာစစ်ဆေးရာ၌၊ အဖွဲ့ဥက္ကဋ္ဌကို အခါခါ သိမ်း ဘိတ်ခေါ်၍၊ ၎င်း၏ထင်မြင်ယူဆချက်များကို ကြားနာရမည်။ ထိုအယူခံ အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည်၊အပြီးအပြတ်အတည်ဖြစ်စေရမည်။

ရုပ်ရှင်ကားများအတွက် သက်သေခံလက်မှတ်ထုတ်ပေးခြင်း။

၁၀။ ။(၁) အဖွဲ့သည်၊ ပုဒ်မ ၇ အရ ရုပ်ရှင်ကားကိုစစ်ဆေးပြီးနောက်၊ သို့တည်းမဟုတ် စစ်ဆေးစေပြီးနောက်၊ ထိုရုပ်ရှင်ကားကို အများပြည်သူတို့အားပြသရန် သင့်တော်သည်ဟုယူဆလျှင်၊ ထိုရုပ်ရှင်ကားအတွက်သက်သေခံလက်မှတ်ကို၊ ၎င်းအတွက် သတ်မှတ်သည့် အခကြေးငွေပေးဆောင်ကာလေ၊ လျှောက်ထားသူအားထုတ်ပေးရမည့်ပြင်၊ ထိုရုပ်ရှင်ကားကိုလည်း၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း တံဆိပ်ရိုက်နှိပ်စေရမည်။

(၂) ဤပုဒ်မအရ ထုတ်ပေးသည့်သက်သေခံလက်မှတ်သည်၊ပြည်ထောင်စု မြန်မာနိုင်ငံ တဝှန်းလုံးတွင်၊ သတ်မှတ်သည့် ကာလအပိုင်းအခြားအတွက် အတည် ဖြစ်စေရမည်။

(၃) ဤဥပဒေအာဏာမတည်မီက၊ ရုပ်ရှင်ပြပွဲ အက်ဥပဒေအရ ထုတ်ပေး ထားသော သက်သေခံလက်မှတ်များသည်၊ ၁၉၆၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အတည်ဖြစ်ခြင်းမှ ရပ်စဲရမည်။

(၄) ပုဒ်မခွဲ (၂)နှင့်(၃)တွင် ရည်ညွှန်းသည့် သက်သေခံလက်မှတ်ကို၊ သတ်မှတ်သည့်အတိုင်း အသစ်လဲလှယ်ရန် လျှောက်ထားနိုင်သည်။ ထိုသို့အသစ် လဲလှယ်သည့်သက်သေခံလက်မှတ်အတွက် သတ်မှတ်သည့်အခကြေးငွေကို ပေးဆောင် ရမည်။

ရုပ်ရှင်ကားများအတွက် သက်သေခံလက်မှတ်ထုတ်ပေးရာတွင် လိုက်နာရန် နည်းလမ်း။

၁၁။ ။(၁) ရုပ်ရှင်ကားမှာ၊ သို့တည်းမဟုတ် ရုပ်ရှင်ကားတစိတ်တဒေသမှာ၊ နိုင်ငံလုံခြုံရေး၊ တိုင်းတပါးနှင့် ချစ်ကြည်စွာပေါင်းသင်းဆက်ဆံရေး၊ ပြည်သူ့ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ ဗုဒ္ဓိမြိသိက္ခာ စောင့်စည်းရေးကို ထိခိုက်စေသည်ဟူ၍သော် ၎င်း၊အသရေပျက်စေရာရောက်သည်၊သို့တည်းမဟုတ်တရားရုံးကိုမထီမဲ့မြင် ပြုရာရောက်သည်ဟူ၍သော်၎င်း၊ ပြစ်မှုတခုခု ကျူးလွန်ခြင်းကို လှုံ့ဆော်ပေးတန်ရာသည်ဟူ၍သော်၎င်း၊ အဖွဲ့ကထင်မြင်ယူဆလျှင်၊ ထိုရုပ်ရှင်ကားကိုအများပြည်သူတို့အားပြသရန်၊ သက်သေခံလက်မှတ်ထုတ်မပေးရ။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ရုပ်ရှင်ကားများကိုအများ ပြည်သူတို့အားပြသ ရန်ခွင့်ပြုရာတွင်၊ အဖွဲ့ကလိုက်နာရမည့် မူဝါဒဖော်ပြကာ၊ မိမိသင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များကို ထုတ်ဆင့်နိုင်သည်။

အာဏာလွှဲအပ်ခြင်း။

၁၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့်၊ ဤဥပဒေအရအဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်သော အခွင့်အာဏာ၊ သို့တည်းမဟုတ်စီရင်ပိုင်ခွင့်အာဏာတခုခုကို၊ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့် ကိစ္စများနှင့်စပ်လျဉ်း၍၊ သီးခြားဖေါ်ပြထားသည့်စည်းကမ်းချက်များရှိလျှင်၊ ထိုစည်းကမ်းချက်များအရ၊အဖွဲ့ဥက္ကဋ္ဌကသော်၎င်း၊ အခြားအဖွဲ့ဝင်တဦးဦးကသော်၎င်း၊ သုံးစွဲဆောင်ရွက်ရမည်ဟုညွှန်ကြားနိုင်သည်။ ထိုအမိန့်တွင်သီးခြားဖေါ်ပြထားသည့် ဥက္ကဋ္ဌကသော်၎င်း၊ အခြား အဖွဲ့ဝင်က သော်၎င်း၊ ပြုလုပ်သည့်ကိစ္စ၊သို့တည်းမဟုတ် အရေးယူဆောင်ရွက်ချက်သည်၊ အဖွဲ့ကပြုလုပ်သည့်ကိစ္စ၊ သို့တည်းမဟုတ်အရေးယူ ဆောင်ရွက်ချက်ဖြစ်သည်ဟုမှတ်ယူရမည်။

စစ်ဆေးရေး အတွက် ရုပ်ရှင်ကားများ ပြသရန် ညွှန်ကြား နိုင်သည့် အာဏာ။

၁၃။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ သို့တည်းမဟုတ်အဖွဲ့သည်၊ ဤဥပဒေဖြင့်မိမိအား အပ်နှင်းထားသည့် အာဏာတခုခုကို သုံးစွဲရန် ကိစ္စအလို့ငှါ၊ မည်သည့်ရုပ်ရှင်ကားကိုမဆို၊ မိမိရှေ့တွင်ဖြစ်စေ၊ မိမိက ဤကိစ္စအလို့ငှါ သီးခြားဖေါ်ပြထားသည့်သူတဦးဦးရှေ့တွင်ဖြစ်စေ၊ ပြသစေရန်ဆင့်ဆိုနိုင်သည်။

နိုင်ငံခြားမှ ရုပ်ရှင်ကားများ တင်သွင်းခြင်း။

၁၄။ ။(၁) နိုင်ငံခြားမှ တင်သွင်းသော ရုပ်ရှင်ကားများနှင့် စပ်လျဉ်း၍၊ တင်သွင်းသူသည်၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထိုရုပ်ရှင်ကားများနှင့် စပ်လျဉ်း၍၊ အဖွဲ့မှာ၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆောင်ရွက် ပိုင်ခွင့်အာဏာရှိရမည်။

(၂) မည်သူမဆို၊ နိုင်ငံခြားမှ တင်သွင်းသော ရုပ်ရှင်ကားများကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ အခွင့်အမိန့်မရဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ မြန်မာအသံထွက်ဖြင့် ထပ်မံအသံသွင်း၍သော်၎င်း၊ ထိုရုပ်ရှင်ကားများပေါ်တွင် ထပ်ဆင့် မြန်မာစာတမ်းထိုး၍သော်၎င်း၊ မပြသရ။

(၃) တိုင်းရင်းဖြစ် ရုပ်ရှင်ကားများကို ကြည့်ရှုစစ်ဆေးရာ၌၊ အဖွဲ့သည်၊ အများပြည်သူတို့အား ပြသရန်မသင့်တော်ကြောင်း တွေ့ရှိရသည့် ထိုရုပ်ရှင်ကား အစိတ်အပိုင်းကို၎င်း၊ ထိုအပိုင်းနှင့်သက်ဆိုင်သည့် ရိုက်ကူးဆေးပြီးသား ကော်ပြားကို၎င်း၊ သိမ်းဆည်း၍ ဖျက်ဆီးပစ်ရမည်။

သိမ်းဆည်းပိုင်ခွင့်အာဏာ၊

၁၅။ ။(၁) ဤဥပဒေအရ သက်သေခံလက်မှတ် ထုတ်ပေး မထားသေး ရုပ်ရှင်ကားကို ပြသလျှင်၊ သို့တည်းမဟုတ် ဤဥပဒေပါ အခြား ပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ သို့တည်းမဟုတ် အဖွဲ့က၊ မိမိအားအပ်နှင်းထားသည့် အာဏာတခုခု သုံးစွဲလျက်ချမှတ်သည့်အမိန့်တခုခုကိုဖြစ်စေ၊ ဆန့်ကျင်၍၊ ရုပ်ရှင်ကားကိုပြသလျှင်၊ မည်သည့်ရဲအရာရှိမဆို၊ ဤကိစ္စအလို့ငှါ ပဋ္ဌမတန်း ရာဇဝတ် တရားသူကြီးထုတ်ဆင့်သည့်အမိန့်နှင့်အညီ၊ ထိုရုပ်ရှင်ကားပြသခဲ့သည်ဟူ၍ သော်၎င်း၊ ပြသ

လျက်ရှိသည်ဟူ၍သော်၎င်း၊ ပြသတန်ရာသည်ဟူ၍သော်၎င်း၊ ယုံကြည်ရန်အကြောင်းရှိသော မည်သည့်နေရာသို့မဆို ဝင်ရောက်ရှာဖွေ၍၊ ထိုရုပ်ရှင်ကားကို သိမ်းဆည်းရမည်။

(၂) ဤဥပဒေအရ ရှာဖွေမှုကိစ္စအားလုံးကို၊ ရှာဖွေမှုနှင့် သက်ဆိုင်သည့် ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ရမည်။

နိုင်ငံခြားသံရုံး များ က ရုပ်ရှင်ကားများ တင်သွင်းခြင်း။

၁၆။ ။မည်သည့် နိုင်ငံခြားသံရုံးကမဆို၊ အများပြည်သူတို့အား သော်၎င်း၊ သီးသန့်ပရိသတ်အားသော်၎င်း၊ ပြသရန် တင်သွင်းသော ရုပ်ရှင်ကားများကို၊အဖွဲ့ထံသို့ ကြည့်ရှုစစ်ဆေးရန် တင်ပြရမည်။ အဖွဲ့သည်၊ ထိုသို့ ပြသရန်မသင့်လျော်ဟု ယူဆသော အပိုင်းများကို ဖြတ်တောက်နိုင်သည့်ပြင်၊ ထိုအပိုင်းများကိုလည်း၊ ပြည်ပသို့ ထိုရုပ်ရှင်ကားပြန်မပို့မီ ထိန်းသိမ်းထားရမည်။

သို့ရာတွင် သို့သီးသန့်ပရိသတ်အားပြသရန်တင်သွင်းသည့် ရုပ်ရှင်ကားများကို၊ သက်ဆိုင်ရာ နိုင်ငံခြားသံရုံးဥပစာအတွင်းတွင်သာ ပြသရမည်။

စစ်ဆေးရသည့်အတွက် ပေး ရ မည့် အခ ကြေးငွေ များ။

၁၇။ ။အဖွဲ့အား၊ ရုပ်ရှင်ကားများစစ်ဆေးရသည့်အတွက် ပေးရမည့်အခကြေးငွေများမှာ၊ သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည်၊ စီးပွါးရေးအတွက်မဟုတ်ဘဲ ပညာရေးအတွက်သက်သက် ပြသရန် ရုပ်ရှင်ကားများကို စစ်ဆေးခြင်း၊ သို့တည်းမဟုတ် ထပ်မံစစ်ဆေးခြင်းနှင့်မသက်ဆိုင်စေရ။

ရုပ်ရှင် ဆင်ဆာ ဘုတ်အဖွဲ့ ရံပုံငွေ။

၁၈။ ။အဖွဲ့သည်၊ ရံပုံငွေတခုထားရှိရမည်။ ထိုရံပုံငွေကို၊ '' ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ရံပုံငွေ '' ဟု ခေါ်တွင်စေရမည်။ ထိုရံပုံငွေသို့ အောက်ပါငွေများကိုထည့်သွင်းရမည်။

(က) ဤဥပဒေအရ၊ အဖွဲ့က ရရှိသောငွေအားလုံး။

(ခ) အဖွဲ့က၊ မိမိ၏အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ထံမှ ရရှိသောငွေအားလုံး။

အစိုးရက အဖွဲ့အား ငွေ ထုတ်ပေးခြင်း၊

၁၉။ ။(၁) အဖွဲ့အား၊၎င်း၏အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲ ဆောင်ရွက်နိုင်စေရန်အလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သည်၊ မိမိသင့်သည်ထင်မြင်သည့်ငွေများကို၊ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ အခွန်တော်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ ထုတ်ပေးနိုင်သည်။ ထိုရံပုံငွေထဲမှ၊ ဤဥပဒေပါ ကိစ္စများဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်အားလုံးကို ကျခံရမည်။

(၂) အဖွဲ့သည်၊ လောလောဆယ် အသုံးမလိုသည့်ငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ဘဏ္ဍာတော်ငွေထားရှိရာ ဘဏ်တွင်ထားရှိရမည်။

(၃) အဖွဲ့၏ရုံပုံငွေများကို၊ အဖွဲ့ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဒုတိယ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်။

**အဖွဲ့၏ ရ-သုံးမှန်းခြေငွေစာရင်း။**

၂၀။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် အသီးသီးမကုန်ဆုံးမီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံ၊ သဘောတူညီချက်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါမှန်းခြေငွေစာရင်းကို ပြင်ဆင်သည့်နောက်ထပ်မှန်းခြေ ငွေစာရင်းများကိုလည်း၊ အခါအားလျော်စွာ ထိုနည်းတူတင်သွင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့်မှန်းခြေငွေစာရင်း ထက်ပို၍ မည်သည့် အသုံးစရိတ်ကိုမျှ၊ အဖွဲ့ကမကျခံရ။

**အဖွဲ့၏ငွေစာရင်း ရှင်းတမ်းနှင့် ငွေစာရင်း စစ်ဆေးခြင်း။**

၂၁။ ။(၁) အဖွဲ့သည်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ဆင့်ဆိုသည့်ကာလအပိုင်း အခြားများအတွက်၊ အဖွဲ့၏ငွေစာရင်းရှင်းတမ်းများကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ထံပေးပို့ရမည်။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သောငွေစာရင်းများကို၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏သဘောတူညီချက်ဖြင့်၊စာရင်းစစ်ချုပ်ကပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့်ပုံစံအတိုင်း၊ ထားရှိရမည်။

(၃) အဖွဲ့၏ငွေစာရင်းများကို၊စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံတင်ပြရမည်။သို့ရာတွင်အဖွဲ့သည်၊စာရင်းစစ်ချုပ်၏သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက် ခန့်ထားသောမှတ်ပုံတင်စာရင်းစစ်များအား၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏သဘောတူညီချက်ဖြင့် အဖွဲ့၏ ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း၊ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ ရှင်းတမ်းနှင့် ငွေစာရင်းများကို၊ စစ်ဆေးပြီးသည်နှင့် ကပ်လျက်၊ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့ အဖွဲ့ကတင်ပြရမည်။ ထို့ပြင်ထိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစောင်စီကို၊ အဖွဲ့ရုံးတွင်၊ လူအများကြည့်ရှုစစ်ဆေးနိုင်ရန်ထားရှိရမည်။

(၅) ဤဥပဒေအရ စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့်ကိစ္စတရပ်ရပ်ကိုစာရင်းစစ်ချုပ်က၊ ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ အထူးအမိန့်ဖြင့်ဖြစ်စေ၊အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်ရမည်။ သို့ရာတွင်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊အခြားအကြောင်းတခုခုကြောင့်ဖြစ်စေ၊မိမိအလုပ်ခွင်တွင်မရှိသည့် အခါမှတပါး၊ ဤဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံ၊ မိမိတင်ပြရမည့်အစီရင်ခံစာကို၊ မိမိကိုယ်စားတင်ပြရန်၊လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။

ရုပ်ရှင်ပြသရန် နေရာအတွက် လိုင်စင်ထုတ်ပေးခြင်း။

၂၂။ ။(၁) ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်း ထားသည်မှတပါး မည်သူမျှ ဤဥပဒေအရ လိုင်စင်ထုတ်ပေးထားသည့်နေရာမှလွဲ၍၊ မည်သည့်နေရာတွင်မဆို၊ ရုပ်ရှင် ပြသခြင်းကိုသော်၎င်း၊ အဆိုပါလိုင်စင်ဖြင့် ချမှတ်ထားသည့်စည်းကမ်းချက်များနှင့်ကန့်သတ်ချက်များကိုဆန့်ကျင်၍၊ ရုပ်ရှင်ပြသခြင်းကိုသော်၎င်း၊ မပြုလုပ်ရ။

(၂) ရုပ်ရှင်ပြသရန်နေရာများကို၊ သတ်မှတ်သည့်အမျိုးအစားလိုက် ခွဲခြား၍၊ လိုင်စင်ခသတ်မှတ်ရမည်။ လိုင်စင်ထုတ်ပေးရမည့် နေရာ၏ အမျိုးအစား၊ အလိုက် ပုံစံ၊ ပွဲလာပရိသတ်များ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် စီမံချက်၊ ထိုပြင်ရုပ်ရှင်ကားပြသရန် စက်ကိရိယာ အမျိုးအစားတို့မှာ၊ သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်။

၂၃။ ။ဤဥပဒေအရ လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသည့် (နောက်တွင် ''လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်'' ဟု ရည်ညွှန်းသော) အာဏာပိုင်သည်၊ ရန်ကုန်မြို့မရှိုင်တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနတာဝန်ခံဖြစ်ရမည်။ အခြားခရိုင်တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံက ခန့်ထားသော အရာရှိဖြစ်ရမည်။

လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်၏အာဏာများကိုကန့်သတ်ခြင်း။

၂၄။ ။(၁) လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည်—

(က) ဤဥပဒေအရပြုသည့် နည်းဥပဒေများကို၊ ပိုရင်းအတိုင်း လိုက်နာပြီးဖြစ်သည်ဟူ၍၎င်း၊

(ခ) လိုင်စင် ထုတ်ပေးရမည့်နေရာတွင်၊ ရုပ်ရှင်ပွဲလာပရိသတ်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် လုံလောက်သော ကြိုတင်စီမံချက်များ ပြုလုပ်ထားပြီးဖြစ်သည်ဟူ၍ ၎င်း

ယုံကြည်ကြေနပ်ခြင်းမရှိလျှင်၊ ဤဥပဒေအရ လိုင်စင်ထုတ်မပေးရ။

(၂) မည်သည့်လိုင်စင်တွင်မဆို၊ လိုင်စင်ရသူသည်၊ အဖွဲ့ကအများပြည်သူတို့အား ပြသရန်သင့်တော်ကြောင်း သက်သေခံလက်မှတ်ထုတ်ပေးထားသည့်၊ ထို့ပြင် ရုပ်ရှင်ပြသည့်အခါ၊ အဖွဲ့၏ သတ်မှတ်ထားသည့် တံဆိပ်ကိုပါပြသလျက်၊ အဆိုပါ တံဆိပ်ရိုက်နှိပ်ပေးခဲ့သည့်အခါမှစ၍၊ မည်သို့မျှပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပြုပြင်ခြင်းမရှိသည့် ရုပ်ရှင်ကားမှတပါး၊ အခြားမည်သည့်ရုပ်ရှင်ကားကိုမျှ၊ အဆိုပါနေရာတွင် ပြသခြင်း၊ သို့တည်းမဟုတ် ပြသခွင့်ပေးခြင်း မပြုရဟူသောစည်းကမ်းချက်ကိုထည့်သွင်းရမည်။

(၃) ဤပုဒ်မပါအထက် ပြဋ္ဌာန်းချက် များကို၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ကြီးကြပ်အုပ်ချုပ်မှုကို၎င်း၊ လိုက်နာ၍၊ လိုင်စင်ထုတ်

ပေးသည့်အာဏာပိုင်သည်၊ ဤဥပဒေအရ လိုင်စင်များကို၊ မိမိပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့်ကန့်သတ်ချက်များအရ၊ မိမိသင့်သည်ထင်မြင်သည့်သူတို့အား ထုတ်ပေးနိုင်သည်။

(၄) ဤဥပဒေအရ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်က လိုင်စင်ထုတ်မပေးလိုပါကြောင်းဆိုသောဆုံးဖြတ်ချက်ကြောင့် နစ်နာသူတဦးဦးသည်၊ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံသို့ဖြစ်စေ၊ ဤကိစ္စအလို့ငှါ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သီးခြားဖော်ပြထားသည့် အရာရှိထံသို့ဖြစ်စေ၊ အယူခံဝင်နိုင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ထိုအရာရှိ၊ သက်ဆိုင်ရာရာသည်၊ ထိုအယူခံမှုတွင်မိမိသင့်သည်ထင်မြင်သည့်အမိန့်ကိုချမှတ်နိုင်သည်။

(၅) သိပ္ပံပညာနှင့်ဆိုင်သော ရုပ်ရှင်ကားများ၊ ပညာရေးကိစ္စများအတွက် ရည်ရွယ်သော ရုပ်ရှင်ကားများ၊ သတင်း၊ ကာလပေါ်အဖြစ်အပျက်များနှင့် သက်ဆိုင်သည့်ရုပ်ရှင်ကားများ၊ လူတို့နေထိုင်လုပ်ကိုင်စားသောက်ပုံ သဘာဝအတိုင်းရိုက်ကူးထားသည့်ရုပ်ရှင်ကားများ၊ သို့တည်းမဟုတ် တိုင်းရင်းဖြစ်ရုပ်ရှင်ကားများကို၊ အဆိုပါနေရာကွင်ပြသနိုင်ခွင့် လုံလောက်စွာရရှိနိုင်အောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ရုပ်ရှင်ကား၊ သို့တည်းမဟုတ်ရုပ်ရှင်ကားအမျိုးအစားတခုခုပြသရေးကိုစည်းကျဉ်းသတ်မှတ်ရန်ကိစ္စအလို့ငှါ၊ လိုင်စင်ရသူအများအား၊ သို့တည်းမဟုတ် လိုင်စင်ရသူတဦးဦးအား၊ အခါအားလျော်စွာညွှန်ကြားချက်များထုတ်ဆင့်နိုင်သည်။

တိုင်းရင်းဖြစ်ရုပ်ရှင်ကားများ ပြသရန် အနည်းဆုံးရက်ပေါင်းကို၎င်း၊ ရုပ်ရှင်ပြသရန် နေရာ အတွက် တောင်းခံရမည့်အများဆုံးရာခိုင်နှုန်း ကို၎င်း၊ သတ်မှတ်ခြင်း။

(၆) ပုဒ်မခွဲ (၅) ပါအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ညွှန်ကြားချက်ထုတ်ဆင့်၍—

(က) လိုင်စင်ရသူက၊ တိုင်းရင်းဖြစ် ရုပ်ရှင်ကားများကို၊ အဆိုပါနေရာတွင်၊ တနှစ်အတွင်းအနည်းဆုံးရက်ပေါင်းမည်မျှမည်မျှပြသရမည်၊ သို့တည်းမဟုတ် ပြသခွင့်ပြုရမည်ဟု သတ်မှတ်နိုင်သည်။ သို့တည်းမဟုတ်

(ခ) တိုင်းရင်းဖြစ် ရုပ်ရှင်ကားတခုခုကို၊ အဆိုပါနေရာတွင် ပြသသည့် အတွက်၊ သို့တည်းမဟုတ် ပြသခွင့် ပြုသည့် အတွက်၊ လိုင်စင်ရသူက၊ တခန့်လျှင် တောင်းခံ နိုင်သည့် အများဆုံးနှုန်းကိုသော်၎င်း၊ လိုင်စင်ရသူဟာ နေ့စဉ်ရရှိနိုင်သည့် (ပွဲခွန်မပါ) ဝင်ငွေ စုစုပေါင်း၏ အများဆုံး ရာခိုင်နှုန်းကို သော်၎င်း၊ သတ်မှတ်နိုင်သည်။

(၇) လိုင်စင်ထုတ်ပေးသည့်အာဏာပိုင်သည်၊ ပုဒ်မခွဲ (၅) နှင့် (၆) အရ ညွှန်ကြားချက်များထုတ်ဆင့်လျှင်၊ ထိုညွှန်ကြားချက်များသည်၊ လိုင်စင်ပါစည်းကမ်းချက်များနှင့်ကန့်သတ်ချက်များအပြင်၊ နောက်ထပ် စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များဖြစ်သည်ဟူ၍၎င်း၊ ထိုလိုင်စင်မှာ၊ အဆိုပါနောက်ထပ် စည်းကမ်းချက်များနှင့်ကန့်သတ်ချက်များအရ ထုတ်ပေးသည့် လိုင်စင်ဖြစ်သည်ဟူ၍၎င်း၊ မှတ်ယူရမည်။

**မမြော်လင့်သော အကြောင်းကြောင့်၊ ရုပ်ရှင်ကားပြသခြင်းကိုတားမြစ်ပိတ်ပင်ခြင်း။**

၂၅။ ။အသင်းက အများပြည်သူတို့အား ပြသရန်သက်သေခံလက်မှတ်ထုတ်ပေးပြီးဖြစ်သော ရုပ်ရှင်ကား တခုခုကို ပြသခြင်းကြောင့်၊ မမြော်လင့်သော ရန်းရင်းဆန်ခတ်မှုသော်၎င်း၊ လူမျိုးချင်းသွေးကွဲမှုသော်၎င်း၊ နိုင်ငံလုံခြုံရေးထိခိုက်မှုသော်၎င်း၊ ဖြစ်ပေါ်လာပါက၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ထိုရုပ်ရှင်ကားပြသခြင်းကို တားမြစ်ပိတ်ပင်နိုင်သည်။ ထိုသို့တားမြစ်ပိတ်ပင်ထားသော ရုပ်ရှင်ကားကို၊သက်သေခံလက်မှတ်ထုတ်ပေးမထားသည့် ရုပ်ရှင်ကားအဖြစ် မှတ်ယူရမည်။

**လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်။**

၂၆။ ။(၁) ရန်ကုန်မြို့မခရိုင်တွင်၊ ရုပ်ရှင်ပြသရန်နေရာအတွက် လိုင်စင်လျှောက်လွှာကို၊ သတ်မှတ်သည့်အကြောင်းအရာများ ဖော်ပြလျက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံထံတင်သွင်းရမည်။ ထိုလျှောက်လွှာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားသည့် စစ်ဆေးရေးအဖွဲ့သို့၊ စုံစမ်းစစ်ဆေး၍ အစီရင်ခံရန် လွှဲအပ်ရမည်။ ထိုစစ်ဆေးရေးအဖွဲ့တွင်၊သုံးဦးအောက်မနည်း၊ ငါးဦးထက်မပိုသော အဖွဲ့ဝင်များပါရှိရမည်။ ထိုအဖွဲ့ဝင်များအနက် အချို့မှာ၊ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဝင်များဖြစ်၍၊ အချို့မှာ၊ ပြင်ပမှလိုအပ်သည့်အတိုင်း ထပ်ဖြည့်ထားသည့် ပုဂ္ဂိုလ်များဖြစ်ရမည်။ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည်၊ ထိုစစ်ဆေးရေးအဖွဲ့၏ ထောက်ခံချက်အရ၊လိုင်စင်ထုတ်ပေးရမည်။

(၂) ရန်ကုန်မြို့မခရိုင်မှတပါး၊ အခြားခရိုင်များတွင်၊ ရုပ်ရှင်ပြသရန် နေရာအတွက်လိုင်စင်လျှောက်လွှာကို၊ သတ်မှတ်သည့် အကြောင်းအရာများ ဖော်ပြလျက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန တာဝန်ခံကလိုင်စင်ထုတ်ပေးသည့် အာဏာပိုင်အဖြစ် ခန့်ထားသည့် အရာရှိများထံ တင်သွင်းရမည်။ ထိုလျှောက်လွှာကို၊သက်ဆိုင်ရာ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့၊ စုံစမ်းစစ်ဆေး၍ အစီရင်ခံရန်လွှဲအပ်ရမည်။ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည်၊ ထိုကော်မီတီ၏ ထောက်ခံချက်အရ၊ သတ်မှတ်သည့်အတိုင်း ယာယီလိုင်စင် ထုတ်ပေးနိုင်သည်။

(၃) လိုင်စင်ထုတ်ပေးသည့်အာဏာပိုင်သည်၊ ပုဒ်မခွဲ (၂) အရ ထုတ်ပေးသည့်ယာယီလိုင်စင်နှင့်စပ်လျဉ်း၍၊ အတည်ပြုချက်ရရှိရန်အလို့ငှါ၊ ထိုယာယီလိုင်စင်နှင့် သက်ဆိုင်သည့်အမှုတွဲကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနသို့ပေးပို့ရမည်။

(၄) ဤပုဒ်မအရထုတ်ပေးထားသည့်လိုင်စင်မှာ၊တနှစ်မျှအတည်ဖြစ်ရမည်။ သို့သော်လည်း ထိုလိုင်စင်ကို၊ နှစ်စဉ် အသစ်လဲလှယ်နိုင်သည်။ ထိုသို့ထုတ်ပေးသည့် လိုင်စင်နှင့်အသစ်လဲလှယ်သည့်လိုင်စင်များအတွက် ပေးဆောင်ရမည့်အခကြေးငွေမှာ၊ သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

**ရုပ်ရှင်ပြသရန်နေရာကို၊အဖွဲ့ဝင်တဦးဦး စစ်ဆေးနိုင်ခွင့်။**

၂၇။ ။အဖွဲ့ဝင်တဦးဦးသည်၊ဤဥပဒေအရ လိုင်စင်ထုတ်ပေးထားသောမည်သည့် ရုပ်ရှင်ပြရန်နေရာသို့မဆို၊ အချိန်မရွေးဝင်ရောက်၍၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ ကြည့်ရှုစစ်ဆေးနိုင်သည်။

*နိုင်ငံခြားရုပ်ရှင် တင်သွင်းရေး စိစစ်မှုကော်မီတီ။*

၂၈။ ။(၁) မည်သူမဆို၊ နိုင်ငံခြားမှ ရုပ်ရှင်ကားများကို တင်သွင်းရန်၊ သက်ဆိုင်ရာဌာနသို့ လျှောက်ထားသည့်အခါ၊ ထိုလျှောက်လွှာမိတ္တူမှန်တစောင်ကို၊ နိုင်ငံခြားရုပ်ရှင်တင်သွင်းရေးစိစစ်မှုကော်မီတီထံပေးပို့ရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပြန်ကြားရေးဌာန၊ ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် တပ်မတော်လူမှုဆက်ဆံရေးဌာန တို့မှ၊ သုံးဦးအောက်မနည်း၊ ငါးဦးထက်မပိုသောကိုယ်စားလှယ်များပါဝင်သည့် ''နိုင်ငံခြားရုပ်ရှင်တင်သွင်းရေးစိစစ်မှုကော်မီတီ'' တခုကိုဖွဲ့စည်းရမည်။

(၃) အဆိုပါကော်မီတီ၏အာဏာနှင့် တာဝန်ဝတ်တရားများသည်၊ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

*ရုပ်ရှင်ပြသရန်နေရာကိုမှတ်ပုံတင်ခြင်း။*

၂၉။ ။(၁) ပုဒ်မ ၂၆ အရ လိုင်စင်ထုတ်ပေးထားသည့် ရုပ်ရှင်ပြသရန်နေရာများနှင့်စပ်လျဉ်း၍၊ နိုင်ငံခြားမှလိုအပ်သောပစ္စည်းများတင်သွင်းရေးအတွက် အထောက်အထား မှတ်တမ်းများရရှိရန်အလို့ငှါ၊ ထိုနေရာများကို၊ ရန်ကုန် မြို့မခရိုင်တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန၊ ရုပ်ရှင်နှင့် ပြဇာတ်ဌာနခွဲ၌၎င်း၊ အခြားခရိုင်တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာနတာဝန်ခံကအာဏာလွှဲအပ်ထားသည့်အရာရှိထံ၌၎င်း၊ သတ်မှတ်သည့်နည်းလမ်းအတိုင်းမှတ်ပုံတင်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရမှတ်ပုံတင်သည့်ကိစ္စနှင့်စပ်လျဉ်း၍၊ အဆိုပါရုပ်ရှင်နှင့်ပြဇာတ်ဌာနခွဲ၊ သို့တည်းမဟုတ် အာဏာလွှဲအပ်ထားသည့်အရာရှိ၊ သက်ဆိုင်ရာရာသည်၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း အရေးယူဆောင်ရွက်ရမည်။

*ရုပ်ရှင်လုပ်ငန်းမှတ်ပုံတင်ခြင်း။*

၃၀။ ။ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအတွက်၊ ရုပ်ရှင်လုပ်ငန်းကို၊ ရုပ်ရှင်ကုမ္ပဏီနှင့်ရုပ်ရှင်ထုတ်လုပ်သူဟု နှစ်မျိုးနှစ်စားခွဲခြား၍၊ သတ်မှတ်သည့်နည်းလမ်း အတိုင်း၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဌာန၌မှတ်ပုံတင်နိုင်သည်။ ထိုရုပ်ရှင်ကုမ္ပဏီများကို၊ စက်မှုလက်မှုလုပ်ငန်းအဖြစ် အသိအမှတ်ပြု၍၊ စက်မှုလက်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် တရားဥပဒေများအတိုင်း၊ ထိုကုမ္ပဏီများမှာ၊ အခြားစက်မှုလက်မှုလုပ်ငန်းရှင်များနည်းတူ၊ မိမိတို့လိုအပ်သောစက်ကိရိယာ တန်ဆာပလာများကို တင်သွင်းခွင့်ရရှိစေရမည်။ ထိုရုပ်ရှင်ထုတ်လုပ်သူများအား၊ ရုပ်ရှင်ရိုက်ကူးရန်လိုအပ်သော ကော်ပြားများကို၊ ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ အက်ဥပဒေ အရ ဖွဲ့စည်းထားသည့် နိုင်ငံတော် ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့က၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ထုတ်ပေးနိုင်သည်။

*ရာထူး လစ်လပ်ခြင်း စသည်ကြောင့် ဆောင်ရွက်သည့်မှုခင်းကိစ္စများ မပျက်ပြယ်စေရခြင်း။*

၃၁။ ။အဖွဲ့ကသော်၎င်း၊ အပယူခံအာဏာပိုင်အဖွဲ့ကသော်၎င်း၊ ဆောင်ရွက်သည့်မှုခင်းကိစ္စများသည်၊ ထိုအဖွဲ့ဝင်ရာထူးတခုခုလစ်လပ်သည့်အကြောင်းကြောင့်ဖြစ်စေ၊ ထိုအဖွဲ့ဝင်တဦးဦးအား ခန့်ထားရာတွင် ချို့ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့်ဖြစ်စေ၊ မပျက်ပြယ်စေရ။

၃၂။ ။အဖွဲ့ဝင်နှင့်စစ်ဆေးရေး အဖွဲ့ဝင်အားလုံးသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုနှင့်အညီ ဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော ပြုလုပ်မှုကိုပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း။

၃၃။ ။ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော ကိစ္စတခုခုနှင့် စပ်လျဉ်း၍၊ အဖွဲ့ကိုဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့ဝင် တဦးဦးကိုဖြစ်စေ၊ အဖွဲ့၏ရာထမ်းမှုထမ်းတဦးဦးကိုဖြစ်စေ၊ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်းမပြုရ။

တရားမှုခင်းစွဲဆိုခြင်းကို တားမြစ်ခြင်း။

၃၄။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ရုပ်ရှင်ကားး သို့တည်းမဟုတ် ရုပ်ရှင်ကားအမျိုးအစား တခုခုပြသခြင်းကို သော်၎င်း၊ ရုပ်ရှင်ပြသရန်နေရာတခုခုကိုသော်၎င်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ၊ မိမိသတ်မှတ်လိုက သတ်မှတ်နိုင်သည့် စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များအရ ကင်းလွတ်စေနိုင်သည်။

ကင်းလွတ်ခွင့်။

၃၅။ ။(၁) မည်သူမဆို—

ပြစ်ဒဏ်။

(က) အဖွဲ့က အများပြည်သူတို့အား ပြသရန် သင့်တော်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးထားသည့်၊ ထို့ပြင် ရုပ်ရှင်ပြသည့်အခါအဖွဲ့၏ သတ်မှတ်ထားသည့်တံဆိပ်ကိုပါပြသလျက်၊ အဆိုပါတံဆိပ်ရိုက်နှိပ်ပေးခဲ့သည့်အခါမှစ၍၊ မည်သို့မျှပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ပြုပြင်ခြင်းမရှိသည့် ရုပ်ရှင်ကားမှတပါး၊ အခြား ရုပ်ရှင်ကားတခုခုကို၊ မည်သည့်နေရာတွင်မဆို ပြသလျှင်၊ သို့တည်းမဟုတ် ပြသခွင့်ပြုလျှင်သော်၎င်း၊

(ခ) ရုပ်ရှင်ကားတခုခုကို၊ သက်သေခံလက်မှတ် ထုတ်ပေးပြီးသည့်နောက်၊ တရားဥပဒေနှင့်အညီပေးသည့် အခွင့်အမိန့်မရဘဲ၊ တနည်းနည်းဖြင့် ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် ပြုပြင်လျှင်သော်၎င်း၊ (ထိုအခွင့်အမိန့်ရကြောင်း သက်သေထင်ရှားပြရမည့်တာဝန်မှာ၊ ထိုသူ၏တာဝန်ဖြစ်ရမည်)။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကဖြစ်စေ၊ အဖွဲ့ကဖြစ်စေ၊ ဤဥပဒေဖြင့်၊ သို့တည်းမဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် အပ်နှင်းထားသောအာဏာ၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားတခုခုသုံးစွဲဆောင်ရွက်လျက်ထုတ်ဆင့်သောအမိန့်၊ သို့တည်းမဟုတ် ညွှန်ကြားချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်သော်၎င်း၊

ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည့်ပြင်၊ ထိုပြစ်မှုကို ဆက်လက်ကျူးလွန်ပါက၊ ထိုသို့ဆက်လက်ကျူးလွန်နေစဉ်အတွင်း၊ တရက်လျှင်၊ ကျပ်တထောင်ထိ နောက်ထပ် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

(၂) မည်သူမဆို၊ ရုပ်ရှင်ကား တခုခုနှင့်စပ်လျဉ်း၍၊ ဤပုဒ်မအရပြစ်ဒဏ်ထိုက်သော ပြစ်မှုကျူးလွန်သည့်အတွက်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ပြစ်မှုထင်ရှားစီရင်သည့်တရားရုံးသည်၊ ထိုရုပ်ရှင်ကားကို၊ အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူစေဟု နောက်ထပ်ညွှန်ကြားနိုင်သည်။

**ဥပဒေကို ဆန့်ကျင် သည့် အတွက် ပြစ်ဒဏ်စီရင်ခြင်း။**

၃၆။ ။ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်တခုခုပါ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များကိုဖြစ်စေ၊ ဆန့်ကျင်၍၊ ရုပ်ရှင်ပိုင်ရှင်၊ သို့တည်းမဟုတ် ရုပ်ရှင်ထိန်းသိမ်းသူ တဦးဦးသည်၊ ထိုရုပ်ရှင်ကို အသုံးပြုလျှင်၊ သို့တည်းမဟုတ် အသုံးပြုခွင့်ပေးလျှင်၊ သို့တည်းမဟုတ် နေရာတခုခု ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် လက်ရှိဖြစ်သောသူသည်၊ ထိုနေရာကိုအသုံးပြုခွင့်ပေးလျှင်၊ ကျပ်တထောင်ထိ ငွေဒဏ်စီရင်ခြင်းခံရမည့်ပြင်၊ ထိုပြစ်မှုကိုဆက်လက်ကျူးလွန်ပါက၊ ထိုသို့ဆက်လက်ကျူးလွန်နေစဉ်အတွင်း၊ တရက်လျှင်၊ ကျပ်တထောင်ထိ နောက်ထပ်ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

**လိုင်စင် ရုပ်သိမ်း နိုင်သည့် အာဏာ။**

၃၇။ ။လိုင်စင်ရသူသည်၊ ပုဒ်မ ၃၅၊ သို့တည်းမဟုတ် ပုဒ်မ ၃၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ လိုင်စင်ကို၊ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်က ရုပ်သိမ်းနိုင်သည်။

**နည်းဥပဒေများ ပြုနိုင်သည့် အာဏာ။**

၃၈။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင် ဆောင်ရွက်ရန်ကိစ္စအလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဆိုပါနည်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ပုဒ်မ ၃ (၃) အရ အထူးဆင်ဆာလူကြီးများအား ပေးရမည့် အခကြေးငွေများနှင့် စရိတ်များကိုသတ်မှတ်ရန်ကိစ္စ။

(ခ) ပုဒ်မ ၃ (၄) အရ အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ်တရားများကိုငှင်း၊ အစိုးရအရာရှိဖြစ်သော အဖွဲ့ဝင်များအား ပေးရမည့် စရိတ်နှင့်ဆုငွေများကိုငှင်း၊ အစိုးရအရာရှိ မဟုတ်သော အဖွဲ့ဝင်များအား ပေးရမည့်လစာကိုငှင်း၊ သတ်မှတ်ရန်ကိစ္စ။

(ဂ) ပုဒ်မ ၇ (၁) အရ သက်သေခံလက်မှတ် လျှောက်ထားရာတွင် လိုက်နာရမည့်နည်းလမ်းကိုငှင်း၊ အဖွဲ့က ရုပ်ရှင်ကားများ စစ်ဆေးရာတွင် လိုက်နာရမည့် နည်းလမ်းကိုငှင်း၊ သတ်မှတ်ရန်ကိစ္စ။

(ဃ) ပုဒ်မ ၁၀ (၁) အရ သက်သေခံလက်မှတ်အတွက် ပေးဆောင်ရမည့် အခကြေးငွေကိုင်း၊ ရုပ်ရှင်ကားတွင် ရိုက်နှိပ်ရမည့် တံဆိပ်ကိုင်း၊ ထိုတံဆိပ်ရိုက်နှိပ်ရမည့် နည်းလမ်းကိုင်း၊ ပုဒ်မ ၁၀ (၂) အရ သက်သေခံလက်မှတ် အတည်ဖြစ်ရမည့်ကာလ အပိုင်းအခြားကိုင်း၊ သတ်မှတ်ရန်ကိစ္စ။

(င) ပုဒ်မ ၁၀ (၄) အရ သက်သေခံလက်မှတ် အသစ်လဲလှယ်ရမည့် နည်းလမ်းကိုင်း၊ အသစ် လဲလှယ်သည့်အတွက် ပေးဆောင်ရမည့် အခကြေးငွေကိုင်း၊ သတ်မှတ်ရန်ကိစ္စ။

(စ) ပုဒ်မ ၁၄ (၁) အရ နိုင်ငံခြားမှ ရုပ်ရှင်ကားတင်သွင်းသူများ လိုက်နာရမည့်နည်းလမ်းကိုင်း၊ ထိုရုပ်ရှင်ကားများနှင့်စပ်လျဉ်း၍၊ အဖွဲ့ကဆောင်ရွက်ရမည့် နည်းလမ်းကိုင်း၊ သတ်မှတ်ရန် ကိစ္စ။

(ဆ) ပုဒ်မ ၁၇ အရ အဖွဲ့အား၊ ရုပ်ရှင်ကားများ စစ်ဆေးရသည့် အတွက်ပေးရမည့် အခကြေးငွေများကို သတ်မှတ်ရန်ကိစ္စ။

(ဇ) ပုဒ်မ ၂၂ (၂) အရ၊ ရုပ်ရှင်ပြသရန်နေရာအမျိုးအစား ခွဲခြားခြင်းကိုင်း၊ ထိုနေရာအတွက် ပေးဆောင်ရမည့် လိုင်စင်ခကိုင်း၊ ထိုနေရာ၏ အမျိုးအစားအလိုက် ပုံစံကိုင်း၊ ပွဲလာပရိသတ်များ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စီမံချက်ကိုင်း၊ ရုပ်ရှင်ကားပြသရန် စက်ကိရိယာအမျိုးအစား ကိုင်း၊ သတ်မှတ်ရန်ကိစ္စ။

(ဈ) ပုဒ်မ ၂၆ (၁) နှင့် (၂) အရ လိုင်စင်လျှောက်လွှာတွင် မည်သည့် အကြောင်းအရာများ ဖော်ပြရမည်ကို သတ်မှတ်ရန်ကိစ္စ။

(ည) ပုဒ်မ ၂၆ (၂) အရ ယာယီလိုင်စင်နှင့် စပ်လျဉ်း၍၊ ဆောင်ရွက်ရမည့်ကိစ္စများကိုသတ်မှတ်ရန်ကိစ္စ။

(ဋ) ပုဒ်မ ၂၆ (၄) အရ လိုင်စင်ခ သတ်မှတ်ရန်ကိစ္စ။

(ဌ) ပုဒ်မ ၂၈ (၃) အရ နိုင်ငံခြားရုပ်ရှင်တင်သွင်းရေးစိစစ်မှု ကော်မီတီ၏အာဏာ တာဝန်ဝတ္တရားများကို သတ်မှတ်ရန်ကိစ္စ။

(ဍ) ပုဒ်မ ၂၉ အရ ရုပ်ရှင်ပြသရန် နေရာများမှတ်ပုံတင်ရန်နည်းလမ်းကိုင်း၊ ထိုနေရာများမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍၊ အရေးယူဆောင်ရွက်ရမည့်နည်းလမ်းကိုင်း၊ သတ်မှတ်ရန်ကိစ္စ။

(ဎ) ပုဒ်မ ၃၀ အရ ရုပ်ရှင်လုပ်ငန်း မှတ်ပုံတင်ရန် နည်းလမ်းကိုင်း၊ ရုပ်ရှင်ရိုက်ကူးရန် ကော်ပြားများ ထုတ်ပေးရမည့်နည်းလမ်းကိုင်း၊ သတ်မှတ်ရန်ကိစ္စ။

(ဏ) ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် သတ်မှတ်ရန် လိုအပ်သည့်အခြားကိစ္စများ။

၃၄။ ။(၁) ရုပ်ရှင်ပြပွဲ အက်ဥပဒေ ( The Cinematograph Act ) ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်စေရမည်။

ရုပ်သိမ်းခြင်း။

(၂) ထိုသို့ရုပ်သိမ်းစေကာမူ၊ အဆိုပါ အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့သည်၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့်အဖွဲ့၏ ပဌမအကြိမ်အစည်းအဝေးကျင်းပသည့် နေ့ရက်ထိ၊ မိမိ၏အာဏာနှင့်တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၂၃၊ တရားရုံးဌာန၊ ၁၂-၁၀-၆၂—၁၁၀ + ၁၅၀ + ၂,၃၅၀ + ၂။

# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံငွေရင်းနှီးရေးအက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၉။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ငွေရင်းနှီးရေးအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ငွေရင်းနှီးရေး အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) ကိုပယ်ဖျက်ရမည်။

အထိုး—၁၀ ပြား]
ပ၊မ၊ပ၊စ၊—အမှတ် ၂၀၊ တရားရေးဌာန၊ ၉-၁၁-၆၂—၂,၃၅၀ + ၁ + ၅၀၀—၂။

THE GAMBLING ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 40 OF 1962.]

The Chairman of the Union of Burma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the Gambling Act Amending Law-1962.

(*2*) It shall come into force at once.

2. Section 4 of the Gambling Act *shall be deleted*.

Price,—**10 Pyas.**]
G.U.B.C.P.O.—No. 19, M. of J.A., 7-12-62—2,350+2—II

# THE UNION JUDICIARY ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW No. 41 OF 1962.]

The Chairman of the Revolutionary Council of the Union of Burma makes the following Law:—

1. (*1*) This Law may be called the Union Judiciary Act Amending Law, 1962.

(*2*) It shall be deemed to have come into force on the 1st April 1962.

2. In the Union Judiciary Act, 1948, hereinafter referred to as the said Act, section 5 *shall be repealed*.

3. *For* section 6 of the said Act, the following *shall be substituted* as section 6; namely :—

Appeal by special leave from any Court in any case.

"6. The Chief Court may grant special leave to appeal from any judgement, decree or final order of any Court including a Court constituted by one or two judges of the Chief Court in any civil, criminal or other case.".

4. *For* section 20 of the said Act, the following *shall be substituted* as section 20; namely :—

Appeals to Chief Court from Judges of the Court.

"20. An appeal shall lie to the Chief Court from a decree, or an appealable order under section 104 of the Code of Civil Procedure, of a single Judge of the Chief Court sitting in exercise of its original jurisdiction.".

**Price,—10 pyas]**

G.U.B.C.P.O.—No. 25, Min. of J.A., 6-12-62— 2350+2—II.

# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄၁။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ၌ ပုဒ်မ ၅ ကို ရုပ်သိမ်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၆ အဖြစ် ထည့်သွင်းရမည်။

အခွင့်ထူးအရ၊ မည်သည့်အမှု၌ မဆို၊ အယူခံဝင်ခြင်း။

"၆။ ။တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုတွင် တရားရုံးတရပ်ရပ် (တရားရုံးချုပ် တရားသူကြီးတဦးဖြင့်ဖြစ်စေ၊ နှစ်ဦးဖြင့်ဖြစ်စေ ဖွဲ့စည်းထားသောတရားရုံး အပါအဝင်) ကချမှတ်သော စီရင်ချက်ကို၊ သို့တည်းမဟုတ် ဒီကရီကို၊ သို့တည်းမဟုတ် အပြီးသတ်အမိန့်ကိုအယူခံဝင်ရန်၊ တရားရုံးချုပ်သည်၊ မိမိသဘောအတိုင်းအခွင့်ထူးပေးနိုင်သည်။"

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၀ အဖြစ်ထည့်သွင်းရမည်။

တရားရုံးချုပ် တရားသူကြီးများ၏ဒီကရီ၊ သို့တည်း မဟုတ် အမိန့်ကို၊ တရားရုံးချုပ်၌ အယူခံဝင်ခြင်း။

"၂၀။ ။မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ ချမှတ်လိုက်သည့် တရားရုံးချုပ် တရားသူကြီးတဦး၏ ဒီကရီကို၊ သို့တည်းမဟုတ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ အရ အယူခံဝင်နိုင်သောအမိန့်ကို၊ တရားရုံးချုပ်၌ အယူခံဝင်နိုင်ရမည်။"

အဘိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၂၄၊ တရားရေးဌာန၊ ၂၇-၁၁-၆၂—၂၃၅၀ + ၂—၂။

THE STATE AID TO INDUSTRIES ACT AMENDING LAW, 1962.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 42 OF 1962.]

The Chairman of the Uion of Bnurma Revolutionary Council makes the following Law :—

1. (*1*) This Law may be called the State Aid to Industries Act Amending Law, 1962.

(*2*) It shall come into force at once.

2. In the proviso to sub-section (*1*) of section 15-A of the State Aid to Industries Act hereinafter referred to as the said Act, *for* the words " four thousand " the words "eight thousand" *shall be substituted*.

3. In section 18 of the said Act :—

(*a*) *for* the words "four thousand" in sub-section (*3*) the words " eight thousand " *shall be substituted*; and

(*b*) *for* the words " four thousand " in sub-section (*4*) the words " eight thousand " *shall be substituted.*

4. In section 19 of the said Act, *for* the words " four thousand " the words "eight thousand " *shall be substituted.*

**Price—10 pyas]**

U.G.B.C.P.O.—No. 59, M. of J.A. 18-12 62—23,50—11

# ၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများအလုပ်ရရှိရေးအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများအလုပ်ရရှိရေးအက်ဥပဒေ ပုဒ်မ ၂ တွင်၊ အပိုဒ် (ဂ) အစား၊ အောက်ပါကို၊ အပိုဒ် (ဂ) အဖြစ်ထည့်သွင်းရမည်။

''(ဂ) 'အဖွဲ့' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသော မသန်မစွမ်းဖြစ်လာသူများ လူစဉ်မှီရေးနှင့်အလုပ်ရရှိရေးအဖွဲ့ကို ဆိုလိုသည်။''

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ် ထည့်သွင်းရမည်။

''(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လူမှုဝန်ထမ်းဌာန တာဝန်ခံအပြင်၊ အစိုးရကခန့်ထားသည့် ငါးဦးအောက်မနည်း၊ ဆယ်ဦးထက်မများသော အခြားပုဂ္ဂိုလ်များပါဝင်သည့် မသန်မစွမ်းဖြစ်လာသူများ လူစဉ်မှီရေးနှင့်အလုပ်ရရှိရေးအဖွဲ့ဟု ခေါ်တွင်သောအဖွဲ့တခုကို ဖွဲ့စည်းရမည်။ လူမှုဝန်ထမ်းဌာနတာဝန်ခံသည်၊ အဆိုပါအဖွဲ့၏ဥက္ကဋ္ဌဖြစ်ရမည်။''

အဘိုး—၁၀ ပြား]
ပ၊မ၊ဗ၊စ၊—အမှတ် ၆၂၊ တရားရေးဌာန၊ ၃-၁-၆၃ — ၂၃၅၀ + ၂ — ၂။

# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံနယ်ခြားဒေသ အုပ်ချုပ်ရေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## ပထမ။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံနယ်ခြားဒေသအုပ်ချုပ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် ဒေသများတွင်၊ ယင်းသို့သတ်မှတ်သည့် နေ့ရက်များ၌ စတင်အာဏာတည်ရမည်။ ထို့ပြင်ဤဥပဒေသည်၊ အဆိုပါဒေသတခုခုတွင်အာဏာတည်ခြင်းမှရပ်စဲရမည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆင့်ဆိုနိုင်သည်။ ယင်းသို့အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းအားဖြင့်၊ ဤဥပဒေအာဏာတည်ခြင်းမှ ရပ်စဲသောအခါ၊ ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက်၌ ထိုဒေသတခုခုတွင် ပုဒ်မ ၂၂ အရ၊ အာဏာတည်ခြင်းမှ ရပ်စဲထားသည့် အက်ဥပဒေများပြန်လည် အာဏာတည်ရှိစေရမည့်ပြင်၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ အပိုဒ် (ခ)၊ (ဂ)၊ (ဃ) နှင့် (င) ရှိအက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည်လည်း အကျိုးသက်ရောက်စေရမည်။

၂။ ။ဤဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ''နည်းဥပဒေ'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် ဤဥပဒေစတင် အာဏာတည်သည့်နေ့ရက်၌ နယ်ခြားဒေသအုပ်ချုပ်ရေးနှင့် သက်ဆိုင်သောတည်ဆဲနည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများလည်း ပါဝင်သည်။

(ခ) '' တိုင်း ''၊ '' ခရိုင်''၊ '' ခရိုင်ခွဲ ''၊ ''မြို့နယ် ''၊ '' ကျေးရွာအုပ်စု '' ဆိုသည်မှာ၊ ပုဒ်မ ၄ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက သတ်မှတ်သည့် တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်၊ ကျေးရွာအုပ်စုကိုဆိုလိုသည်။

(ဂ) '' အရာရှိချုပ် '' ဆိုသည်မှာ၊ ပုဒ်မ ၅ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားသော နယ်ခြားဒေသ အုပ်ချုပ်ရေးအရာရှိချုပ်ကိုဆိုလိုသည်။

(ဃ) ''ပြဋ္ဌာန်းသည် '' ဆိုသည်မှာ၊ ဤဥပဒေဖြင့်သော်၎င်း၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများဖြင့်သော်၎င်း၊ ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

## အုပ်ချုပ်ရေး။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နယ်ခြားလုံခြုံမှု၊ အုပ်ချုပ်မှုနှင့် နယ်နိမိတ်ရေးရာကိစ္စအားလုံးကို ကြီးကြပ်အုပ်ချုပ်ဆောင်ရွက်ရန်အတွက် နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့ဟု ခေါ်တွင်စေသည့် အဖွဲ့တခုကိုလိုအပ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းနိုင်သည်။

(၂) နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများသည် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

၄။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေအာဏာတည်သည့်ဒေသများကို၊ နယ်ခြားဒေသအုပ်ချုပ်ရေးနယ်မြေများအဖြစ်၊ တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်နှင့် ကျေးရွာအုပ်စုများ သတ်မှတ်နိုင်သည့်ပြင်၊ ၎င်းတို့ကိုလည်း၊ အခါအားလျော်စွာဖျက်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် ပြင်နိုင်သည်၊ သို့တည်းမဟုတ် ပြောင်းလဲနိုင်သည်။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်ခြားဒေသလုံခြုံမှု၊ အုပ်ချုပ်မှုနှင့်နယ်နိမိတ်ရေးရာကိစ္စတို့ကိုတာဝန်ခံ၍ ဦးစီးကြီးကြပ်ဆောင်ရွက်ရန်အလို့ငှါ၊ နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိချုပ်တဦးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားရမည်။

၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ နယ်ခြားဒေသ အုပ်ချုပ်မှုတွင် အရာရှိချုပ်အားကူညီရန်လိုအပ်သည့် နယ်ခြားဒေသအုပ်ချုပ်မှုဆိုင်ရာ ရာထမ်းမှုထမ်းများကို ခန့်ထားနိုင်သည်။

(၂) ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းထားသောရာထမ်းများသည်၊ အရာရှိချုပ်၏ လက်အောက်ခံဖြစ်၍၊ ၎င်း၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံယူရမည့်ပြင်၊ မိမိတို့အား၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ နည်းဥပဒေများဖြင့် အပ်နှင်းထားသည့် အာဏာများနှင့်တာဝန်ဝတ္တရားများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

၇။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ နိုင်ငံ၏အကျိုးနှင့် သက်ဆိုင်သည်ဟု ထင်မြင်သောကိစ္စများနှင့်စပ်လျဉ်း၍၊အရာရှိချုပ်အား၊ ၎င်း၏တာဝန်ဝတ္တရားများကို၊မည်သို့မည်ပုံဆောင်ရွက်ရမည် ဟု ညွှန်ကြားနိုင်သည်။ ထိုသို့ညွှန်ကြားသည့်အတိုင်း အရာရှိချုပ်ကလိုက်နာဆောင်ရွက်ရမည်။

## အရာရှိချုပ်၏တာဝန်ဝတ္တရားများ။

၈။ ။(၁) အရာရှိချုပ်သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ညွှန်ကြားချက်ကိုလိုက်နာလျက်၊နယ်ခြားဒေသအုပ်ချုပ်ရေးဌာနကို ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် နယ်ခြားဒေသကိစ္စ၊ သို့တည်းမဟုတ် နယ်နိမိတ်ရေးရာ ကိစ္စအတွက် တာဝန်ခံရမည့်ပြင်၊ လိုအပ်သော၊ သို့တည်းမဟုတ်သင့်လျော်သော အခြားလုပ်ငန်းဆောင်တာများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါတာဝန်ဝတ်တရားများတွင်၊ အထူးအားဖြင့်၊ အောက်ပါတို့ပါဝင်ရမည်။

(က) အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ် သတ်မှတ်ခြင်း လုပ်ငန်းများ၊ ၎င်းလုပ်ငန်းများနှင့် စပ်ဆိုင်သည့် နယ်နိမိတ်ရေးရာ မှုခင်းကိစ္စအဝဝတို့ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ နယ်နိမိတ် မျဉ်းကြောင်းတလျောက်တွင်တာဝန်ယူဆောင်ရွက်သွားခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ နယ်ခြားဒေသ စီမံကိန်းများ အထမြောက်အောင်မြင်စေရန်၊သက်ဆိုင်ရာ ပြည်နယ်ဦးစီးအဖွဲ့များနှင့်သော်၎င်း၊ သက်ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ အခြားဌာန အသီးသီးနှင့်သော်၎င်း၊ စိစဉ်ဆက်သွယ်ဆောင်ရွက်ခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံနယ်ခြားဒေသ အတွင်းလိုအပ်သော ဒေသများတွင်၊ စံနစ်တကျ မြို့ပြကျေးရွာများ ပြုပြင်ထူထောင်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြုလုပ်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွါးရေး၊ လူမှုရေးကိစ္စများဆောင်ရွက်ခြင်း။

(ဃ) နယ်ခြားတဘက်ရှိ အိမ်နီးချင်း နိုင်ငံ နယ်ခြားအရာရှိများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးကိစ္စရပ်များတွင် လိုအပ်လျှင် ဆက်သွယ်ခြင်း၊ ဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအား အကြံပေးခြင်း။

(င) နယ်ခြားသတင်းထောက်လှမ်းရေး၊ လူဝင်မှုကြီးကြပ်ရေးဌာနလုပ်ငန်း၊ အကောက်တော်ဌာနလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ဌာန လုပ်ငန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ အခါအားလျော်စွာပြဋ္ဌာန်းသည့် အခြားဌာနလုပ်ငန်းများကိုတာဝန်ခံကြီးကြပ်ဆောင်ရွက်ပေးခြင်း။

(စ) ဘဏ္ဍာတော်နှစ်ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ တနှစ်အတွင်းအရာရှိချုပ်၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်၎င်း၊ လုပ်ငန်းများနှင့်၎င်း၊ စပ်လျဉ်း၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံအစီရင်ခံစာတင်သွင်းခြင်း။

၉။ ။အရာရှိချုပ်သည်၊ မိမိလက်အောက်ရှိ ရာထမ်း မှုထမ်းများကိုအုပ်ချုပ်၍၊ သင့်တော်သည်၊သို့တည်းမဟုတ် လိုအပ်သည်ထင်မြင်သည့်မိမိ၏တာဝန်ဝတ်တရားများကို၊ထိုရာထမ်း မှုထမ်းများအားခွဲဝေပေးအပ်နိုင်သည်။

## တရားစီရင်ရေး။

၁၀။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအာဏာတည်သည့်ဒေသတွင် အောက်ပါအဆင့်အတန်းအတိုင်း ရာဇဝတ်ရုံးများတည်ထောင်နိုင်သည်။

(က) စက်ရှင်တရားရုံးများ။
(ခ) ခရိုင်ရာဇဝတ်တရားသူကြီးရုံးများ။
(ဂ) တွဲဘက်ခရိုင်ရာဇဝတ်တရားသူကြီးရုံးများ။
(ဃ) ပဌမတန်းရာဇဝတ်တရားသူကြီးရုံးများ။
(င) ဒုတိယတန်းရာဇဝတ်တရားသူကြီးရုံးများ။
(စ) တတိယတန်းရာဇဝတ်တရားသူကြီးရုံးများ။

(၂) ပုဒ်မခွဲ (၁) တွင် သီးခြားဖေါ်ပြထားသည့် ရာဇဝတ်တရားရုံး အသီးသီးသည်၊ ထိုသို့သီးခြားဖေါ်ပြထားသော အထက်အောက်အစီအစဉ်အတိုင်း အဆင့်အတန်းရှိစေရမည့်ပြင်၊ ထိုအစီအစဉ်အတိုင်းပင်လက်အောက်ခံလည်းဖြစ်စေရမည်။

၁၁။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤဥပဒေအာဏာတည်သည့်ဒေသအတွင်းတွင် ဖြစ်ပွါးသော ပြစ်မှုတခုခုကိုစစ် ဆေးရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လိုအပ်လျှင် ရာဇဝတ်ခုံရုံးဖွဲ့စည်းနိုင်သည်။

(၂) ရာဇဝတ်ခုံရုံးတွင် နာယကတဦးနှင့်အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်ရမည်။
(၃) ရာဇဝတ်ခုံရုံးသည်၊ မိမိတည်ရှိရာဒေသအလိုက် ပုဒ်မ ၁၅၊ သို့တည်းမဟုတ် ပုဒ်မ ၁၆ အရ သတ်မှတ်သည့်အတိုင်း အမှုကို စစ်ဆေးကြားနာစီရင်ရမည်။
(၄) ရာဇဝတ်ခုံရုံး၏ အဖွဲ့ဝင်အချင်းချင်းသဘောကွဲလွဲသည့်အခါ၊ အဖွဲ့ဝင်များရာ၏ထင်မြင်ယူဆချက်အတိုင်းဆုံးဖြတ်ရမည်။

၁၂။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ လက်အောက်ခံရာဇဝတ်တရားရုံး၏စီရင်ချက်ကို၊အောက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း အယူခံဝင်နိုင်စေရမည်။

(က) တတိယတန်း၊ ဒုတိယတန်း၊ သို့တည်းမဟုတ် ပဌမတန်းရာဇဝတ်တရားသူကြီးရုံး၏စီရင်ချက်ကို၊ တွဲဘက်ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးရုံးတွင် အယူခံဝင်နိုင်စေရမည်။
(ခ) တွဲဘက်ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးရုံး၏ စီရင်ချက်ကို၊ စက်ရှင်တရားသူကြီးရုံးတွင် အယူခံဝင်နိုင်စေရမည်။
(ဂ) စက်ရှင်တရားသူကြီးရုံး၏စီရင်ချက်ကို၊ မြန်မာနိုင်ငံတရားရုံးချုပ်တွင် အယူခံဝင်နိုင်စေရမည်။
(ဃ) ပုဒ်မ ၁၁ ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းထားသည့် ရာဇဝတ်ခုံရုံးက ထောင်ဒဏ် ၇ နှစ်ထက်ပိုသော ပြစ်ဒဏ်ချမှတ်သည့် စီရင်ချက်ကို၊ မြန်မာနိုင်ငံတရားရုံးချုပ်တွင် အယူခံဝင်နိုင်သည်။

(၂) ပုဒ်မ ၁၁ ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းထားသည့်ရာဇဝတ်ခုံရုံးက ထောင်ဒဏ် ၇ နှစ်ထက်မပိုသော ပြစ်ဒဏ်ချမှတ်သည့်စီရင်ချက်သည်၊ အပြီးအပြတ် အတည်ဖြစ်စေရမည်။ ထိုစီရင်ချက်ကို၊အယူခံမဝင်ရ။

၁၃။ ။(၁) ဤဥပဒေအာဏာတည်သည့်ဒေသတွင်၊အောက်ပါအဆင့်အတန်းများအတိုင်းတရားမရုံးများတည်ထောင်နိုင်သည်။

(က) ခရိုင်တရားမရုံး။
(ခ) နယ်ပိုင်တရားမရုံး။
(ဂ) မြို့နယ်တရားမရုံး။

(၂) ပုဒ်မခွဲ(၁)တွင် သီးခြားဖော်ပြထားသည့် တရားမရုံး အသီးသီးသည်၊ ထိုသို့သီးခြားဖော်ပြထားသော အထက်အောက်အစီအစဉ်အတိုင်းအဆင့်အတန်းရှိစေရမည့်ပြင်၊ ထိုအစီအစဉ်အတိုင်းပင် လက်အောက်ခံဖြစ်စေရမည်။

(၃) တရားမရုံးအသီးသီးမှာ၊ အောက်တွင် သီးခြားဖော်ပြထားသော တရားမမှုလမှု၊ သို့တည်းမဟုတ် မူလမှုခင်းကိုကြားနာဆုံးဖြတ်ရန် အာဏာရှိစေရမည်။

(က) ခရိုင်တရားမရုံး .... တန်ဘိုးငွေ ကန့်သတ်ခြင်းမရှိသည့် တရားမမှု၊ သို့တည်းမဟုတ် မူလမှုခင်းများ။
(ခ) နယ်ပိုင်တရားမရုံး .... တန်ဘိုးငွေကျပ် ငါးထောင်ထက်မပို သည့် တရားမမှု၊ သို့တည်းမဟုတ် မူလမှုခင်းများ။
(ဂ) မြို့နယ်တရားမရုံး .... တန်ဘိုးငွေ ကျပ်တထောင်ထက် မပို သည့် တရားမမှု၊ သို့တည်းမဟုတ် မူလမှုခင်းများ။

၁၄။ ။(၁) တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ လက်အောက်ခံတရားမရုံးများ၏ ဒီကရီများနှင့်အမိန့်များကို၊ အောက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်းအယူခံဝင်နိုင်စေရမည်။

(က) တန်ဘိုးငွေကျပ် ၁၀၀ ထက်ပိုသည့်တရားမမှုတွင်၊ မြို့နယ်တရားမရုံးကချမှတ်သည့် ဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကို၊ နယ်ပိုင်တရားမရုံးတွင်အယူခံဝင်နိုင်စေရမည်။
(ခ) တန်ဘိုးငွေကျပ် ၅၀၀ ထက်ပိုသောတရားမအယူခံမှုများနှင့် အခြားတရားမမူလမှုများတွင်၊ နယ်ပိုင်တရားမရုံးကချမှတ်သည့် ဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကို၊ ခရိုင်တရားမရုံးတွင် အယူခံဝင်နိုင်စေရမည်။

(ဂ) တန်ဘိုးငွေ ကျပ် ၅,၀၀၀ထက် ပိုသော တရားမအယူခံမှုများ သို့တည်းမဟုတ် တရားမမူလ အမှုများတွင်၊ ခရိုင်တရားမရုံးက ချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို၊ မြန်မာနိုင်ငံ တရားရုံးချုပ်တွင်အယူခံဝင်နိုင်စေရမည်။

(၂) တန်ဘိုးငွေကျပ် ၁၀၀ ထက်မပိုသောတရားမမှုများတွင် မြို့နယ်တရားမရုံးကချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်သည်၎င်း၊ တန်ဘိုးငွေကျပ် ၅၀၀

ထက်မပိုသောတရားမအယူခံမှုများနှင့် အခြားတရားမမူလမှုများတွင် နယ်ပိုင်တရားမရုံးကချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်သည်၎င်း၊ တန်ဘိုးငွေကျပ် ၅,၀၀၀ ထက်မပိုသောတရားမအယူခံမှုများနှင့်အခြားတရားမမူလမှုများတွင် ခရိုင်တရားမရုံးကချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်သည်၎င်း၊ အပြီးသတ်ဖြစ်စေရမည်။ ထိုအမှုများတွင်အယူခံဝင်နိုင်ခွင့်မရှိစေရ။

၁၅။ ။ပုဒ်မ ၁၀ ပုဒ်မခွဲ (၁) တွင် သီးခြားဖော်ပြထားသည့် ရာဇဝတ်တရားရုံးများသည်၊ ရာဇဝတ်မှုများစီရင်ခြင်းနှင့်စပ်လျဉ်း၍၊ ဤဥပဒေ အာဏာတည်သည့်ဒေသတွင်သီးခြားပါဝင်သောနယ်မြေအသီးသီးနှင့် သက်ဆိုင်သောတည်ဆဲအခြားတရားဥပဒေတခုခု၌ပြဋ္ဌာန်းထားသည့်ကျင့်ထုံးများကိုလိုက်နာရမည့်ပြင်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို့လည်း လိုက်နာနိုင်သမျှလိုက်နာရမည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပါပြဋ္ဌာန်းချက်တခုခုကို မလိုက်နာနိုင်လျှင်၊ မည်သည့်အတွက်မလိုက်နာနိုင်ကြောင်းသက်ဆိုင်ရာအမှုတွဲတွင်ရေးသားဖော်ပြရမည်။

၁၆။ ။ပုဒ်မ ၁၅ တွင်မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ သတ်မှတ်သောဒေသ၌တည်ရှိသော ရာဇဝတ်တရားရုံးများသည်၊ ရာဇဝတ်မှုများ စီရင်ခြင်းနှင့်စပ်လျဉ်း၍၊ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ရာဇဝတ်တရားရုံးများမှာ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ ပုဒ်မခွဲ (၁) တွင် သတ်မှတ်ထားသည့် နည်းလမ်းများအနက်၊ မည်သည့်နည်းလမ်းအရမဆို၊ ရာဇဝတ်ပြစ်မှုများကိုအရေးယူပိုင်ခွင့်အာဏာရှိရမည်။ သို့သော်လည်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၁ ပါ၊ ပြဋ္ဌာန်းချက်များသည်၊ ယင်းသို့ အရေးယူသည့်အမှုတွဲများနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(ခ) စက်ရှင်တရားရုံးများမှာ၊ ပြစ်မှုကျူးလွန်သူအား၊ လက်အောက်ခံရာဇဝတ်တရားသူကြီးရုံးက စတင်စုံစမ်း၍ တင်ပို့ခြင်းမရှိဘဲ၊ တိုက်ရိုက်အရေးယူစစ်ဆေးပိုင်ခွင့်အာဏာရှိရမည်။

(ဂ) ရာဇဝတ်တရားရုံးရှေ့သို့ တရားခံရောက်ရှိလာသောအခါ၊ ပြစ်မှု၏ကြောင်းခြင်းရာတို့ကိုရှင်းလင်းပြီးနောက်၊ တရားခံအား၊ မည့်သည့်အကြောင်းကြောင့်ပြစ်ဒဏ်မပေးသင့်ကြောင်း ထုချေစေရမည်။

(ဃ) တရားခံသည်၊ စွဲဆိုသောပြစ်မှုကျူးလွန်ကြောင်းဝန်ခံလျှင်၊ ၎င်း၏ဝန်ခံချက်ကို ပြည့်စုံအောင်ရေးမှတ်ပြီးနောက်၊ အခြားအကြောင်းတခုခုမရှိလျှင်၊ ရာဇဝတ်တရားရုံးသည်၊ ထိုတရားခံအား၊ သက်ဆိုင်ရာ တရားဥပဒေအရ ပြစ်ဒဏ်စီရင်နိုင်သည်။ ရာဇဝတ်တရားရုံးသည်၊ တရားခံအား ပြစ်ဒဏ်စီရင်နိုင်ရန်အတွက်၊ ပြစ်မှု၏အခြေအနေကို သိရှိနိုင်ရန်အလို့ငှါ၊ သက်သေများကိုလိုအပ်လျှင် ခေါ်ယူစစ်ဆေးပြီးနောက်၊ ပြစ်ဒဏ်စီရင်နိုင်သည်။

(င) အပိုဒ် (ဃ) အရ ပြစ်ဒဏ်မစီရင်သောအခါတွင်ဖြစ်စေ၊ တရားခံက၊ ပြစ်မှုကျူးလွန်ကြောင်း ဝန်မခံသောအခါ၌ဖြစ်စေ၊ ရာဇဝတ်တရားရုံးသည်၊ တရားလိုနှင့် ၎င်း၏သက်သေတို့ကို ကြားနာခြင်း၊ တရားခံအားစစ်ဆေးခြင်း၊ တရားခံ၏သက်သေတို့ကိုကြားနာခြင်းများကိုပြုလုပ်ရမည်။ ထိုသို့စစ်ဆေးရာတွင် အကျဉ်းနည်းဖြင့်ကြားနာစစ်ဆေးလျက်၊ သက်သေအသီးသီး၏ ထွက်ချက်များကို အတိုချုပ်ရေးမှတ်ထားရမည်။

(စ) သက်သေတဦး၏ ထွက်ဆိုချက်မှာ၊ ကြားနာစစ်ဆေးသောအမှုတွင် အရေးပါအရာရောက်လိမ့်မည်မဟုတ်ဟု ရာဇဝတ်တရားရုံးက ကျေနပ်လျှင်၊ ထိုသက်သေကိုဆင့်ခေါ်ခြင်းမပြုဘဲပယ်နိုင်သည်။

(ဆ) တရားမှန်ကန်စွာစစ်ဆေးနိုင်ခြင်းအတွက်မှတပါး၊ အမှုစစ်ဆေးကြားနာစီရင်ခြင်းကို ရွှေ့ဆိုင်းရန်လိုမည်ဟုမထင်မြင်လျှင်၊ ရာဇဝတ်တရားရုံးမှာ၊ မည်သည့်ကိစ္စအတွက်မျှအမှုစစ်ဆေးကြားနာခြင်းကိုရွှေ့ဆိုင်းရန်တာဝန်မရှိစေရ။

(ဇ) အပိုဒ် (င) အရ သက်သေများစစ်ဆေးပြီးသောအခါဖြစ်စေ၊ လိုအပ်သောသက်သေများကို ဆင့်ခေါ်စစ်ဆေးပြီးသောအခါဖြစ်စေ၊ ရာဇဝတ်တရားရုံးသည်၊ တရားခံပြစ်မှုကျူးလွန်ကြောင်းလုံလောက်သောသက်သေခံချက်မရှိဟုကျေနပ်လျှင်၊ တရားခံအား တရားသေလွှတ်ရမည်၊ သို့တည်းမဟုတ် တရားခံပြစ်မှုကျူးလွန်ကြောင်းလုံလောက်သောသက်သေခံချက်ရှိသည်ဟုကျေနပ်လျှင်၊ တရားခံအား၊ သက်ဆိုင်ရာတရားဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၁၇။ ။တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့်၊ အခါအားလျော်စွာ သတ်မှတ်သောဒေသအတွင်းဖြစ်ပွါးသောပြစ်မှုတခုခုအတွက်၊ တဦးတယောက်သောသူအား၊ ရာဇဝတ်တရားရုံးကဖြစ်စေ၊ ပုဒ်မ ၁၁ အရ ဖွဲ့စည်းထားသည့်ရာဇဝတ် ခုံရုံးကဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်သောအခါ၊ အဆိုပါပြစ်မှုတခုခုအတွက် သက်ဆိုင်ရာတရားဥပဒေအရ ပြဋ္ဌာန်းထားသောပြစ်ဒဏ်အစားဖြစ်စေ၊ ထိုပြစ်ဒဏ်နှင့်ပူးတွဲလျက်ဖြစ်စေ၊ ငွေဒဏ်၊ သို့တည်းမဟုတ် ငွေဒဏ်နှင့်လျော်ကြေးပစ္စည်းပေး ဒဏ်ထိုက်သင့်စေနိုင်သည်။

၁၈။ ။ပုဒ်မ ၁၃ ပုဒ်မခွဲ (၁) တွင် သီးခြားဖော်ပြထားသည့် တရားမရုံးများသည်၊ တရားမမှုစီရင်ခြင်းနှင့်စပ်လျဉ်း၍၊ ဤဥပဒေအာဏာ တည်သည့်ဒေသတွင် သီးခြားပါဝင်သော နယ်မြေအသီးသီးနှင့် သက်ဆိုင်သော တည်ဆဲအခြားတရားဥပဒေတခုခု၌ ပြဋ္ဌာန်းထားသည့် ကျင့်ထုံးများကိုလိုက်နာရမည့်ပြင်၊ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာနိုင်သမျှ လိုက်နာရမည်။ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုမလိုက်နာနိုင်လျှင်၊ မည်သည့်အတွက်မလိုက်နာနိုင်ကြောင်း သက်ဆိုင်ရာအမှုတွဲတွင် ရေးသားဖော်ပြရမည်။

၁၉။ ။ပုဒ်မ ၁၈ တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက၊ အမိန့်ကြော်ငြာစာဖြင့်၊ အခါအားလျော်စွာ သတ်မှတ်သောဒေသ၌ တည်ရှိသောတရားမရုံးများသည်၊ တရားမမှုစီရင်ခြင်းနှင့်စပ်လျဉ်း၍၊ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) တရားမမှုဖြစ်ပွါးသောဒေသရှိ၊ သို့တည်းမဟုတ် တရားခံနေထိုင်ရာဒေသရှိ တရားမရုံးတွင် တရားမမှုများစွဲဆိုနိုင်သည်။

(ခ) တရားမရုံးသည်၊ တရားလိုကိုစစ်ဆေးပြီး၊ အောက်ပါကြောင်းခြင်းရာတခုခုကိုတွေ့ရှိလျှင်၊ အဆိုလွှာကိုပလပ်ရမည်။

(၁) လုံလောက်သောအကြောင်းတခုခုမရှိဘဲ၊တရားစွဲဆိုရာအကြောင်းဖြစ်ပေါ်သည့် နေ့ရက်မှ တဆယ့်နှစ်နှစ် ကျော်လွန်ပြီးဖြစ်သော၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းမှုအမွေဆက်ခံခြင်း၊ အမွေခွဲခြင်းကိစ္စများနှင့်စပ်လျဉ်းသည့် တရားမမှုများဖြစ်ခြင်း။

(၂) လုံလောက်သောအကြောင်းတခုခုမရှိဘဲ၊တရားစွဲဆိုရာအကြောင်းဖြစ်ပေါ်သည့်နေ့ရက်မှ သုံးနှစ်ကျော်လွန်ပြီးဖြစ်သော အခြားတရားမမှုများဖြစ်ခြင်း။

(ဂ) အပိုဒ် (ခ) အရအဆိုလွှာကို ပလပ်ခြင်းမပြုလျှင်၊ တရားခံကို ဆင့်ခေါ်ရမည်။

(ဃ) ချိန်းဆိုသောနေ့ရက်တွင်၊ တရားလိုနှင့် တရားခံ မလာရောက်လျှင်၊ သို့တည်းမဟုတ် တရားခံလာရောက်ပြီး၊တရားလိုမလာရောက်လျှင်၊ အဆိုလွှာကိုပလပ်ရမည်။ အကယ်၍ တရားလိုလာရောက်ပြီး၊တရားခံသည်၊ ဆင့်ဆိုချက်ရရှိလျက် လာရောက်ရန် ပျက်ကွက်လျှင်၊ တရားမရုံးသည်၊ အမှုကို တဘက်သတ် စစ်ဆေးစီရင်နိုင်သည်။

(င) တရားလို၊ တရားခံတို့လာရောက်လျှင်၊ အမှု၏ ကြောင်းခြင်းရာအချက်တို့ကို သတ်မှတ်ပြီးနောက်၊ ထိုအချက်များနှင့် စပ်လျဉ်း၍၊ နှစ်ဦးနှစ်ဘက်သက်သေတို့ကို စစ်ဆေးရမည်။ သက်သေထွက်ချက်များကို အတိုချုပ်ရေးမှတ်ထားရမည်။

(စ) တရားမရုံးသည်၊ အမှု၏ ကြောင်းခြင်းရာအချက်များ၊ ဆုံးဖြတ်ချက်များနှင့်အတူဒီကရီ၊ သို့တည်းမဟုတ် အမိန့်ချမှတ်ရမည်။ တရားမရုံးသည်၊စရိတ်နှင့်စပ်လျဉ်း၍၊သင့်လျော်သောအမိန့်ကိုချမှတ်နိုင်သည်။

(ဆ) အပိုဒ် (စ) အရဖြစ်စေ၊ အထက် တရားမရုံး တရုံးက ဖြစ်စေ၊ ချမှတ်သော ဒီကရီကို၊ သို့တည်းမဟုတ် အမိန့်ကို ဇာရီပြုလုပ်ရန် လျှောက်ထားသောအခါ၊ တရားမရုံးသည်၊ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၁) ပစ္စည်းပြန်လည်ရရှိရန် စွဲဆိုသည့်အမှုနှင့် စပ်လျဉ်းသော ဒီကရီဖြစ်လျှင်၊ တရားနိုင်၏ လက်ဝယ်သို့ ပစ္စည်း ရောက်စေရန် ဆောင်ရွက်ရမည်။

(၂) ငွေပြန်ပေးရန် စွဲဆိုသည့်အမှုနှင့် စပ်လျဉ်းသော ဒီကရီဖြစ်လျှင်၊ တရားရှုံး၏ ပစ္စည်းများကို သိမ်းယူလျက်၊ လေလံတင်ရောင်းချ

နိုင်သည်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းထားသော တရားမထောင်တွင်တရားရှုံးအား၊ သုံးလထက်မပိုသည့် ကာလအပိုင်းအခြားအထိချုပ်ထားရန် အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင် တရားရှုံးသည်၊ အမှန်ပင် ဆင်းရဲ၍ ပေးဆပ်ရန် အခြေအနေမရှိကြောင်း ထင်ရှားလျှင်၊ သို့တည်းမဟုတ် အခြားလုံလောက်သောအကြောင်းရှိလျှင်၊တရားမရုံးသည်၊တရားရှုံးအား၊ တရားမထောင်တွင်ချုပ်ထားရန် ငြင်းဆိုနိုင်သည်။ ထို့ပြင်တရားရှုံးသည်၊ လုံလောက်သော အာမခံပေးလျက်၊ ဒီကရီ ကုငွေကို အရစ်ကျပေးဆပ်ရန် ဝန်ခံချက်ပေးလျှင်၊ အရစ်ကျပေးဆပ်နိုင်ရန်အတွက် လိုအပ်သော အစီအစဉ်ပြုလုပ်နိုင်သည်။

(ဇ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ တရားမထောင်ချခြင်းနှင့်စပ်လျဉ်း၍၊ တရားနိုင်ကကျွေးမွေးစရိတ် မည်မျှပေးရမည်၊ ဒီကရီကုငွေအချိုး အလိုက်အချိန်ကာလ မည်မျှတရားမထောင်ချရမည်တို့ကို၊ အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ၊ ဒေသအလိုက်သတ်မှတ်နိုင်သည်။

(ဈ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ တရားမမှုများအတွက်၎င်း၊ လျှောက်လွှာများ အတွက်၎င်း၊ ပေးဆောင်ရမည့် တံဆိပ်တော်ခွန်အပြင်၊ အမှုသည်များကပေးရမည့် သက်သေစရိတ်တို့ကို၊ အခါအားလျော်စွာ ဒေသအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

## အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ။

၂၀။ ။ဤဥပဒေအရဖြစ်စေ၊ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ ဖြစ်စေ၊ ရိုးသားသောသဘောဖြင့် ပြုလုပ်သည့်အတွက်သော်၎င်း၊ ပြုလုပ်ရန်ကြံရွယ်၍ ဆောင်ရွက်သည့်အတွက်သော်၎င်း၊ မည်သူကိုမျှ၊ ရာဇဝတ်မှုစွဲဆိုခြင်း၊ တရားမမှုစွဲဆိုခြင်း၊ အခြားမှုခင်းပြုလုပ်ခြင်းမရှိစေရ။

၂၁။ ။မည်သူကမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ ရိုးသားသောသဘောဖြင့် အရေးယူဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်သည့် မည်သည့်ဆုံးရှုံးနစ်နာမှုအတွက်မျှ၊ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၌ တာဝန်မရှိစေရ။

၂၂။ ။တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေအာဏာတည်သည့်ဒေသများတွင်၊ အာဏာတည်လျက်ရှိသော အက်ဥပဒေတခုလုံးကိုသော်၎င်း၊ တစိတ်တဒေသကိုသော်၎င်း၊ အာဏာတည်ခြင်းမှ ရပ်စဲစေနိုင်သည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ ထိုအမိန့် ကြော်ငြာစာဖြင့်ဖြစ်စေ၊ အခြားအမိန့်ကြော်ငြာစာထုတ်ပြန်၍ဖြစ်စေ၊အဆိုပါဒေသအားလုံး၊ သို့တည်း

မဟုတ် တစိတ်တဲဒေသတွင် အာဏာမတည်သေးသော တရားဥပဒေ အားလုံးသည်၊ သို့တည်းမဟုတ် တခုခုသည်၊ဤဥပဒေအာဏာတည်ရှိနေသမျှ၊ ထိုဒေသများနှင့် သက်ဆိုင်စေရမည်ဟုလည်း ဆင့်ဆိုနိုင်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏အာဏာများ။

၂၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေနှင့်ကိုက်ညီသော နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါအာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊အောက်ပါကိစ္စများအတွက် နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(က) နယ်ခြားဒေသအုပ်ချုပ်ရေးဆိုင်ရာ ရာထမ်းမှုထမ်းများ၏ အာဏာနှင့် တာဝန်ဝတ်တရားများ ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ရာထမ်းမှုထမ်းများစည်းကမ်းသေဝပ်မှု ရရှိရေးကိစ္စ။

(ဂ) ရာထမ်းမှုထမ်းများ လွှဲပြောင်းအမှုထမ်းရွက်စေခြင်းဆိုင်ရာ စည်းမျဉ်းများကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) ရာထမ်းမှုထမ်းများအတွက် ဒေသအလိုက် ရှားပါးစရိတ်ပေးရန်ကိစ္စ။

(င) ရာထမ်းမှုထမ်းများနေထိုင်ရေး၊ လူမှုဖူလုံရေးနှင့် အခြားသက်သာချောင်ချိရေးကိစ္စများ။

(စ) ဤဥပဒေအရ တည်ထောင်သော ရာဇဝတ်ရုံးနှင့် တရားမရုံးများမှ ချမှတ်သောစီရင်ချက်၊ သို့တည်းမဟုတ် အမိန့်များကို အယူခံဝင်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းသတ် ကာလအပိုင်းအခြားသတ်မှတ်ခြင်းကိစ္စ။

(ဆ) တရားမမှုများတွင် တဘက်သတ် ဒီကရီချမှတ်ခြင်းကို ပယ်ဖျက်ရန် လျှောက်ထားရမည့် စည်းကမ်းသတ် ကာလ အပိုင်းအခြားနှင့် လျှောက်ထားရန် နည်းလမ်းသတ်မှတ်ခြင်းကိစ္စ။

(ဇ) ဤဥပဒေအရ ပြဋ္ဌာန်းရန်လိုအပ်သော အခြားကိစ္စများ။

# ၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်း ဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူမှုစည်းမျဉ်းသတ်မှတ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အခါအားလျော်စွာအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်၊ သတ်မှတ်သည့်နေ့ရက်များ၌ စတင်အာဏာတည်ရမည်။

၂။ ။တည်ဆဲအခြား တရားဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အမိန့်ကြော်ငြာစာဖြင့် မည်သူမဆို ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့်နေ့ရက်မှစ၍ သီးခြားဖေါ်ပြသည့်ဒေသတွင် ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူရာ၌ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့် အဆိုပါ ပစ္စည်းတခုခုနှင့်စပ်လျဉ်း၍ သီးခြားဖေါ်ပြသည့် အချိန်အတွယ်ကိရိယာ အလေး တင်း တောင်း အတိုင်းအတာကို အသုံးပြုရမည်ဟု ညွှန်ကြားနိုင်သည်။

၃။ ။မည်သူမဆို အစိုးရပြဋ္ဌာန်းထားသော သီးနှံအမျိုးအစား အလိုက် ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းများဝယ်ယူရာတွင်—

(၁) မမှန်ကန်သော အလေး ချိန်ဖြင့် ဝယ်ယူလျှင် သော်၎င်း၊ သို့တည်းမဟုတ် မမှန်ကန်သော တင်း တောင်း အတိုင်းအတာနှင့်ဝယ်ယူလျှင်သော်၎င်း၊

(၂) မမှန်ကန်သော အချိန်အတွယ်ကိရိယာကိုသော်၎င်း၊ မမှန်ကန်သော တင်း တောင်း အတိုင်းအတာကိုအသုံးပြုလျှင်သော်၎င်း၊

(၃) အစိုးရက ပြဋ္ဌာန်းထားသည့်အတိုင်း၊ အလေးချိန်ဖြင့်ဝယ်ယူရမည့်ပစ္စည်းကို အလေးချိန်ဖြင့် ဝယ်ယူခြင်းမပြုလျှင် သော်၎င်း၊ သို့တည်းမဟုတ် တင်း တောင်း အတိုင်းအတာဖြင့် ဝယ်ယူရမည့်ပစ္စည်းကို တင်း တောင်း အတိုင်းအတာနှင့် ဝယ်ယူခြင်းမပြုလျှင်သော်၎င်း ၃ နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ဒဏ်ငွေအနည်းဆုံး ၃,၀၀၀ ဖြစ်စေ၊ သို့တည်းမဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်ခြင်းခံရမည်။

အဘိုး—၁၀ ပြား]

၄။ ။ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုကို သက်ဆိုင်ရာ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ၏ကြိုတင်ခွင့်ပြုချက်မရဘဲ၊ မည်သည့်တရားရုံးကမျှ အရေးမယူရ။ ထို့ပြင် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး အောက်အဆင့်အတန်းနိမ့်သော မည်သည့်ရာဇဝတ်တရားသူကြီးကမျှ ထိုပြစ်မှုမျိုးကိုမစစ်ဆေးရ။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သူ့ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်လုပ်ငန်းကိုမဆို၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် တခုခုနှင့်သက်ဆိုင်ခြင်းမှ ခြွင်းချက်များဖြင့် ဖြစ်စေ၊ ခြွင်းချက်မပါဘဲဖြစ်စေ ကင်းလွတ်ခွင့်ပေးနိုင်သည်။

၆။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ ဤဥပဒေပါ ကိစ္စများအထမြောက်အောင်ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

ဖမပစ၊—အမှတ် ၆၇၊ တရားရေးဌာန၊ ၁၀-၁-၆၃—၂,၃၅၀ + ၂—၂။

# ၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "သမိုင်းဝင်ပုဂ္ဂိုလ်" ဆိုသည်မှာ၊ မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားကျော်စော၍ နိုင်ငံအတွက် သော်၎င်း၊ အမျိုး၊ဘာသာ၊ သာသနာ၊ စာပေအတွက်မသော်၎င်း အကျိုးပြုဆောင်ရွက်ခဲ့သောမျိုးချစ်ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(ခ) "အထိမ်းအမှတ်မော်ကွန်း" ဆိုသည်မှာ၊ အများပြည်သူတို့နှင့်သက်ဆိုင်သည့် နေရာဌာနများတွင် သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်အဖြစ်တည်ဆောက်ထား သောအဆောက်အဦ၊ ကြေးရုပ်၊ ကျောက်ရုပ်၊ ကျောက်တိုင်၊ သို့တည်းမဟုတ် ဥယျာဉ်ပန်းခြံကိုဆိုလိုသည်။

(ဂ) "ယဉ်ကျေးမှု ကောင်စီ" ဆိုသည်မှာ၊ ၁၉၅၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံယဉ်ကျေးမှုကောင်စီ အက်ဥပဒေ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံယဉ်ကျေးမှုကောင်စီကိုဆိုလိုသည်။

(ဃ) "ဒေသန္တရအာဏာပိုင်" ဆိုသည့် စကားရပ်တွင်၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်းအဖွဲ့၊ မြူနီစီပါယ်အဖွဲ့နှင့် အခြားဒေသန္တရအဖွဲ့များပါဝင်သည်။

(င) "ထိန်းသိမ်းရေးအဖွဲ့" ဆိုသည်မှာ၊ ဤဥပဒေအရ၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို စောင့်ရှောက်ထိန်းသိမ်းရန်အတွက် အမိန့်ကြော်ငြာစာဖြင့် တာဝန်လွှဲအပ်ခြင်းခံရသော ဒေသန္တရအာဏာပိုင်ကိုဆိုလိုသည်။ ထိုစကားရပ်တွင် ယဉ်ကျေးမှုကောင်စီပါဝင်သည်။

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် အများပြည်သူတို့နှင့် သက်ဆိုင်သော သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို တည်ဆောက်

ရန်၎င်း၊ထိုအထိမ်းအမှတ်မော်ကွန်းကို ခိုင်ခံ့ညားထည်ဝါစွာမှမ်းမံစေရန်၎င်း၊ ထိန်းသိမ်း စောင့်ရှောက်ရန်၎င်း၊ ကြီးကြပ်ရန်၎င်း တာဝန်ပေးနိုင်သည့် အာဏာသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၌သာလျှင် တည်ရှိရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အများ ပြည်သူတို့အကျိုးငှါ၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းကို အခါအား လျော်စွာတည်ဆောက်နိုင်သည်။

(၃) သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်း တည်ဆောက် ရန်စရိတ်ငွေကို ယဉ်ကျေးမှုကောင်စီ ရံပုံငွေထဲမှကျခံသုံးစွဲနိုင်သည်။

(၄) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ တည် ဆောက်သည့် သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်မော်ကွန်းကို ထိန်းသိမ်းစောင့် ရှောက်ရန်၊ ခိုင်ခံ့ညား ထည်ဝါစွာ မွမ်းမံရန်အလို့ငှါ၊ ထိုအထိမ်းအမှတ် မော်ကွန်း တည်ရာဒေသနှင့်သက်ဆိုင်သည့် ဒေသန္တရအာဏာပိုင်အား၊ ထိန်းသိမ်းရေးအဖွဲ့ အဖြစ်၌ဥာနဆိုင်ရာ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်လွှဲ အပ်နိုင်သည်။

(၅) ဤပုဒ်မပါပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊နောက်ဆက် တွဲဇယားတွင် ဖေါ်ပြထားသည့် သမိုင်းဝင်ပုဂ္ဂိုလ်အသီးသီး၏ အထိမ်းအမှတ် မော် ကွန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်၊ ရန်ကုန်မြူနီစီပါယ် ကော်ပိုရေးရှင်း အဖွဲ့အား၊ ထိန်းသိမ်းရေးအဖွဲ့အဖြစ် ကျေညာပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၆) ဤပုဒ်မအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာကို—

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ မည်သည့် အခါမဆိုပယ်ဖျက်နိုင်သည်၊ ထို့ပြင်

(ခ) မပယ်ဖျက်သေးလျှင်၊ ယင်းသို့ မပယ်ဖျက်သေးသမျှ ကာလပတ် လုံး၊အဆိုပါအမိန့်ကြော်ငြာစာမှာ၊ ၎င်းတွင်သီးခြားဖေါ်ပြထား သောသမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဖြစ် ကြောင်း၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်သည် ထိန်း သိမ်းရေးအဖွဲ့ဖြစ်ကြောင်း ခိုင်လုံသောသက်သေခံ အထောက် အထားဖြစ်ရမည်။

၄။ ။(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ၏ ခွင့်ပြုချက်မရရှိဘဲ၊ သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်မော်ကွန်းတည်ဆောက်ခြင်း မပြုရ၊ သို့တည်းမဟုတ် တည်ဆောက်ခြင်းမပြုစေရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ သူတပါးဦး တည်ဆောက်ထားသော မည်သည့်သမိုင်းဝင် ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းကိုမဆို၊ သီးခြားဖေါ်ပြထားသည့် ကာလအပိုင်း အခြားအတွင်းရွှေ့ပြောင်းရန်၊ အမိန့်ဖြင့် ညွှန်ကြားနိုင်သည်။ ထိုသူကအဆိုပါအမိန့်ကို လိုက်နာရန် ပြင်းဆိုလျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ ကော်လိတ်တော်အရာရှိ

သည့်အဆိုပါသမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းကို ရွှေ့ပြောင်းစေနိုင်သည်။ ထိုသို့ရွှေ့ပြောင်းရာတွင် ကုန်ကျသည့် စရိတ်ကို၊ ထိုသူကပေးဆောင်ရမည်။

၅။ ။သမိုင်းဝင် ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းနှင့် စပ်လျဉ်းသည့် ထိန်းသိမ်းရေးအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိန်းသိမ်းရေးအဖွဲ့သည်၊ထိုအထိမ်းအမှတ် မော်ကွန်းဆိုင်ရာရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ကျနစွာ ပြင်ဆင်ထားရှိရန်၎င်း၊ အထိမ်း အမှတ်မော်ကွန်း ဥပစာမပျက်မစီးစေရန်၎င်း၊ အထိမ်းအမှတ်မော်ကွန်းဥပစာ၌ မဖွယ်မရာမဖြစ်စေရန်၎င်း၊ ခွင့်မရသောသူများကျော်နင်း ဝင်ရောက်ခြင်းမပြုစေရန်၎င်း၊ တိရစ္ဆာန်များ ဝင်ရောက်လာခြင်းမပြုစေရန်၎င်း လိုအပ်သလို အစေးပူးဆောင်ရွက်နိုင်သည်။

၆။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ဤဥပဒေပါကိစ္စများအလို့ငှါ၊ နည်းဥပဒေများကို ပြုနိုင်သည်။

(၂) အထူးအားဖြင့်၊ ပုဒ်မခွဲ (၁) ပါ အာဏာများ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများသည် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရ တာဝန်လွှဲအပ်သောသမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းနှင့်၎င်း၏ ဥပစာအတွင်းတွင် အနေအထားခင်းကျင်းသတ်မှတ်ခြင်း၊ မွမ်းမံခြင်း၊ ကြည့်ရှုစောင့်ရှောက်စီမံခြင်းကိစ္စ။

(ခ) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရတာဝန်လွှဲအပ်သောသမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းဥပစာအတွင်း အများပြည်သူတို့လာရောက်ကြည့်ရှုနိုင်သောစည်းကမ်းများနှင့် ဥပစာအတွင်းစုရုံးစည်းဝေးပွဲများကျင်းပနိုင်သော စည်းကမ်းချက်များသတ်မှတ်ရေးကိစ္စ။

(ဂ) ထိန်းသိမ်းရေးအဖွဲ့သို့ ပုဒ်မ ၃ အရတာဝန်လွှဲအပ်သောပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ပျက်စီးစေမှု၊ နှောင့်ယှက်မှုတို့ကို တားဆီးခြင်း၊ ဥပစာအတွင်းသို့ ကျူးကျော်ဝင်ရောက်လာမှုကို၊ သို့တည်းမဟုတ် တိရစ္ဆာန်များ ခေါ်ဆောင်လာမှုကို တားဆီးခြင်းကိစ္စ။

(ဃ) သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်း ဥပစာအတွင်းတွင်ညစ်ညမ်းအောင်ပြုမှု၊ မဖွယ်မရာပြုမှု၊ မရိုမသေပြုမှု၊ ထို့ပြင်ဥပစာအတွင်းရှိပစ္စည်းအစရှိသည်တို့ကို မတရားသဖြင့် အသုံးပြုမှုတို့ကို တားဆီးခြင်းကိစ္စ။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ဤပုဒ်မ အရ နည်းဥပဒေများပြုရာတွင်၊ နည်းဥပဒေတခုခုကို ဖေါက်ဖျက်သည့်အတွက် သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟုပြဋ္ဌာန်းနိုင်သည်။

## နောက်ဆက်တွဲဇယား။

[ပုဒ်မ ၃၊ ပုဒ်မခွဲ (၄) နှင့် (၅) ကိုကြည့်ပါ]

### သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ် မော်ကွန်းနှင့် ထိန်းသိမ်းရေးအဖွဲ့စာရင်း။

| အမှတ်စဉ်။ | သမိုင်းဝင်ပုဂ္ဂိုလ်၏အထိမ်းအမှတ်မော်ကွန်း။ | ထိန်းသိမ်းရေးအဖွဲ့။ |
|---|---|---|
| (၁) | မဟာဗန္ဓုလပန်းခြံ၊ ရန်ကုန်မြို့ | ရန်ကုန်မြို့နယ်စီပါယ်ကော်ပိုရေးရှင်းအဖွဲ့။ |
| (၂) | ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့်ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ ရန်ကုန်မြို့။ | ၎င်း |
| (၃) | သခင်မြပန်းခြံ၊ ရန်ကုန်မြို့ .... | ၎င်း |
| (၄) | ဦးဝိစာရကျောက်တိုင်၊ ရန်ကုန်မြို့ | ၎င်း |

ဗ၊မ၊ဗ၊စ၊—အမှတ် ဖ ဂ၊ တရားရေးဌာန၊ ဂ·၂-၆၃—၂,၅ ၅၀ + ၂—၂။

# ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုံတေသန လုပ်ငန်းအဖွဲ့အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၇။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ပါ ဥပဒေ‌ကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေကို ပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေပုဒ်မ ၃ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ် ထည့်သွင်းရမည်။

"(၁) ဤအက်ဥပဒေပါကိစ္စများကို၊ ဆောင်ရွက်ရန် အလို့ငှါ၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့ဟုခေါ်သည့် အဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။ *အဖွဲ့စည်းခြင်း။*

ဥက္ကဋ္ဌ။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်တဦး။

အခြားအဖွဲ့ဝင်များ။

(ခ) စက်မှုလက်မှုဌာနမှ ကိုယ်စားလှယ်တဦး။

(ဂ) အမျိုးသားစီမံကိန်းဌာနမှကိုယ်စားလှယ်တဦး။

(ဃ) စက်မှုလက်မှုညွှန်ကြားရေးဝန်။

(င) စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှကိုယ်စားလှယ်တဦး။

(စ) စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့မှကိုယ်စားလှယ်တဦး။

(ဆ) ရန်ကုန်စက်မှုလက်မှုအတတ်သင်ကျောင်း၊ ကျောင်းအုပ်ကြီး။

(ဇ) ရန်ကုန်တက္ကသိုလ်သိပ္ပံမဟာဌာနမှ ကိုယ်စားလှယ်တဦး။

(ဈ) ကာကွယ်ရေးဌာနမှကိုယ်စားလှယ်တဦး။

(ည) မြန်မာနိုင်ငံ သုတေသနကောင်စီဥက္ကဋ္ဌ။

(ဋ) အမှုဆောင်သုတေသနကော်မီတီဥက္ကဋ္ဌ။

(ဌ) ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တဦး။

(ဍ) မြန်မာနိုင်ငံ စီးပွါးရေးတိုးတက်မှု ကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တဦး။

(ဎ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ပြင်ပမှ ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ် ၃ ဦး။ ''

(ခ) ပုဒ်မခွဲ (၃) ကိုပယ်ဖျက်ရမည်။

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

'' ၄။ ။(၁) ပုဒ်မ ၃ (၁) (က) အရ ခန့်ထားခြင်းခံရသည့် ဥက္ကဋ္ဌ၏ ရာထူး သက်တမ်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

ရာထူးသက်တမ်း။

(၂) ပုဒ်မ ၃ (၁) (ဎ) အရ ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) အရ သတ်မှတ်သည့် ရာထူးသက်တမ်းမှာ ၅ နှစ်ထက်မကျော်လွန်စေရ။

(၄) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများသည်၊ မိမိတို့၏ ရာထူးသက်တမ်းကုန်ဆုံးသော်လည်း၊ ဥက္ကဋ္ဌသစ်နှင့်အဖွဲ့ဝင်လူကြီးသစ်များခန့်ထားသည့်တိုင်အောင် မိမိတို့၏ အာဏာများနှင့်တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည့်ပြင်၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ်ပြန်လည်ခန့်ထားခြင်းကိုလည်းခံနိုင်ရမည်။ ''

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ အစား၊ အောက်ပါကို ပုဒ်မ ၆ အဖြစ်ထည့်သွင်းရမည်။

'' ၆။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆလျှင်၊ မည်သည့်အခါမဆို အဖွဲ့ဝင်လူကြီးအားလုံး၏၊ သို့တည်းမဟုတ် တဦးဦး၏ရာထူးကို ရပ်စဲနိုင်သည်။ ''

အဖွဲ့ဝင်လူကြီးများ၏ ရာထူးကိုရပ်စဲခြင်း။

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၉ အစား၊ အောက်ပါကို ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

အစည်းအဝေးသဘာပတိ။

"၉။ ။ဥက္ကဋ္ဌသည်၊မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ် ဆောင် ရွက် ရ မည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်သည့်အခါ၊ အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်လူကြီးများသည်၊ မိမိတို့အထဲမှအဖွဲ့ဝင် လူကြီး တဦးကို၊ အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရန် တင်မြှောက်ရမည်။"

၆။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ တွင်၊ "ဖွဲ့စည်းရမည်" ဆိုသည့်စကားရပ်အစား၊ "ဖွဲ့စည်းနိုင်သည်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၆ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၆-က အဖြစ်ထည့်သွင်းရမည်။

အဖွဲ့၏ပစ္စည်းနှင့်ကြွေးမြီတာဝန်အစိုးရ၌ တည်ရှိခြင်း။

"၁၆-က။ ။ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြန်မာနိုင်ငံသုတေသန အဖွဲ့ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ဖျက်သိမ်း၍၊ပုဒ်မ ၃ အရမြန်မာနိုင်ငံသုတေသနအဖွဲ့သစ်တခုကိုမဖွဲ့စည်းခဲ့လျှင်၊မြန်မာနိုင်ငံ သုတေသနအဖွဲ့ပိုင် ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးသည်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၌တည်ရှိရမည့်ပြင်၊ မြန်မာနိုင်ငံသုတေသန အဖွဲ့သစ်တခုဖွဲ့စည်းသည့်အချိန်တိုင်အောင်၊မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အာဏာနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။"

၈။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၈ အစား၊ အောက်ပါကို ပုဒ်မ ၁၈ အဖြစ်ထည့်သွင်းရမည်။

မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အတွင်းရေးမှူးနှင့်လက်ထောက် အတွင်းရေးမှူး။

"၁၈။ ။(၁) သုတေသနလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးသည်၊ ရာထူးအလျောက် မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အတွင်းရေးမှူးဖြစ်ရမည်။

(၂) မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ လက်ထောက်အတွင်းရေးမှူးတဦးကိုခန့်ထားရမည်။ လက်ထောက်အတွင်းရေးမှူးသည်၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့က၊မိမိအားလွှဲအပ်သည့်၊မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ်တရားများကို၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ သုံးစွဲဆောင်ရွက်ရမည်။ အတွင်းရေးမှူးနှင့် လက်ထောက်အတွင်းရေးမှူးတို့သည် မြန်မာ

နိုင်ငံသုတေသနအဖွဲ့၏ အစည်းအဝေးအားလုံးသို့ တက်ရောက်ရမည်။ သို့ရာတွင် အတွင်းရေးမှူးနှင့်လက်ထောက်အတွင်းရေးမှူးတို့၌ မဲပေးနိုင်ခွင့်မရှိစေရ။

၉။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၅ အစား၊ အောက်ပါကိုပုဒ်မ ၂၅ အဖြစ် ထည့်သွင်းရမည်။

အဖွဲ့၏အာဏာများ။

"၂၅။ ။(၁) ပုဒ်မ ၂၄ တွင်ဖော်ပြထားသော တာဝန်ဝတ်တရားများပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ သုတေသနအဖွဲ့၌ လုံးဝအာဏာရှိရမည်။ ထို့ပြင်မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများအတွက်သုံးစွဲရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရထံမှထောက်ပံ့ငွေများရယူနိုင်သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကပေးသော ငွေများကိုအခန်း ၆ တွင်သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လုပ်ဆောင်မှုများမှဝင်ငွေရရှိရန်သုံးစွဲခြင်းကိစ္စ။

(ခ) ဤအက်ဥပဒေပါ ကိစ္စများအတွက် ရ-သုံးမှန်းခြေ ငွေစာရင်းများပြုလုပ်ရန်၊ အတည်ပြုရန်၊ အသုံးစရိတ်များကိုခွင့်ပြုရန်၊ ပဋိညာဉ်စာချုပ်များချုပ်ဆိုရန်နှင့် အခြားလိုအပ်သောလုပ်ငန်းဆောင်တာများနှင့်စပ်လျဉ်း၍ စည်းကမ်း ဥပဒေများပြုရန်။

(၂) မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သင့်တော်သည့်မိမိအာဏာနှင့်တာဝန်ဝတ်တရားများကို ဥက္ကဋ္ဌအားသော်၎င်း၊ အုပ်ချုပ်ရေးမှူးအားသော်၎င်း၊ လွှဲအပ်နိုင်သည်။ ဥက္ကဋ္ဌ သည်၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူး သည်၊ ယင်းသို့လွှဲအပ်သည့်အလျောက်၊ ၎င်းကဆောင်ရွက်သည့်ကိစ္စများကို၊ နောက်တကြိမ်ကျင်းပမည့် မြန်မာနိုင်ငံသုတေသနအဖွဲ့ အစည်းအဝေးသို့ အတည်ပြုရန်တင်ပြရမည်။"

၁၀။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၈ အစား၊ အောက်ပါကို ပုဒ်မ ၂၈ အဖြစ်ထည့်သွင်းရမည်။

အစိုးရ၏ထောက်ပံ့ငွေ။

"၂၈။ ။မြန်မာနိုင်ငံသုတေသနအဖွဲ့က၊ ၎င်း၏အာဏာများနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိသင့်သည် ထင်မြင်သည့် ထောက်ပံ့ငွေများကို၊ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်၊ အခွန်တော်ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ မ,တည်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ မြန်မာနိုင်ငံသုတေသနအဖွဲ့သို့ အခါအားလျော်စွာ ထုတ်ပေးနိုင်သည်။"

၁၁။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃၁ တွင်၊ အပိုဒ် (က) ကိုပယ်ဖျက်ရမည်။

၁၂။ ။အဆိုပါအက်ဥပဒေပုဒ်မ ၄၀ အစား၊ အောက်ပါကို ပုဒ်မ ၄၀ အဖြစ်ထည့်သွင်းရမည်။

"၄၀။ ။မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လက်ထောက် အတွင်းရေးမှူး သည်၊ ကော်မီတီ၏ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်၍ ကော်မီတီ အစည်းအဝေးများသို့ တက်ရောက်ရမည်၊ သို့ရာတွင်ငင်း၌မဲပေး နိုင်ခွင့်မရှိစေရ။"

ကော်မီတီ အတွင်းရေးမှူး။

ပ၊မ၊ဗ၊စ၊—အမှတ် ၆၉၊ တရားရေးဌာန၊ ၁၄-၂-၆၃—၂၃၅၀ + ၄—၂။

# ၁၉၆၂ ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၀။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်အဆိုပါဥပဒေဟုရည်ညွှန်းသည့် ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့အက်ဥပဒေ ပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၁) ရှိအပိုဒ် (ဿ) အစား၊ အောက်ပါကို အပိုဒ် (ဿ) အဖြစ်ထည့်သွင်းရမည်။

"(ဿ) ပြည်သူ့ ကျန်းမာရေးကို မြှင့်တင်ပေးမှုအပွက်၎င်း၊ အစိုးရကဖွင့်လှစ်သော တိုင်းရင်းမြန်မာ အခမဲ့ ဆေးကုဌာနများ တိုးတက် ကောင်းမွန်ရေး အတွက် ၎င်း၊ အစိုးရသို့ အကြံဉာဏ်ပေးရန်။"

(ခ) ပုဒ်မခွဲ (၂) ရှိအပိုဒ် (က) နှင့် အပိုဒ် (ဂ) အစား၊ အောက်ပါကိုအပိုဒ် (က) နှင့်အပိုဒ် (ဂ) အဖြစ်ထည့်သွင်းရမည်။

"(က) တိုင်းရင်းမြန်မာဆေးပညာ စာမေးပွဲဆိုင်ရာ ဘာသာရပ်များကို ပြဋ္ဌာန်းခြင်းနှင့် လိုအပ်ပါက ယင်းဘာသာရပ်များ ပြဋ္ဌာန်းရန် အတွက် သင့်တော်သော ပုဂ္ဂိုလ်များကို ခန့်ထားခြင်း။"

"(ဂ) တိုင်းရင်းမြန်မာဆေးပညာ စာမေးပွဲအတွက် မေးခွန်းထုတ်ခြင်း၊ အဖြေအမှတ်ပေးခြင်းနှင့် ယင်းသို့ မေးခွန်းထုတ်ခြင်း၊ အဖြေအမှတ်ပေးခြင်းအတွက် လိုအပ်ပါက သင့်တော်သော ပုဂ္ဂိုလ်များကိုခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်များအားဉာဏ်ပူဇော်ခပေးခြင်း၊ စာမေးပွဲကျင်းပခြင်း၊ စာမေးပွဲ ဖြေဆိုသူတို့ထံမှ အခကြေးငွေကောက်ခံခြင်း။"

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၂ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၂၂-က အဖြစ်ထည့်သွင်းရမည်။

မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းနှင့် မှတ်ပုံအသစ်တင်ပေးရန် အရည်အချင်းသတ်မှတ်ခြင်း။

"၂၂-က။ ။ဤအက်ဥပဒေအခြားနေရာများတွင်မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည်—

(က) တိုင်းရင်းဆေးဆရာများအား မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်နိုင်သည်။

(ခ) မှတ်ပုံအသစ်တင်ရန်အတွက် တိုင်းရင်းဆေးဆရာ၏ အရည်အချင်းကိုသတ်မှတ်နိုင်သည်။"

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၀ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၂၀-က အဖြစ်ထည့်သွင်းရမည်။

တိုင်းရင်းဆေးဆရာအဖွဲ့ဝင်များ၏ အမှုထမ်းရွက်ခြင်းကိုရပ်စဲခြင်း။

"၂၀-က။ ။(၁) ဤအက်ဥပဒေအခြားနေရာများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ တိုင်းရင်းဆေးဆရာအဖွဲ့ဝင် အားလုံး၊ သို့တည်းမဟုတ် တဦးဦး၏အမှုထမ်းရွက်ခြင်းကိုမည်သည့်အခါ မဆိုရပ်စဲနိုင်သည့်ပြင်၊ ယင်းသို့ရပ်စဲခြင်းခံရသော တိုင်းရင်းဆေးဆရာအဖွဲ့ဝင်များ၏ နေရာတွင်၊ အဖွဲ့ဝင်သစ်များကို ခန့်ထားနိုင်သည်။ ထိုသို့အဖွဲ့ဝင်အားလုံး၏ အမှုထမ်းရွက်ခြင်းကို ရပ်စဲခဲ့ပါလျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊အောက်ဖေါ်ပြပါပုဂ္ဂိုလ်ခုနစ်ဦးပါဝင်သည့် တိုင်းရင်းဆေးဆရာအဖွဲ့တခုကို ဖွဲ့စည်းနိုင်သည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ခန့်ရမည့် တိုင်းရင်းဆေးဆရာအဖွဲ့ဥက္ကဋ္ဌ။

(ခ) တိုင်းရင်းမြန်မာဆေးပညာအတတ်ဖြင့် ဆေးကုသည့်အလုပ်ကို လုပ်ကိုင်လာကြသူများအထဲမှ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကရွေးချယ်သည့် ဆေးဆရာ ငါးဦး။

(ဂ) အကျိုးဆောင်အတွင်းရေးမှူးတဦး။

(၂) တိုင်းရင်းဆေးဆရာအဖွဲ့သည်၊ ဤအက်ဥပဒေအရ ပေးအပ်ထားသော အာဏာများနှင့် အပ်နှင်းထားသော တာဝန်အလုပ်ဝတ္တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

(၃) ပုဒ်မ ၉ (၃) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းထားသည့်တိုင်းရင်းဆေးဆရာအဖွဲ့၏ မည်သည့် အစည်းအဝေးတွင်မဆို အဖွဲ့ဝင် လေးဦးတက်ရောက်လျှင်အစည်းအဝေး ထမြောက်စေရမည်။"

ပ၊မ၊ပ၊စ၊ —အမှတ် ၇၁၊ တရားရေးဌာန၊ ၁၇-၂-၆၃ — ၂,၃၅၀ + ၂ — ၂။